## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည်အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၁)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
၂၀၂၆ ခုနှစ်၊ ဧပြီ ၂၉ ရက်၊ ဗုဒ္ဓဟူးနေ့


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတ မစ္စတာ တေရီ အက်စကီဆီလက်စ်စီ ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ မြဝတီ

## ပွင့်ဖြူမြို့နယ်၌ စိုက်ပျိုးရေဖူလုံမှုကြောင့် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ပွင့်ဖြူ ဧပြီ ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်းဧက ၅၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကာ စိုက်ပျိုးရေဖူလုံမှုကြောင့် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နှမ်း ၃၃၇၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး မတ်လက စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၅၇၆၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်။ **စာမျက်နှာ ၁၅ ကော်လံ ၁** ■



**မျိုးဆက်သစ်လူငယ်များနှင့် အနာဂတ်တာဝန်**

စာ - ၁၃ သို့

**နွေရာသီတွင် ရေဓာတ်အပြည့်အဝ ပေးနိုင်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ**

စာ - ၈ သို့

## ထူးခြားသည့်နေ့အပူချိန်များ

၂၈-၄-၂၀၂၆

| | | | | |
|---|---|---|---|---|
| ကျောက်ဆည် | ၄၀ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၀ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ငါးသိုင်းချောင်း | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တောင်ငူ (လေကြောင်းမိုးလေဝသ) | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ဘားအံ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ရန်ကုန် | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

## ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အခမ်းအနား MRTV မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်

နေပြည်တော် ဧပြီ ၂၈

ဆဋ္ဌသင်္ဂါယနာတင် အောင်ပွဲ နှစ်(၇၀) ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးတွင် ဧပြီလ ၃၀ ရက်မှ မေလ ၂ ရက်ထိ ၃ ရက်တိုင်ကျင်းပမည်ဖြစ်ရာ ထိုသို့ ကျင်းပပုံများကို MRTV Parliament Channel မှ နေ့စဉ် တိုက်ရိုက်(Live) ရိုက်ကူး/ထုတ်လွှင့်ပေးမည်ဖြစ်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၃၀ ရက်၊ မနက် ၇ နာရီ မိနစ် ၃၀ မှ စတင်မည်ဖြစ်ရာ MRTV HD ,MRTV Parliament Channel၊ MWD HD၊ MWD Variety. HD၊ Readers' Channel၊ Sky Net Buddha Channel၊ Sky Net Up to Date Channel၊ HTV Sports Channel၊ SNDSY ရွှေနဒီရွှေရည် Channel တို့မှလည်းကောင်း၊ မြန်မာ့အသံ ရေဒီယို၊ **စာမျက်နှာ ၃ ကော်လံ ၃** ▲




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဧပြီ ၂၉ ရက်)

# နှစ်နိုင်ငံပိုမိုချစ်ကြည်ရင်းနှီးမှုဖြင့် ပူးပေါင်းဆောင်ရွက်မည်

မြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ(၄၁)တွင် ပြဋ္ဌာန်းထားသည့် "နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သောနိုင်ငံခြားရေးဝါဒကိုကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကိုရှေးရှုသည်။ နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူများကိုစောင့်ထိန်းသည်။" ဆိုသည့်အတိုင်း ရပ်တည်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့်ကောင်းမွန်မှန်ကန်သင့်မြတ်သော ဆက်ဆံရေးကို အစဉ်တစိုက်ကျင့်သုံးလျက်ရှိသည်။ မြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် နှစ်ပေါင်းများစွာကတည်းက ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးရှိခဲ့သည်မှာ ယနေ့အချိန်အထိတိုင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပခဲ့ပြီး ယခုအခါ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဟူသော မဏ္ဍိုင်ကြီးသုံးရပ် ဖြစ်ပေါ်လာခြင်းနှင့်အတူ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သော ပြည်ထောင်စုအစိုးရက နိုင်ငံတော်ကိုဦးဆောင်မှုပြုနေပြီဖြစ်သည်။ မြန်မာနိုင်ငံကိုတန်ဖိုးထားသော ချစ်ကြည်ရင်းနှီးသော နိုင်ငံ့အကြီးအကဲများက ဦးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းအပေါ် ဝမ်းမြောက်ဝမ်းသာဂုဏ်ပြုကြောင်း သဝဏ်လွှာများလည်းပေးပို့လျက်ရှိကြသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ပြီး နာရီပိုင်းအတွင်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာအား ပထမဦးဆုံးပေးပို့ခဲ့ပြီး အလေးအနက်ထားမှုကိုပြသပေးခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဧပြီလ ၂၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ဧည့်ခံဆောင်တော်၌လက်ခံတွေ့ဆုံသည်။ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးက **" အဆွေတော်အနေဖြင့် မြန်မာနိုင်ငံ၏သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်မှလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ဆုမွန်ကောင်းများတောင်းပေးလိုက်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အဆွေတော်ကို သမ္မတကြီးအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး နာရီပိုင်းအတွင်း ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ခဲ့ခြင်းနှင့် ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ကိုယ်စားလှယ်အဖွဲ့စေလွှတ်တက်ရောက်စေခဲ့ခြင်းမှာ မြန်မာနိုင်ငံနှင့်မြန်မာပြည်သူလူထုတို့အပေါ်၌ မိမိတို့နိုင်ငံအနေဖြင့် အလေးအနက်ထားမှုကို ပြသခြင်းပင်ဖြစ်ပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီးဖြစ်လာမည်ဟုလည်းယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံတော်နှင့်ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝအကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို အရှိန်အဟုန်မြှင့်တင်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအပေါ်ဆက်လက်ရပ်တည်ထောက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း"**ပြောကြားခဲ့သည်။

မြန်မာနှင့်တရုတ်နှစ်နိုင်ငံတို့သည် သံတမန်ဆက်ဆံမှုနှင့်ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ကောင်းမွန်လျက်ရှိပြီး နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏အခြေအနေနှင့်ကိုက်ညီသော ပြည်သူများ၏ထောက်ခံမှုကိုလည်း ရရှိနိုင်သည့်အောင်မြင်မှုလမ်းကြောင်းကိုချီတက်ရန် စွဲစွဲမြဲမြဲထောက်ခံအားပေးလျက်ရှိသည်။ မြန်မာနိုင်ငံ၏ နိုင်ငံတော်အချုပ်အခြာအာဏာနှင့်နယ်မြေလုံခြုံရေး၊ တည်တံ့ခိုင်မြဲရေးကိုလည်း စွဲစွဲမြဲမြဲထောက်ခံအားပေးလျက်ရှိသည်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားရင်ကြားစေ့ရေးနှင့် လူ့ဘောင်အဖွဲ့အစည်းသဟဇာတဖြစ်မှုကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် စွဲစွဲမြဲမြဲထောက်ခံအားပေးလျက်ရှိသည်။

နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး စသည့်ကိစ္စရပ်များတွင် နှစ်ဦးနှစ်ဖက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ မန္တလေးငလျင်ကြီးကြောင့်ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံအနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်နှင့် အာဆီယံအသိုက်အဝန်းတို့အတွင်း ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၏ အရှေ့အလယ်ပိုင်းဒေသတည်ငြိမ်အေးချမ်းရေးအတွက်ပြောကြားထားသည့် အကြံပြုချက်(၄)ချက်အပေါ်တွင်လည်းထောက်ခံလျက်ရှိသည်။ နှစ်နိုင်ငံနယ်စပ်ဒေသကုန်သွယ်မှု၊ စွမ်းအင်နှင့်သတ္တုကဏ္ဍ၊ စိုက်ပျိုးရေးနှင့်နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားမည်ဖြစ်သည်။ နှစ်နိုင်ငံနှင့်နှစ်နိုင်ငံပြည်သူများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာ-တရုတ် နှစ်နိုင်ငံပိုမိုချစ်ကြည်ရင်းနှီးမှုဖြင့်ပူးပေါင်းဆောင်ရွက်မှုပိုမိုအောင်မြင်ပါစေကြောင်း။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေး

ကန့်ဘလူ ဧပြီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မြေထူးကျေးရွာ ရွှေဂူမြင့်စေတီတော်ဓမ္မာရုံ၌ ဧပြီလ ၂၇ ရက် နံနက်ပိုင်းတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က ကျေးရွာပြည်သူများ၏အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံပြီး ဝင်ငွေတိုးပွားရေးအတွက် ဒေသထွက်ကုန်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ သီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ခရိုင်မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် အသိပညာပေးဆွေးနွေးကြသည်။

ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာကြသူများက လျှပ်စစ်မီးရရှိရေး၊ ကျန်းမာရေးဆရာမရရှိရေး၊ ကျောင်းဆောင်အမိုးပြုပြင်နိုင်ရေး၊ ကွန်ကရစ်လမ်းရေရှည်ထိန်းသိမ်းနိုင်ရေးအတွက် လှည်းလမ်းရရှိရေး၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များရရှိရေး၊ စနစ်ကျလယ်ယာမြေဖော်ထုတ်ပေးနိုင်ရေး၊ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပေးနိုင်ရေးတို့အတွက် အသီးသီးရှင်းလင်းတင်ပြကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တောက္ကရုပ်ကျေးရွာ အရှေ့ကျောင်းဘုန်းတော်ကြီးကျောင်း၌ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဒေသခံတောင်သူများအား နေကြာကို သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရေး နေကြာမျိုးစေ့များပေးအပ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

ခေတ်စင် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူးအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၈

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၃) ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံအကြား ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာပါ အချက်များအား ဆက်လက် အကောင်အထည်ဖော်ဆောင်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရေး၊ နှစ်နိုင်ငံ အပြန်အလှန်ခရီးသွားလာမှု တိုးမြှင့်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရေးအတွက် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘာသာရပ်တာဝန်ခံများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဌာနခွဲများမှ ဘာသာရပ်တာဝန်ခံများက မိမိတို့ဌာနအလိုက် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ၊ ပုဂ္ဂလိက ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ကြရေး၊ နိုင်ငံ့ဝန်ထမ်းများပီသစွာ ပြည်သူလူထုနှင့် တိုင်းပြည်အကျိုးဘက်ညီမျှတစွာ ကြိုးပမ်းဆောင်ရွက်ကြရေး၊ ခေတ်ကာလနှင့်အညီ နည်းပညာများကိုပေါင်းစပ်အသုံးပြု၍ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန် အလေးထားဆောင်ရွက်သွားကြရေး၊ ပြည်ပခရီးသွား ပိုမိုဝင်ရောက်လာရေးအတွက် ရည်မှန်းချက်ထား မျှော်မှန်းဆောင်ရွက်ကြရေး၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်အား နိုင်ငံတကာမှသိရှိအောင် မြှင့်တင်ကြိုးစားဆောင်ရွက်ကြရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာပညာရပ်များ တိုးတက်ထွန်းကားစေ၍ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူသားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး၊ အားလုံးပါဝင်သော ခရီးသွားလုပ်ငန်း ဖြစ်ပေါ်လာစေရေးတို့ကို တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ဝါးခယ်မမြို့နယ် မြို့မဈေး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ဝါးခယ်မ ဧပြီ ၂၈

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ဈေးရပ်ကွက် မြို့မဈေး၌ ယမန်နေ့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှိုင်ဝင်းဟန်က မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြှိမ်းသတ်ယာဉ်များဖြင့် မီးငြှိမ်းသတ်ခြင်းကို သရုပ်ပြဆောင်ရွက်သည်။

သရုပ်ပြပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဈေးသူဈေးသားများ တက်ရောက်ကြကြောင်း သိရသည်။

လွှမ်းသီဟ(ပြန်/ဆက်)

▲ **ရှေ့ဖုံးမှအဆက်**

ရွှေ FM၊ ပတ္တမြား FM၊ ပဉ္စဝတီ FM၊ မန္တလေး FM၊ ချယ်ရီ FM၊ FM ပုဂံ၊ သဇင် FM၊ Star FM တို့မှလည်းကောင်း တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV Website၊ MRTV APPနှင့် Online တို့မှလည်း Live Streaming ထုတ်လွှင့်မည်ဖြစ်သည်။

ထို့ပြင် ဧပြီလ ၃၀ ရက် ညပိုင်းတွင် ကျင်းပပြုလုပ်မည့် ဓမ္မသဘင်အခမ်းအနားအား MRTV HD Channel မှလည်း ည(၈) နာရီ သတင်းအပြီးတွင် Delay ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်

နေပြည်တော် ဧပြီ ၂၈

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# ပေါင်မြို့နယ်အနီးဝန်းကျင်ကျေးရွာများရှိ ရွှေဖရုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ပေါင် ဧပြီ ၂၈

မွန်ပြည်နယ် ပေါင်မြို့နယ် အနီးဝန်းကျင်ကျေးရွာများရှိရွှေဖရုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း သိရသည်။



ပေါင်မြို့နယ်၌ မိုးစပါးများ ရိတ်သိမ်းပြီးချိန် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလမှစ၍ ပန်းဂေါ်ဖီ၊ ဖူးစားပြောင်း၊ ပဲတောင့်ရှည်၊ ခရမ်းသီး၊ မုန်လာဥဖြူ၊ ကြက်ဟင်းခါးသီး၊ ဟင်းနုနယ်၊ ကျောက်ဖရုံသီး၊ ရွှေဖရုံသီး စသည့်ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် မြေတစ်နေရာတည်း၌ သီးနှံတစ်မျိုးတည်း ဆက်တိုက်စိုက်ပျိုးပါက ပိုးမွှားရောဂါကျရောက်နိုင်သဖြင့် သီးနှံများကို အလှည့်ကျစိုက်ပျိုးကြကြောင်း၊ ရွှေဖရုံပင်များကို စိုက်ပျိုးရာတွင် စိုက်ခင်းများထဲ၌ ရေမဝပ်စေရန် အထူးဂရုပြုရပြီး အပင်မစိုက်မီ ထယ်ထိုး၍ မြေပြုပြင်ခြင်းနှင့် သဘာဝမြေဩဇာများ စနစ်တကျထည့်သွင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ရကြောင်း၊ အပင်များကို များသောအားဖြင့် မြေပေါ်တွင် လျှောက်သွားစနစ်ဖြင့် စိုက်ပျိုးကြပြီး ရက် ၁၀၀ ခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်နိုင်ကြောင်း သိရသည်။

ရွှေဖရုံသီးများကို မြို့ပေါ်ဈေးများအပြင် တခြားဒေသများမှ ကုန်သည်များကလည်း လာရောက်ဝယ်ယူကြကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

မြဝတီ ကာတွန်း



# ကမ္ဗဖလ

တင့်တယ်

**ယမန်နေ့မှအဆက်**

သက်သေထွက်ချက်တို့ကား နည်းနည်းလေးမျှပင် မလှုပ်သာအောင် ကျွန်ုပ်အား လူသတ်သမားအစစ်ဖြစ်ကြောင်းကို အထောက်အထား ပြနေကြ၏။ ထို့ကြောင့် တော်တည့်မှန်ကန်လှသော တရားဥာနမှာ ကျွန်ုပ်အား သေဒဏ်မှလွဲ၍ အခြားအပြစ်ဒဏ်ပေးစရာလမ်း လုံးဝမရှိခဲ့ပေ။ အယူခံရာ၌လည်းကောင်း၊ အသနားခံစာတင်ရာ၌လည်းကောင်း သေဒဏ်ထက် လျှော့၍ပေးလျှင် အဂတိလိုက်စားရာသို့ ရောက်သည်ဟု နိုင်ငံက ထင်မြင်မည်မှာမလွဲသောကြောင့် တရားလွှတ်တော်ချုပ်နှင့် အစိုးရအဖွဲ့ကလည်း ကျွန်ုပ်အား သေဒဏ်မှ အခြားအပြစ်ဒဏ်ကို ပြောင်းလွှဲပေးရန် အလွန်ခက်ခဲပေမည်။ ထို့ကြောင့် ကျွန်ုပ်မှာ ကြိုးစင်သို့သွားရန် လမ်းကြီးဖြောင့်နေ၏။ ငွေနှင့်အာဏာတို့၏ အထောက်အကူမှာ တစ်ဖက်ကကောင်းသော်လည်း တစ်ဖက်ကမူ ကျွန်ုပ်အား အပြစ်ဒဏ်မလျှော့နိုင်အောင် သက်ဆိုင်ရာတရားအာဏာပိုင်တို့အား တုပ်နှောင်ထားချေသည်။

ထို့ကြောင့် ကျွန်ုပ်မှာ ကြိုးစင်၌ ကြိုးပေးခံရတော့မည်မှာကား သေချာ၏။ အနေးနှင့်အမြန်သာဖြစ်၏။ ဤသို့ ကြိုးဒဏ်ကို ဧကန်မလွဲခံရတော့မည်ဟု တိတိကျကျစဉ်းစားလိုက်မိသောအခါ ကျွန်ုပ်မှာ ရယ်မိပြန်လေသည်။ မရယ်မိဘဲ မနေနိုင်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ဆန်စက်ပိုင်ရှင် ဦးစိန်မောင်အား တကယ်ပင်မသတ်ခဲ့ပေ။

ဦးစိန်မောင်ကို မသတ်ပါဘဲနှင့် သက်သေအထောက်အထား ခိုင်လုံသောကြောင့် ကျွန်ုပ် ကြိုးဒဏ်ခံရဖို့ သေချာနေသည်ကို ကျွန်ုပ်၏အဖို့၌ ရယ်စရာမဟုတ် ငိုစရာကြီးသာဖြစ်၍နေသည်ဟု အများကပင် ဆိုကြပေလိမ့်မည်။ အပေါ်ယံကြောကကြည့်လျှင်မူ အများယူဆသည့်အတိုင်း မှန်လှပေသည်။ သို့သော် ကျွန်ုပ်၏အတွင်းရေးများကို သိကြပါလျှင်မူကား ဦးစိန်မောင်ကို ကျွန်ုပ် မသတ်ရပါဘဲလျက် အခြောက်တိုက်တရားခံဖြစ်ကာ ကျွန်ုပ် ကြိုးစင်၌ သေစားသေရတော့မည့်အရေးမှာ ကျွန်ုပ်၏နည်းတူ ရယ်စရာအလွန်ကောင်း၍နေသည်ကို တွေ့မြင်ကြရမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော်...

ဦးစိန်မောင်အား ကျွန်ုပ်မသတ်ခဲ့။ သို့သော် ကျွန်ုပ်သည် အခြားလူခုနစ်ယောက်တို့၏အသက်များကို ခုနစ်နေ့ ခုနစ်နံစေ့အောင်ပင် သတ်ဖြတ်ခဲ့ဖူးသူဖြစ်၏။ ထိုလူခုနစ်ယောက်တို့၏အသက်များကို သတ်ဖြတ်ရာ၌ ကျွန်ုပ်သည် စစ်သားအဖြစ်၊ ဓားပြအဖြစ်မျိုးတို့ဖြင့် ရှူးခနဲ ဒိုင်းခနဲ သွေးဆူနေခိုက်တွင် သတ်ဖြတ်ခဲ့ခြင်းလည်းမဟုတ်၊ မိမိ၏အသက်ကိုကာကွယ်ရန် သတ်ခဲ့ခြင်းလည်းမဟုတ်။ သွေးအေးအေး၊ ခေါင်းအေးအေးနှင့် လေးလေးမှန်မှန်ဆင်ကြံကြံ၍ ဉာဏ်နီရှိသမျှ အစွမ်းကုန်ထုတ်၍ အကြံအခွင့်ယူကာ ကြိုတင်၍ အသေးစိတ်စီစဉ်ပြီးမှ မသေသေအောင် သတ်ဖြတ်ခဲ့ခြင်းဖြစ်၏။ ကျွန်ုပ်၏လက်ချက်ဖြင့် အသက်ခုနစ်ချောင်း လုံးဝပျက်ပြုန်းကြရ၏။ သို့သော် ထိုလူခုနစ်ယောက်တို့အား ကျွန်ုပ် ကျနပိရိစွာ သတ်ဖြတ်ခဲ့ရာတွင် ကျွန်ုပ်မှာ ယခုကဲ့သို့ အခြောက်

"ဦးစိန်မောင်ကို မသတ်ပါဘဲနှင့် သက်သေအထောက်အထားခိုင်လုံသောကြောင့် ကျွန်ုပ် ကြိုးဒဏ်ခံရဖို့ သေချာနေသည်ကို ကျွန်ုပ်၏အဖို့၌ ရယ်စရာမဟုတ် ငိုစရာကြီးသာဖြစ်၍နေသည်ဟု အများကပင် ဆိုကြပေလိမ့်မည်။ အပေါ်ယံကြောကကြည့်လျှင်မူ အများယူဆသည့်အတိုင်း မှန်လှပေသည်။ သို့သော် ကျွန်ုပ်၏အတွင်းရေးများကို သိကြပါလျှင်မူကား ဦးစိန်မောင်ကို ကျွန်ုပ် မသတ်ရပါဘဲလျက် အခြောက်တိုက်တရားခံဖြစ်ကာ ကျွန်ုပ်ကြိုးစင်၌ သေစားသေရတော့မည့်အရေးမှာ ကျွန်ုပ်၏နည်းတူ ရယ်စရာအလွန်ကောင်း၍နေသည်ကို တွေ့မြင်ကြရမည်ဖြစ်၏ . . ."

တိုက်ကြိုးဒဏ်ခံရဖို့ကို ထားတော့၊ ကျွန်ုပ်အား သင်္ကာယနမကင်းခြင်းခံရသည့်အဖြစ်မျိုးသို့ပင် မရောက်ခဲ့၊ သင်္ကာယနမကင်းခြင်းခံရသည့်အဖြစ်မျိုးကို ထားဦးတော့...ယနမကင်းဖြစ်ပေါ်စေမည့်လမ်းပင်မရှိခဲ့။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သတ်ခဲ့သော လူခုနစ်ယောက်တို့ အသတ်ခံရသည်ကို ပုလိပ်ဘက်မှ လူသတ်မှုဟူ၍ပင် လုံးဝမသိခဲ့ကြ။ သူတစ်ပါး၏ပယောဂမပါဘဲ သေဆုံးကြသည်ဟုသာ ယူဆကြသဖြင့် (လူသတ်မှု) ဟူသော စကားလုံးကိုပင် တစ်ခါမျှမကြားခဲ့ရပေ။ လူသတ်မှုမရှိပါက အသို့လျှင် သင်္ကာယနမကင်းသောကိစ္စပေါ် နိုင်ပါဦးမည်နည်း။ ထို့ကြောင့် ပုလိပ်ဘက်မှ လူသတ်မှုဟူ၍ပင် လုံးဝမယူဆဘဲ နေကြလောက်အောင် ပိပိရိရိ သေသေသပ်သပ်ဖြင့် လူခုနစ်ယောက်တို့၏ အသက်ဇီဝိန်ကို ခြွေနိုင်ခဲ့သူကျွန်ုပ်မှာ ကျွန်ုပ် တကယ်ပင်မသတ်သော ဆန်စက်ပိုင်ရှင် ဦးစိန်မောင်သေရသည့်အမှုကျခါမှ ဘာမျှမဆိုင်ဘဲ အခြောက်တိုက် တရားခံဖြစ်ကာ ကြိုးဒဏ်ကြီးကို မလွှတ်တမ်းခံယူရတော့မည့်အခြေသို့ ရောက်နေရသည်မှာ ရယ်စရာမကောင်းလှပါလော။

ထို့ကြောင့် လောက၏ ရယ်စရာကောင်းပုံ၊ ကံကြမ္မာ၏ ရယ်စရာကောင်းလှပုံတို့ကို တွေးမိတိုင်း ကျွန်ုပ်ရယ်မိ၏။ ကျွန်ုပ်ရယ်မိသည်ကို အားလုံးကပင် ကျွန်ုပ် ရူးလေပြီဟု ထင်ကြ၏။ စင်စစ်၌ကား ကျွန်ုပ်မရူး၊ လောကကြီးသာရူး၏။ ကံကြမ္မာသာလျှင်ရူး၏။ ထိုအကြောင်းများကို ထင်ရှားစိမ့်သောငှာ ကျွန်ုပ်သည် ကြိုးဒဏ်မခံရမီရက်များအတွင်း၌ ကျွန်ုပ်၏ဖြစ်စဉ်ကို ဇာတ်ကြောင်းပြန်၍ မှတ်တမ်းတင်ခဲ့လိုပေသည်။ ကျွန်ုပ်အား ရယ်စရာကောင်းလှသောနည်းဖြင့် ကြိုးစင်သို့ အရောက်ပို့ခဲ့သော လောကနှင့် ကံကြမ္မာတို့ကို ကျွန်ုပ်သည် ဤဖြစ်စဉ်မှတ်တမ်းဖြင့် သေရာက သရော်ခဲ့လိုပေသည်။ ကျွန်ုပ်၏မှတ်တမ်းကို ဖတ်ရသောလူတိုင်းကလည်း လောကနှင့် ကံကြမ္မာတို့၏ ရယ်စရာကောင်းပုံကို ကျွန်ုပ်၏နည်းတူ သရော်ရယ်မောမိကြပေလိမ့်မည်။ ဤသည်ကား ကံကြမ္မာကို ကျွန်ုပ်လက်စားချေခဲ့ခြင်းဖြစ်၏။

သို့သော် တစ်ခုရှိသည်မှာ ကျွန်ုပ်ရေးသားနေသော ဖြစ်စဉ်မှတ်တမ်းသည် လူအများဖတ်ရသောအခြေသို့ရောက်လိုမှ ရောက်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည် ကြိုးစင်တက်ရ၍ လူ့ဘဝမှ ထွက်ခွာသွားရသောအခါတွင် ဤမှတ်တမ်းကို ထောင်အရာရှိတို့နှင့် ပုလိပ်ဘက်က လက်ဦးဖတ်ကြရမည်ဖြစ်ရာ လူထုမသိအောင် လျှို့ဝှက်ကောင်း လျှို့ဝှက်ထားကြပေလိမ့်မည်။ ထို့ကြောင့် ဤဖြစ်စဉ်မှတ်တမ်းသည် လူထုထံသို့ ရောက်ကောင်းမှ ရောက်မည်ဖြစ်၏။ သို့ရာတွင် တစ်ခုစိတ်ချမ်းသာဖွယ်ရှိသည်ကား ဤမှတ်တမ်းကို ဖတ်ရသော အရာရှိတို့ထံမှတစ်ဆင့် တစ်ယောက်စကား တစ်ယောက်နားသို့လွင့်ကာ ကျွန်ုပ်၏ဖြစ်စဉ်ကို တဖြည်းဖြည်း လူအများသိသာသောအခြေသို့ ရောက်နိုင်ခြင်းပင်ဖြစ်၏။ ယုတ်စွအဆုံး ကျွန်ုပ်အား သေဒဏ်စီရင်ချက်ချလိုက်သော စက်ရှင်တရားသူကြီးမင်းသည် ကျွန်ုပ် ဦးစိန်မောင်ကို မသတ်ရပါဘဲလျက်နှင့် သေဒဏ်ခံရသည့်အကြောင်းကို သိရပေချိမ့်မည်။ စက်ရှင်တရားသူကြီးတစ်ဦးတည်းသိရလျှင်ပင် ကံကြမ္မာအား ကျွန်ုပ်လက်စားချေမှုမှာ ပြီးမြောက်အောင်မြင်ပေမည်ဖြစ်၏။ ထို့ကြောင့် ဤဖြစ်စဉ်မှတ်တမ်းကို ကျွန်ုပ်ရေးသား၍ ထားရစ်ခဲ့ပါမည်။

အခွင့်အလမ်းသင့်၍ ကျွန်ုပ်၏ ဤဖြစ်စဉ်မှတ်တမ်းကို လူအများဖတ်ခွင့်ရကြပါမူကား အတိုင်းထက်အလွန် တံခွန်နှင့်ဘုရားဖြစ်ပေတော့မည်။ ထိုအခါမှ သေစားသေစေ စီရင်ချက်အကျတွင် ကျွန်ုပ် အဘယ်ကြောင့် ဟက်ဟက်ပက်ပက်ရယ်မောမိသည်ကို တစ်နိုင်ငံလုံး သဘောပေါက်ကြပေလိမ့်မည်။

ကောင်းပြီ ...။ ကျွန်ုပ်၏ဖြစ်စဉ်မှတ်တမ်းကို အဘယ်မှစ၍ ရေးရပါမည်နည်း။ ကံကြမ္မာ၏ ရယ်စရာကောင်းပုံကို အားရပါးရသရော်နိုင်ရန်မှာ ကျွန်ုပ်၏ ငယ်စဉ်တောင်ကျေးကလေးဘဝမှ အစချီ၍ ရေးသားမှသာလျှင် ပြည့်ပြည့်စုံစုံရှိနိုင်မည်ဖြစ်၏။ ကျွန်ုပ်အား မွေးဖွားကြီးပြင်းလာရာ ပတ်ဝန်းကျင်အခြေအနေတို့သည် ကျွန်ုပ်၏ဖြစ်စဉ်ကို အကြီးအကျယ်ပြုပြင်ဖန်တီးခဲ့ကြသည်ဖြစ်ပေရာ ကျွန်ုပ်အား မွေးဖွားသောအချိန်၌ ကျွန်ုပ်၏မိဘများ ရောက်ရှိနေကြသောအခြေကိုလည်း ဖော်ပြရပေဦးမည်ဖြစ်၏။ ကျွန်ုပ်၏မိဘများ ရောက်နေသောအခြေကို ဖော်ပြရမည်ဆိုပြန်သောအခါ၌ ကျွန်ုပ်၏အဘိုး ဦးနကီ၏အဖြစ်အပျက်များကိုလည်း ဖော်ပြဖို့ လို၍လာပြန်ပေသည်။ အဘိုး ဦးနကီ၏အကြောင်းကို ဖော်ပြရေးသားရလျှင်ကား ... အထက်မြန်မာပြည်ကို သီပေါဘုရင် အုပ်ချုပ်နေသည့်ခေတ်အထိ နောက်ကြောင်းပြန်ရပေလိမ့်မည်။ မြန်မာတို့ လုံးဝလွတ်လပ်ရေးကို ပြန်၍ရကြသော လက်ရှိခေတ်အထိ နှစ်ပေါင်းတစ်ရာခန့်ကာလကို စားမြုံ့ပြန်ကာ ရေးသားရမည်ဆိုခြင်းမှာ မလွယ်လှ၊ ရေးသားရမည့်အကြောင်းတို့ကလည်း များပြားရှည်လျားလှပေသည်။

ဩော် ... ကြိုးမိန့်ကျသော ဤရက် ဤနေ့နှင့် ကြိုးဒဏ်ကို လက်တွေ့ခံရမည့်ရက်တို့ အတော်ကြီးဝေးကွာ၍ နေကြသေးသည်မှာ ကျွန်ုပ်၏အဖို့တွင် ဤဖြစ်စဉ်မှတ်တမ်းကို စိမ်ပြေနပြေရေးသားနိုင်ရန် အချိန်များစွာပင် ရစေလေသောကြောင့် တစ်နည်းတစ်ဖုံအားဖြင့်ဆိုလျှင် ကျေနပ်ဖွယ်တစ်ရပ်ပင် ဖြစ်၍နေသေးယောင်တကား။

■ ■ ■ ■ ■

ဆက်လက်ဖော်ပြပါမည်။

# ပြည်မြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြည့်အစားအစာနှင့် ကိုယ်ဝန်ဆောင်အားဆေးများ ပံ့ပိုးပေးအပ်



ပြည် ဧပြီ ၂၈

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ခေတ္တရာမြို့သစ်ရပ်ကွက် ဘုရင့်နောင်လမ်းမရှိ ပြည်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်း၌ ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်စိုးစိုးသက်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဖွဲ့ဝင်များသည် ဧပြီလ ၂၇ ရက်က ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဖြည့်အစားအစာနှင့် ကိုယ်ဝန်ဆောင်အားဆေးများ ပံ့ပိုးပေးအပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်စိုးစိုးသက်နှင့်အဖွဲ့သည် ကိုယ်ဝန်ဆောင်မိခင်များနှင့်တွေ့ဆုံကာ ကိုယ်ဝန်ဆောင်ကျန်းမာရေးနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပြီး ကိုယ်ဝန်ဆောင် ၁၅ ဦးအတွက် တစ်ဦးလျှင် ကြက်ဥ၊ ဆီ၊ ဆား၊ ငှက်ပျောသီး၊ ကိုယ်ဝန်ဆောင်အားဆေးနှင့် ငွေကျပ် ၅၀၀၀၀ စီတို့ကို ပံ့ပိုးပေးအပ်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယကနှင့်အဖွဲ့သည် သားဖွားခန်းအတွင်း လှည့်လည်ကြည့်ရှုပြီး မွေးဖွားပြီးမိခင်နှစ်ဦးနှင့် မွေးဖွားမည့်မိခင်တစ်ဦးတို့အား ကြက်ဥ၊ ဆီ၊ ဆား၊ ငှက်ပျောသီးနှင့် ငွေကျပ် ၅၀၀၀၀ စီတို့ကို ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

# မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း/အမှုထမ်းများအား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တွေ့ဆုံအမှာစကားပြောကြား



**နေပြည်တော် ဧပြီ ၂၈**

ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံအမှာစကားပြောကြားသည့်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ ဒုတိယဝန်ကြီးများဖြစ်သော ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ သံအမတ်ကြီးများ၊ ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ပြည်ပသို့သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက ပြည်ပသို့တာဝန်ပေးစေလွှတ်ရာတွင် သတ်မှတ်ချက်နှင့်ကိုက်ညီသူများကိုသာ ရွေးချယ်စေလွှတ်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ကိုယ်စားပြုသည့်အတွက် စောင့်ထိန်းရမည့်ကျင့်ဝတ်များကို အလေးထားလိုက်နာစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိကိုယ်ကိုသစ္စာရှိရန်နှင့် နိုင်ငံတော်အပေါ်သစ္စာရှိရန်လိုအပ်ပါကြောင်း၊ မိမိ၏ပြုမူနေထိုင်မှုများကို ချင့်ချိန်သုံးသပ်၍ လုပ်သင့်လုပ်ထိုက်သည်ကိုလုပ်၍ မလုပ်သင့်မလုပ်ထိုက်သည်ကို မလုပ်ရန်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ ပကတိနိုင်ငံရေး၊ စီးပွားရေး၊ ပထဝီအနေအထားများကို မှန်မှန်ကန်ကန်သိရှိရန်လိုအပ်ပါကြောင်း၊ မိမိနိုင်ငံ၏အကျိုးဖြစ်ထွန်းအောင်၊ နိုင်ငံတကာနှင့် ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ သံတမန်များ၏ လုပ်ငန်းတာဝန် (၅)ရပ်ကို ကျေပွန်စွာဆောင်ရွက်၍ ပြည်ပရောက် မိမိနိုင်ငံသားများ၏အကျိုးကို တတ်စွမ်းသရွေ့ ဆောင်ရွက်ပေးသွားရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သံရုံး၊ အဖွဲ့ရုံးနှင့်ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများက ၎င်းတို့ယခင်သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများ၊ ယခုသွားရောက်တာဝန်ထမ်းဆောင်ရမည့်နိုင်ငံများကို တစ်ဦးချင်းစီမိတ်ဆက်တင်ပြရာ ပြည်ထောင်စုဝန်ကြီးက သွားရောက်ကြမည့် နိုင်ငံအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်ရည်မှန်းချက်များကို အသေးစိတ်ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်ပသို့ သွားရောက်တာဝန်များအနေဖြင့် သံတမန်တစ်ဦးတွင် ရှိသင့်ရှိထိုက်သော အရည်အသွေး (Diplomatic Characteristic) များကို မြင့်မားအောင်ကြိုးစားကြရန် မှာကြားလိုပါကြောင်း၊ သံတမန်တစ်ဦး၏ အရေးကြီးဆုံးသော အရည်အသွေးသည် သစ္စာရှိမှုဖြစ်ပြီး Communication Skill၊ Language Skill၊ Negotiation Skill များ တိုးတက်စေရန် အစဉ်လေ့လာဆည်းပူး၍ မြှင့်တင်စေလိုပါကြောင်း၊ ဝန်ထမ်းများ အချင်းချင်း စည်းလုံးညီညွတ်မှုရှိရန်နှင့် ကိုယ်စိတ်နှစ်ပါး ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်မှာကြားလိုပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတာဝန်များကိုအောင်မြင်စွာဖြင့် ထမ်းဆောင်နိုင်ကြပါစေကြောင်းနှင့် ကြီးပွားတိုးတက် အောင်မြင်စေလိုကြောင်း ဆုတောင်းစကားပြောကြားကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးသံမှူး Mr. Andrei Lunak အား ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် လက်ခံတွေ့ဆုံ



**နေပြည်တော် ဧပြီ ၂၈**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးသံမှူး Mr. Andrei Lunak အား ယနေ့ညနေပိုင်းတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)ရှိ ဧည့်ခန်းမ၌ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဧပြီလ ဒုတိယပတ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်သင်ကြားပေးရေးတို့အတွက် နားလည်မှုစာချွန်လွှာ(MoU) ရေးထိုးသွားရန် ပြင်ဆင်နေသည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး ကိစ္စတို့အား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# တတိယအကြိမ် ကမ္ဘာ့ဖလား အင်္ဂလိပ်၊ သိပ္ပံ၊ သင်္ချာ အိုလံပစ်ဖိတ်ခေါ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်ချန်ပီယံဆုရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်




**မြစ်ကြီးနား ဧပြီ ၂၈**

၂၀၂၆ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Zhuhai မြို့၌ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် ကမ္ဘာ့ဖလားအင်္ဂလိပ်၊ သိပ္ပံ၊ သင်္ချာ အိုလံပစ်ဖိတ်ခေါ်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်ချန်ပီယံဆုဖလားများ ရရှိခဲ့ကြသော မြစ်ကြီးနားမြို့ရှိ I.E.L.T IPSS ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးတို့အား ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မေခခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အဆိုပါ ကမ္ဘာ့အိုလံပစ်ဖိတ်ခေါ်ပြိုင်ပွဲသည် ယခင်နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော ကျောင်းများကို ဖိတ်ခေါ်ပြီး ပါဝင်ယှဉ်ပြိုင်စေခြင်းဖြစ်ကာ ကမ္ဘာ့အနှံ့မှ ကျောင်းသား၊ ကျောင်းသူ ၁၅၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ရာမှ နိုင်ငံကိုယ်စားပြုအဆိုပါကျောင်းမှကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးလုံးက ဘာသာရပ်အလိုက်/ ထက်၊ လယ်၊ မူ အဆင့်အလိုက် Global Star Award (အမှတ်အများဆုံး ကျောင်းသား၊ ကျောင်းသူဆု)ရရှိသူနှစ်ဦး၊ World Cup Champion (ချန်ပီယံဆုဖလား) ရရှိသူ ငါးဦးအသီးသီးရရှိခဲ့သည့်အပြင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်များနှင့် ဆုအများဆုံးရရှိသည့် နိုင်ငံကိုပေးအပ်သည့် Global Outstanding School Award ဆုကိုလည်း ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ချီးမြှင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဆုများရရှိခဲ့သော ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးနှင့် ကြီးကြပ်သူဆရာမတို့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် စုစုပေါင်း ၈၈ သိန်းကို ချီးမြှင့်ပေးအပ်ပြီး ဆုရကျောင်းသားတစ်ဦးက ပြိုင်ပွဲအတွေ့အကြုံများနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ငဖဲမြို့နယ်၌ နဝမအကြိမ်မြောက် စာအောင်ဆုနှင်းသဘင်ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ငဖဲ ဧပြီ ၂၈


မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပေကုန်းကျေးရွာ ကန်လယ်မင်းသာသနာနုဂ္ဂဟအသင်းကြီးမှကြီးမှူး၍ နိုင်ငံတော်အစိုးရ ဓမ္မာစရိယစာမေးပွဲ၊ ပါဠိပထမပြန်စာမေးပွဲတို့တွင် ဖြေဆိုအောင်မြင်တော်မူသော သံဃာတော်များအား နဝမအကြိမ်မြောက် စာအောင်ဆုနှင်းသဘင်ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ငဖဲမြို့နယ် ပေကုန်းကျေးရွာ ကန်လယ်မင်းကျောင်းတိုက်၌ ဧပြီလ ၂၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသော သံဃာတော်များနှင့် ဒါယကာ ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မြို့နယ်သံဃနာယက အတွင်းရေးမှူး သီပေါ်ကျောင်းဆရာတော် ဦးဉာဏုတ္တရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ဆက်လက်၍ သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြကာ ဆရာတော်ထံမှ ဩဝါဒကထာနာကြား၍ မြို့နယ်သံဃနာယက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စာအောင်သံဃာတော်များကိုယ်စား အရှင်အဂ္ဂဝံသာလင်္ကာရက ဆုချီးမြှင့်ပွဲနှင့်ပတ်သက်၍ ဝမ်းမြောက်ကြောင်းလျှောက်ထားပြီး ကန်လယ်မင်းသာသနာနုဂ္ဂဟအသင်းဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက ဂုဏ်ပြုပူဇော်ပွဲဆိုင်ရာကိစ္စရပ်များကို တင်ပြလျှောက်ထားသည်။

အဆိုပါဂုဏ်ပြုပူဇော်ပွဲတွင် သာသနဓဇဓမ္မာစရိယဘွဲ့ရတစ်ပါး၊ ဓမ္မာစရိယနှစ်ကျမ်းစွဲအောင်လေးပါး၊ ဓမ္မာစရိယတစ်ကျမ်းစွဲအောင်နှစ်ပါး၊ ပထမလတ်တန်းအောင်တစ်ပါး၊ ပထမငယ်တန်းအောင်ငါးပါး၊ အခြေပြုမူလတန်းအောင်ရှစ်ပါး၊ စုစုပေါင်း သံဃာတော်နှင့်သီလရှင် ၂၁ ပါးအတွက် ဂုဏ်ပြုပူဇော်ချီးမြှင့်ငွေကို ကန်လယ်မင်းသာသနာနုဂ္ဂဟအသင်းကြီးနှင့် အလှူရှင်များက ဂုဏ်ပြုပူဇော်လွှာနှင့်အတူ ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ငဖဲမြို့နယ် ပဒါန်းဥတ္တရာရာမကျောင်းတိုက်ဆရာတော် ဦးဓမ္မသာရက လှူဒါန်းမှုအစုစုကို ရေစက်သွန်းချအမျှပေးဝေပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **မယု(ငဖဲ)**




# ထန်းတပင်မြို့နယ်၌ (၃၈)ဖြာမင်္ဂလာနှင့် အခြေခံယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်



ရန်ကုန် ဧပြီ ၂၈

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီနှင့် ထန်းတပင်မြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) တို့ပူးပေါင်း၍ (၃၈) ဖြာမင်္ဂလာနှင့် အခြေခံယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီလ ၂၇ ရက်က ဘူးသန္တတ်ကျေးရွာအုပ်စုအနောက်ကြို့ကုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ဖွင့်လှစ်ကြပြီး အနောက်ကြို့ကုန်းကျေးရွာ သီရိဝိန္ဒာရာမကျောင်းတိုက်ဆရာတော်ထံမှ တက်ရောက်လာကြသည့် ဒါယကာပရိသတ်များနှင့် ကျောင်းသား၊ ကျောင်းသူများက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးရန်လင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

နွေရာသီယဉ်ကျေးလိမ္မာသင်တန်းများဖြစ်သည့် အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ (KG) အဆင့်သင်တန်းနှင့် (၃၈) ဖြာမင်္ဂလာနှင့်ဗုဒ္ဓဝင်၊ ပြည်သူ့နီတိအခြေခံပထမအဆင့်သင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၇၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကို ဧပြီလ ၂၆ ရက်မှ မေလ ၂ ရက်အထိ နေ့စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်း တက်ရောက်လျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက်လည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်ခိုင်နှင့် အတွင်းရေးမှူး ဦးရန်လင်းအောင်တို့က (၃၈)ဖြာမင်္ဂလာစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများကို ကျေးရွာတာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

# မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မိုးကောင်း ဧပြီ ၂၈

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆားမော်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်နေမှုကို ဧပြီလ ၂၈ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေဝင်း၊ တာဝန်ခံအင်ဂျင်နီယာများနှင့်အတူ ဆားမော်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေသားတာပေါင်တင်ခြင်းနှင့် သဲကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးပါက ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆားမော်ကျေးရွာ၌ အရှည် ပေ ၂၉၀၀၊ အကျယ် ၁၈ ပေနှင့် ထု ၂ ပေရှိ မြေသားတာပေါင်တင်ခြင်း၊ ယင်းလမ်းပေါ်တွင် အရှည် ပေ ၂၉၀၀၊ အကျယ် ၁၂ ပေနှင့် ထု ၉ လက်မရှိ သဲကျောက်ခင်းခြင်းလုပ်ငန်းများကို ပြည်နယ်ခွင့်ပြုငွေ ငွေကျပ် ၂၃၁ ဒသမ ၇၁၆ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုနှစ် ဧပြီလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

# ဘုတ်ပြင်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော



ဘုတ်ပြင်း ဧပြီ ၂၈

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး၊ ရေချေတာရေးနှင့်မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဧပြီလ ၂၇ ရက်က ဘုတ်ပြင်းမြို့နယ် ကမာချောင်းကျေးရွာအုပ်စု အေးချမ်းမြိုင်(၂)ကျေးရွာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဘုတ်ပြင်းမြို့နယ် မြို့မိမြို့ဖ ဦးကိုကိုထွန်းက အသိပညာပေးဟောပြောပွဲပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။ ယင်းနောက် ဘုတ်ပြင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစောလူးသယ်ရွှေက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး၊ ရေချေတာရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာများကို အသိပညာပေးပြောကြားသည်။

ယင်းနောက် သစ်တောဦးစီးဌာန ဝန်ထမ်းများက တက်ရောက်လာကြသူများအား မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ သစ်တောထိန်းသိမ်းရေး၊ သစ်ပင်စိုက်ပျိုးခြင်းကြောင့် သဘာဝဘေးဒဏ်များမှ ကာကွယ်ပေးခြင်းဆိုင်ရာ Video Clip ကို အသိပညာပေးပြသပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးက ပြန်လည်ရှင်းလင်းပြောကြားကြောင်း သိရသည်။ **ချမ်းမြေ့**

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် သီတဂူဆရာတော်ကြီး၏အထူးတရားပွဲ ဓမ္မသဘင်နှင့် စာတမ်းဖတ်ပွဲများကျင်းပမည်

နေပြည်တော် ဧပြီ ၂၈

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၂ ရက်အထိ (ဧပြီလ ၃၀ ရက်မှမေလ ၂ ရက်အထိ) ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာ့အေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သုံးရက်တိုင်တိုင်ကျင်းပသွားမည်ဖြစ်သည်။

ဧပြီလ ၃၀ ရက် ညပိုင်းတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲဓမ္မသဘင်ကိုလည်းကောင်း၊ မေလ ၁ ရက်နှင့် ၂ ရက်တို့တွင် စာတမ်းဖတ်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## သဲကုန်းမြို့နယ်၌ ရှေးဦးပြုစုခြင်းအခြေခံသင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

သဲကုန်း ဧပြီ ၂၈

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)တို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်း (၁/၂၀၂၆)ဆင်းပွဲကို ဧပြီလ ၂၇ ရက် နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း (ပုတီးကုန်း)၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးကြက်ခြေနီအသင်းကော်မတီဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်းသန်းနှင့် မြို့နယ်ပညာရေးမှူးဆရာမကြီး ဒေါ်မြင့်မြင့်ဦးတို့က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြ ခုနစ်ဦးက သင်တန်းသား၊ သင်တန်းသူ ၃၅ ဦးအား ရှေးဦးပြုစုခြင်း၊ အခြေခံလူနာဆန်းစစ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ရှေးဦးပြုစုနည်း၊ ဒဏ်ရာများမှ သွေးယိုစီးခြင်းများ၊ သွေးလန့်ခြင်းမှ မူးမေ့ခြင်း၊ သတိလစ်ခြင်း၊ အပူလောင်ခြင်း၊ အဆိပ်မိခြင်း၊ အရိုးကျိုးခြင်းများအကြောင်းနှင့် အခြေခံအသက်ကယ် အထောက်အကူပြုနည်းများအား ၃ ရက်ကြာ စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးကြောင်းသိရသည်။

ကိုကျော်(သဲကုန်း)

## မြန်မာ - တရုတ်ချစ်ကြည်ရေးအထိမ်းအမှတ် ဓာတ်ပုံနှင့်ပန်းချီပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

မန္တလေး ဧပြီ ၂၈

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကြင်းတော်ယန်ဗုဒ္ဓဘာသာကျောင်း၌ ဧပြီလ ၂၈ ရက် နံနက်ပိုင်းတွင် မြန်မာ-တရုတ်ချစ်ကြည်ရေးအထိမ်းအမှတ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ဓာတ်ပုံနှင့်ပန်းချီပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားအား တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်နှင့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ တရုတ်ကောင်စစ်ဝန်ချုပ် Ms.Gao Ping တို့က အမှာစကားပြောကြားသည်။

ထို့နောက် အနုပညာနှင့်ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)မှ ပန်းချီဌာနပါမောက္ခ ဒေါ်စန္ဒာဝင်းက ပန်းချီပြိုင်ပွဲအကြောင်းရှင်းလင်းပြောကြားပြီး အကဲဖြတ်ဒိုင်အဖွဲ့၊ မန္တလေးဓာတ်ပုံအသင်းနာယက ဦးသိန်းဌေးမောင်(ဆွေလှသိန်း)က ဓာတ်ပုံပြိုင်ပွဲအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ-တရုတ်ချစ်ကြည်ရေးအထိမ်းအမှတ် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ဓာတ်ပုံနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် အကဲဖြတ်ပေးခဲ့ကြသူများအား တာဝန်ရှိသူများက အမှတ်တရဂုဏ်ပြုလက်ဆောင်များနှင့် ဆုများအား ပေးအပ်ကြောင်း သိရသည်။

ချမ်းမြေ့မောင်(ချမ်း/စံ)

**နေပြည်တော်ကောင်စီနယ်မြေအတွင်း ဧပြီလ ၂၈ ရက် ညနေ ၄ နာရီခွဲခန့်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့်လယ်ဝေးမြို့နယ်တို့ရှိ နေရာပေါင်း ၃၈ နေရာတွင် ဓာတ်တိုင်များပြိုလဲခြင်း၊ သစ်ပင်များပြိုလဲ၍ လျှပ်စစ်ဓာတ်အားလိုင်းများ၊ အဆောက်အအုံများနှင့် မော်တော်ယာဉ်များအပေါ် ပိမိခြင်းနှင့်လမ်းပိတ်ဆို့ခြင်းများဖြစ်ပွားသဖြင့် မီးသတ်ဦးစီးဌာနမှဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ သိရသည်။** မြဝတီ



**သဇင်(FM)အသံလွှင့်အစီအစဉ်** ၂၉-၄-၂၀၂၆(ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၁။ ၀၉:၀၀ Market News | ၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ |
| ၂။ ၁၁:၅၀ နှယ်မြက်သစ်ပင်ဆေးဖက်ဝင် | ၅။ ၁၅:၃၅ Happy Zone |
| ၃။ ၁၃:၀၀ ပြည်သူကြားက ပြည်သူ့စကား | ၆။ ၂၁:၄၀ ချောက်ချောက်ချားချား ဖြစ်ရပ်များ |

# ၂၀၂၆ ခုနှစ် မေလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဧပြီ ၂၈

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေလ ၁၃ ရက်မှ ၁၈ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေလ ၁၉ ရက်မှ ၂၄ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း၊ မေလ ၂၅ ရက်မှ ၃၀ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း၊ မေလ ၃၁ ရက်မှ ဇွန်လ ၅ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသို့လည်းကောင်း အသီးသီးဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၂) ကြိမ် ဖြစ်ပေါ်နိုင်ပြီး (၁) ကြိမ်တွင် ပိုမိုအားကောင်းလာက မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၇ ရက်မှ ၂၂ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် မေလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မေလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

၂၀၂၆ ခုနှစ် မေလအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၇ ပေမှ ၁၂ ပေခန့်နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၄ ပေမှ ၇ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၅ ပေမှ ၁၀ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၇ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၁ ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၄ ပေမှ ၅ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၂ ပေ မှ ၃ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၂ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၂ ပေမှ ၅ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၃ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၅ ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၂ ပေခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၃ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# နွေရာသီတွင် ရေဓာတ်အပြည့်အဝပေးနိုင်သော သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များ

**"နွေရာသီတွင် ရေဓာတ်ပြည့်ဝသော ရာသီပေါ်အသီးအနှံများသည် အရသာရှိရုံသာမက လုံလောက်သောရေဓာတ်ကို ပေးစွမ်းနိုင်ပြီး ဆုံးရှုံးသွားသောအာဟာရဓာတ်များကို ပြန်လည်ဖြည့်တင်းပေးသည်။ ရာသီဥတုအလွန်ပူပြင်းချိန်တွင် ကိုယ်တွင်းအပူချိန်ရုတ်တရက်မြင့်တက်လာနိုင်သဖြင့် အပူကိုတွန်းလှန်ပြီး စွမ်းအင်ကိုထိန်းထားရန် ရိုးရိုးရေသောက်ခြင်းအပြင် ရေဓာတ်ကြွယ်ဝသောအစားအစာများစားသုံးခြင်းသည်လည်း အထောက်အကူဖြစ်စေနိုင်သည်။ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များသည် ရေဓာတ်၏ အရင်းအမြစ်များဖြစ်ပြီး နေ့စဉ် အရည်စားသုံးမှု၏ ငါးပုံတစ်ပုံခန့်သည် အစားအစာများမှရရှိခြင်းဖြစ်သည် . . ."**

နွေရာသီရောက်ရှိလာပြီဖြစ်၍ ပတ်ဝန်းကျင်အပူချိန်မြင့်လာသည်နှင့်အမျှ ခန္ဓာကိုယ်အပူချိန်မြင့်တက်လာပြီး ချွေးအလွန်ထွက်သဖြင့် ခန္ဓာကိုယ်အတွင်း ရေဓာတ်ဆုံးရှုံးမှုဖြစ်လာနိုင်သည်။ ပူပြင်းသောရာသီဥတုတွင် ခန္ဓာကိုယ်အတွင်း အပူချိန်ကိုထိန်းညှိရန် အဓိကအားဖြင့် ချွေးမှတစ်ဆင့် အပူကိုပြန်လည်စွန့်ထုတ်ရသည်။ ထို့ကြောင့် မကြာခဏရေငတ်သလိုခံစားရပြီး သတိမထားမိပါက ရေဓာတ်ခန်းခြောက်ခြင်းဖြစ်နိုင်သည်။ သို့ဖြစ်၍ နွေရာသီတွင် ရေများများသောက်ရန် အဓိကလိုအပ်သည်။ နွေရာသီတွင် ရေဓာတ်ပြည့်ဝသော ရာသီပေါ်အသီးအနှံများသည် အရသာရှိရုံသာမက လုံလောက်သောရေဓာတ်ကိုပေးစွမ်းနိုင်ပြီး ဆုံးရှုံးသွားသောအာဟာရဓာတ်များကိုပြန်လည်ဖြည့်တင်းပေးသည်။ ရာသီဥတုအလွန်ပူပြင်းချိန်တွင် ကိုယ်တွင်းအပူချိန် ရုတ်တရက်မြင့်တက်လာနိုင်သဖြင့် အပူကိုတွန်းလှန်ပြီး စွမ်းအင်ကိုထိန်းထားရန် ရိုးရိုးရေသောက်ခြင်းအပြင် ရေဓာတ်ကြွယ်ဝသောအစားအစာများ စားသုံးခြင်းသည်လည်း အထောက်အကူဖြစ်စေနိုင်သည်။ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်များသည် ရေဓာတ်၏ အရင်းအမြစ်များဖြစ်ပြီး နေ့စဉ် အရည်စားသုံးမှု၏ ငါးပုံတစ်ပုံခန့်သည် အစားအစာများမှရရှိခြင်းဖြစ်သည်။ ရာသီပေါ်အသီးအနှံနှင့်ဟင်းသီးဟင်းရွက်များသည် ရေဓာတ်ပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်ကာ ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် အမျှင်ဓာတ်၊ ဗီတာမင်များနှင့်ရောင်ရမ်းမှုကို တိုက်ဖျက်သည့် အင်တီအောက်စီးဒင့်များ ပါဝင်သည်။

## သခွားသီး

သခွားသီးကို ရေ ၉၆ ရာခိုင်နှုန်းခန့်ဖြင့် ဖွဲ့စည်းထားသောကြောင့် ရေဓာတ်ပါဝင်မှု အများဆုံးအစားအစာဖြစ်သည်။ ရေဓာတ်ဖြည့်တင်းပေးရုံသာမက ခန္ဓာကိုယ်ကိုလည်း အေးမြစေကာ နွေရာသီ၏ အဓိကစားစရာတစ်ခုဖြစ်သည်။ အဆိပ်အတောက်များကို ဖယ်ရှားပေးပြီး အမျှင်ဓာတ်ပါဝင်မှုကြောင့် အစာချေဖျက်မှုကိုလည်း ကူညီပေးသည်။ ကယ်လိုရီ အလွန်နည်းသောကြောင့် နွေရာသီတွင် ကိုယ်အလေးချိန်လျှော့ချရန် ကြိုးစားနေသူများအတွက် သရေစာကောင်းတစ်ခုဖြစ်သည်။ ဗီတာမင် –K ၏ အရင်းအမြစ်ကောင်းတစ်ခုဖြစ်၍ ရောင်ရမ်းမှုကို ဆန့်ကျင်သည့်ဂုဏ်သတ္တိများရှိပြီး သွေးခဲခြင်းနှင့် အရိုးကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်စေနိုင်သည်။ သခွားသီးတွင်ပါရှိသော ဆီလီကာဓာတ်သည် တွယ်ဆက်တစ်သျှူးများကို အားကောင်းစေခြင်းဖြင့် အဆစ်ကျန်းမာရေးကို ပိုမိုကောင်းမွန်စေသည်။

## ဖရဲသီး

ဖရဲသီးတွင် ရေဓာတ် ၉၂ ရာခိုင်နှုန်းခန့်ပါရှိသောကြောင့် ရေဓာတ်ဖြည့်တင်းပေးပြီး လန်းဆန်းစေသည်။ ပိုတက်ဆီယမ်၊ ဗီတာမင်– A နှင့် C တို့ကြွယ်ဝပြီး အမျှင်ဓာတ်နှင့်လိုင်ကိုပင်းတို့ ပါရှိသောကြောင့် အသားအရေကို အပူဒဏ်မှကာကွယ်ပေးနိုင်သည်။ ဖရဲသီးသည် အမိုင်နိုအက်စစ် Citrulline ပါဝင်ပြီး အထူးသဖြင့် ဖရဲသီးခွံတွင် Citrulline ကြွယ်ဝသည်။ ခန္ဓာကိုယ်တွင် Citrulline ကို နိုက်ထရစ်အောက်ဆိုဒ်အတွက်လိုအပ်သော Arginine အဖြစ်သို့ ပြောင်းလဲပြီး သွေးစီးဆင်းမှုကိုကောင်းမွန်စေ၍ သွေးဖိအားကို လျှော့ချပေးနိုင်သည်။ နှလုံးကျန်းမာရေးကို ပံ့ပိုးပေးသည့် ဗီတာမင်၊ သတ္တုဓာတ်နှင့်ဖိုက်တိုအာဟာရများပါရှိသည်။ အရည်ရွှမ်းပြီး သဘာဝအရသာချိုမြိန်သောကြောင့် ပူပြင်းသောနွေရာသီတွင် စားသုံးနိုင်သည်။ ခန္ဓာကိုယ်တွင် သကြားဓာတ်ပမာဏကို ပုံမှန်ထိန်းထားရန် နံနက်ခင်းဗိုက်ထဲတွင် အစာမရှိချိန် ဖရဲသီးစားခြင်းကို ရှောင်ကြဉ်ရန် အာဟာရပညာရှင်များက အကြံပြုထားသည်။



## သခွားမွှေးသီး

သခွားမွှေးသီးသည် ချိုမြိန်၍ အရည်ရွှမ်းပြီး ရေဓာတ် ၉၀ ရာခိုင်နှုန်းခန့်ပါဝင်သည်။ ထူးခြားသော ပိုက်ကွန်ကဲ့သို့ အပြင်ဘက်အခွံရှိပြီး ဗီတာမင်– A၊ C၊ အင်တီအောက်စီးဒင့်များနှင့် အမျှင်ဓာတ်များကြွယ်ဝစွာပါဝင်သည်။ ရေဓာတ်ပါဝင်မှု မြင့်မားရုံသာမက ခုခံအားမြှင့်တင်ပေးခြင်း၊ အစာချေဖျက်မှုကို အထောက်အကူပြုခြင်းနှင့် မျက်စိကျန်းမာရေးကို ပံ့ပိုးပေးခြင်းဖြင့် ကျန်းမာရေးကိုအထောက်အကူပြုနိုင်သည်။

## စတော်ဘယ်ရီသီး

လတ်ဆတ်သော စတော်ဘယ်ရီသီးတွင် ရေဓာတ် ၉၁ ရာခိုင်နှုန်းခန့်ပါဝင်၍ အရည်ရွှမ်းပြီး အရသာရှိသဖြင့် နွေရာသီတွင် သရေစာ သို့မဟုတ် အချိုပွဲများအတွက် ရွေးချယ်နိုင်သည်။ စတော်ဘယ်ရီသီးတွင် နှလုံးကိုပျက်စီးစေသော ဖရီးရယ်ဒီကယ်များကို တိုက်ခိုက်ပေးသည့် အင်တီအောက်စီးဒင့်များနှင့် ဗီတာမင် –C ပါရှိသည်။ ၂၀၂၂ ခုနှစ် လေ့လာမှုအရ တစ်ရက်လျှင် စတော်ဘယ်ရီသီးရှစ်လုံးခန့်စားသုံးခြင်းသည် နှလုံးသွေးကြောဆိုင်ရာ ဇီဝဖြစ်ပျက်မှုအန္တရာယ်များနှင့် အင်ဆူလင်ခုခံမှုကို တိုးတက်ကောင်းမွန်စေသည်။ ဗီတာမင်–C နှင့် အင်တီအောက်စီးဒင့်များ ကြွယ်ဝသောကြောင့် အသားအရေကျန်းမာရေးကို မြှင့်တင်ပေးနိုင်သည်။ အမျှင်ဓာတ်၊ ပိုလီဖီနော၊ အင်တီအောက်စီးဒင့်များကြွယ်ဝပြီး ပရိဘိုင်အိုတစ်ဂုဏ်သတ္တိများရှိသောကြောင့် အူအတွင်း အကျိုးပြုဗက်တီးရီးယားများ တိုးပွားစေနိုင်သဖြင့် နွေရာသီတွင် အစာအိမ်နှင့် အူလမ်းကြောင်းကျန်းမာရေးကို အထောက်အကူပြုနိုင်သည်။

## ခရမ်းချဉ်သီး

ခရမ်းချဉ်သီးသည် ရေ ၉၄ ရာခိုင်နှုန်းနှင့်ဖွဲ့စည်းထားသော အသီးအနှံတစ်မျိုးဖြစ်သည်။ အနီရောင်ခရမ်းချဉ်သီးတွင် ဗီတာမင်– A၊ C၊ B2၊ ဖောလိတ်၊ ခရိုမီယမ်၊ ဖိုက်ဘာ၊ ပိုတက်ဆီယမ်နှင့် အင်တီအောက်စီးဒင့်များပါဝင်ပြီး အရေပြား၊ မျက်စိနှင့်ကိုယ်ခံအားစနစ်ကိုကျန်းမာစေရန် အထောက်အကူဖြစ်စေသည်။

## ဘူးသီး

ဘူးသီးတွင် ရေဓာတ် ၉၂ ရာခိုင်နှုန်းခန့်ပါရှိပြီး နွေရာသီတွင် ခန္ဓာကိုယ်ကိုအေးမြစေရန် စားသုံးနိုင်သည့် အကောင်းဆုံးအစားအစာဖြစ်သည်။ ဘူးသီးကို အာယုဗ္ဗေဒဆေးပညာတွင် ခန္ဓာကိုယ်အပူနှင့်အက်စစ်ဓာတ်ကို လျှော့ချပေးနိုင်ပြီး ခွန်အားဖြစ်စေသော အစားအစာအဖြစ် သတ်မှတ်သည်။ အမျှင်ဓာတ်၊ ဗီတာမင်နှင့်သတ္တုဓာတ်များကြွယ်ဝပြီး ကယ်လိုရီနည်းသည်။ အစာကြေရန်လွယ်ကူပြီး အသည်းကျန်းမာရေးကိုလည်း အထောက်အကူပြုနိုင်သည်။ အဆီပါဝင်မှုနည်းပါးပြီး အမျှင်ဓာတ်များပါရှိသောကြောင့် အစာခြေစနစ်ကို အထောက်အကူဖြစ်စေပြီး ကိုယ်အလေးချိန်မတက်စေဘဲ ဝမ်းမှန်စေသည်။

## ကျောက်ဖရုံသီး

ကျောက်ဖရုံသီးတွင်ရေဓာတ်၉၆ ရာခိုင်နှုန်းခန့်ပါဝင်သည်။ လန်းဆန်းသော အရသာနှင့်ရေဓာတ်ကို ဖြည့်တင်းပေးနိုင်သည့်ဂုဏ်သတ္တိရှိသည်။ ကာဗိုဟိုက်ဒရိတ်ပါဝင်မှုနည်းပါးပြီး ကယ်လိုရီအလွန်နည်းသည်။ အဆီနှင့်ပရိုတင်းဓာတ်ကင်းစင်သည်။ အမျှင်ဓာတ်နှင့် ဆားပါဝင်မှုမြင့်မားသည်။ ဗီတာမင်–C၊ ဗီတာမင်– B1၊ ဗီတာမင်–B2၊ ဗီတာမင်– B3၊ ဗီတာမင်–B6 နှင့် ဇင့်တို့လည်းပါဝင်သည်။ ထို့ပြင် ကျောက်ဖရုံသီးတွင် ဆိုဒီယမ်၊ သံဓာတ်၊ မဂ္ဂနီဆီယမ်နှင့် ဖော့စဖရပ်အနည်းငယ်ပါဝင်သည်။

## ဆလတ်ရွက်

ဆလတ်ရွက်တွင် ရေဓာတ်ပါဝင်မှု အလွန်မြင့်မားပြီး ရေဓာတ် ၉၄ ရာခိုင်နှုန်းမှ ၉၆ ရာခိုင်နှုန်းအထိပါဝင်သည်။ အထူးသဖြင့် ပူပြင်းသောရာသီဥတုတွင် စားသုံးရန်ရွေးချယ်သင့်သည်။

## ဟင်းနုနယ်ရွက်

ဟင်းနုနယ်ရွက်ကို ရေဓာတ် ၉၃ ရာခိုင်နှုန်းခန့်ဖြင့် ဖွဲ့စည်းထားသောကြောင့် ရေဓာတ်ကို ကောင်းစွာရရှိစေသည်။ ဟင်းနုနယ်ရွက်သည် သံဓာတ်အရင်းအမြစ်ကောင်းတစ်ခုလည်းဖြစ်သည်။ သံဓာတ်သည် ခန္ဓာကိုယ်တစ်ခုလုံးသို့ အောက်ဆီဂျင်ပို့ဆောင်ရန်နှင့် ကိုယ်ခံအားစနစ် ကျန်းမာစေရန် မရှိမဖြစ်လိုအပ်ပါသည်။

## ဘရိုကိုလီ

ဘရိုကိုလီကို ရေဓာတ် ၉၀ ရာခိုင်နှုန်းခန့်ဖြင့် ဖွဲ့စည်းထားပြီး ဗီတာမင်–K၊ ဗီတာမင်–A၊ သံဓာတ်၊ ကယ်လ်စီယမ်၊ ဖောလစ်အက်စစ်နှင့် အရေးကြီးသော အာဟာရဓာတ်များစွာပါဝင်သည်။

## အုန်းစိမ်းရည်

အစိမ်းရောင်အုန်းသီးတွင် ရေဓာတ် ၉၄ ရာခိုင်နှုန်းနှင့် ပိုတက်ဆီယမ်၊ ဆိုဒီယမ်၊ မဂ္ဂနီဆီယမ်ပါဝင်သော အီလက်ထရိုလိုက်များ၏ သဘာဝအရင်းအမြစ်ဖြစ်သည်။ ချွေးနှင့် တခြားခန္ဓာကိုယ်လုပ်ငန်းဆောင်တာများမှတစ်ဆင့် ဆုံးရှုံးသွားသော အီလက်ထရိုလိုက်များကို ပြန်လည်ဖြည့်တင်းရန်ကူညီပေးနိုင်သည်။ Research Gate မှ အစီရင်ခံစာတစ်ခုအရ အုန်းစိမ်းရည်တွင် ဖိုက်တိုဟော်မုန်းများ၊ အင်ဇိုင်းများ၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်း၊ ဗီတာမင်များ၊ သတ္တုဓာတ်များ၊ ဖီနိုလစ်ဒြပ်ပေါင်းများပါရှိကြောင်း အကြံပြုထားသည်။ အုန်းစိမ်းရည်သည် အယ်ကာလိုင်းအနည်းငယ်ရှိပြီး ပူပြင်းသောအပူချိန်တွင်ပင် ခန္ဓာကိုယ်၏ PH အဆင့်ကို ထိန်းညှိပေးနိုင်သည်။ အုန်းစိမ်းရည်၏ အယ်ကာလီပါဝင်မှုသည် တချို့သောအစားအစာများနှင့် စိတ်ဖိစီးမှုများကြောင့် ဖြစ်ပေါ်လာသော အက်စစ်ဓာတ်၏ အကျိုးသက်ရောက်မှုကိုခုခံနိုင်ပြီး ခန္ဓာကိုယ်အတွင်းပိုင်းအခြေအနေကိုမျှတရန် ကူညီပေးသည်။ ခန္ဓာကိုယ်အတွင်းရှိ အပူကိုလျှော့ချပေးကာ သဘာဝအအေးဓာတ်ကို ပံ့ပိုးပေးသည်။ အထူးသဖြင့် ပူပြင်းသောရာသီဥတုတွင် သောက်သုံးခြင်းဖြင့် ခန္ဓာကိုယ်ကိုအေးမြစေသည်။ လူအများစုအတွက် အုန်းစိမ်းရည်သည် ဘေးကင်းသည်ဟု ယေဘုယျအားဖြင့် အသိအမှတ်ပြုသော်လည်း ကျောက်ကပ်ရောဂါရှိသူ သို့မဟုတ် ပိုတက်ဆီယမ်နှင့်ဆိုဒီယမ်ပမာဏကို စီမံခန့်ခွဲရန် လိုအပ်သူများအတွက် သတိပြုသင့်သည်။

အချုပ်အားဖြင့်ဆိုရသော် နွေရာသီတွင် ခန္ဓာကိုယ်ကိုအေးမြစေပြီး ချွေးထွက်၍ဆုံးရှုံးသွားသော ရေနှင့်အီလက်ထရိုလိုက်များကို ပြန်လည်ဖြည့်တင်းပေးနိုင်သည့် အာဟာရပြည့်ဝသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များစွာရှိသည်။ တစ်ရက်လျှင် အနည်းဆုံးသစ်သီးသုံးကြိမ်နှင့် အသီးအရွက်နှစ်ကြိမ် သို့မဟုတ် ထိုထက်ပို၍စားသုံးသင့်သည်ဟု အာဟာရပညာရှင်များက အကြံပြုထားသည်။ သို့ဖြစ်၍ နွေရာသီတွင် ရေဓာတ်ကြွယ်ဝသောသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၏အကျိုးကျေးဇူးကို အသုံးပြု၍ လန်းဆန်းစေသော အစားအစာများကို ဖန်တီးခြင်းဖြင့် ခံတွင်းတွေ့ပြီး သဘာဝအတိုင်း အပူဒဏ်ကိုကာကွယ်ရန် သို့မဟုတ် လျော့ပါးသက်သာစေရန် အထောက်အကူပြုနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ဒေါက်တာသိင်္ဂီကျော်**

# ညောင်ဦးမြို့နယ်၌ နွေသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး သွင်းအားစုမြေဩဇာ ရောင်းချပွဲအခမ်းအနားကျင်းပ



ညောင်ဦး ဧပြီ ၂၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ နွေသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သွင်းအားစုမြေဩဇာရောင်းချပွဲအခမ်းအနားကို ဧပြီလ ၂၈ ရက် နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ငွေးရီက စပါး၊ဆီထွက်သီးနှံ၊ ပဲမျိုးစုံစိုက်ပျိုးသည့်အပြင် ကြက်သွန်နီ၊ကြက်သွန်ဖြူ၊ကုလားပဲသီးနှံများပါ စိုက်ပျိုးအကောင်အထည်ဖော်လျက်ရှိကြောင်း၊ မြစ်ရေတင်သုံးခုတွင် နွေစပါးစိုက်ပျိုးပြီး မြစ်ရေတင်လေးခုတွင် ပဲတီစိမ်းသီးနှံအားစိုက်ပျိုးကြောင်း ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ရောင်းချပေးမည့်မြေဩဇာများအားကြည့်ရှုကြသည်။

ဆက်လက်၍ နွေသီးနှံစိုက်ပျိုးတောင်သူများကို တိုင်းဒေသကြီးအစီအစဉ်ဖြင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေးအတွက် သွင်းအားစုယူရီးယားမြေဩဇာများရောင်းချရာ ကျေးလက်တောင်သူများက ဝယ်ယူကြကြောင်း သိရသည်။

ဒီပါလင်း

# ညောင်လေးပင်မြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ညောင်လေးပင် ဧပြီ ၂၈

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ခုတင် - ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးဝန်ထမ်းများက ဧပြီလ ၂၈ ရက် နံနက်ပိုင်းတွင် ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာတိုက်နယ်ဆေးရုံကြီး၌ ရပ်ဟန်းရှင်လူပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကွင်းဆင်းဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ရာတွင် ပဲခူးမြို့ ခုတင် - ၅၀၀ဆံ့ ဆေးရုံအုပ်ကြီးဒေါက်တာဇော်လွင်ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများပါဝင်သောအဖွဲ့က လာရောက်ပြသသူလူနာစုစုပေါင်း ၆၀၀ ကျော်အား ကျန်းမာရေးစစ်ဆေးကုသပေးသည်။

ဆေးကုသမှုလာရောက်ခံယူကြသည့် ပြည်သူများအား ညောင်လေးပင်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်မျိုးကျော်၊ ညောင်လေးပင်မြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစောကလျာနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး အထူးကုဆရာဝန်ကြီးများက ဆေးကုသပေးနေမှုအား လိုက်လံကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့သည် ပဲခူးတိုင်းဒေသကြီးအတွင်း မြို့ပြနှင့်ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်ရေးနှင့် ပြည်သူများ အသက်ရှည်အနာမဲ့စွာ နေထိုင်နိုင်ရေးအတွက် မြို့ပေါ်ဆေးရုံကြီးများမှ အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများ ပူးပေါင်းပါဝင်သည့်အဖွဲ့ဖြင့် ကျေးလက်ဒေသအထိ အခမဲ့ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများအပြင် လိုအပ်သည့်ဆေးဝါးများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

(၄၁၀)

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

ကာလိ ဧပြီ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့ရှိ စက်သုံးဆီများဖြန့်ဖြူးရောင်းချလျက်ရှိသောဆိုင်များ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်းကို ဧပြီလ ၂၇ ရက်တွင် ဆောင်ရွက်သည်။



ထိုသို့ဆောင်ရွက်ရာတွင် ကာလိနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးရဲမင်းဟိန်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စက်သုံးဆီများဖြန့်ဖြူးရောင်းချလျက်ရှိသောဆိုင်များတွင် မီးသတ်ဆေးဘူးများ ပြည့်စုံလုံလောက်စွာထားရှိမှု ရှိမရှိ၊ မီးသတ်ဆေးဘူးများ သက်တမ်းကျော်လွန်မှုရှိမရှိ၊ ဆီဖြည့်နေစဉ် မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရန်နှင့် စက်သုံးဆီသိုလှောင်ထားရှိမှုများသည် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်ကိုက်ညီမှု ရှိ၊မရှိ လိုက်လံစစ်ဆေးသည်။ ဆက်လက်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးမီးသတ်ဆေးဘူးများကိုအသုံးပြု၍ မီးငြိမ်းသတ်နည်း၊ Fire Ball ကိုအသုံးပြု၍ မီးငြိမ်းသတ်နည်းများကို ရှင်းလင်းပြောကြားပြီး စက်သုံးဆီဆိုင်များတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းတစ်ဦးချင်းစီကို လက်တွေ့လေ့ကျင့်သရုပ်ပြသဆောင်ရွက်ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

## လေကြောင်းစွမ်းပကားမောင်မယ်များ

❖ အနာဂတ်ဆီ၊ ရှေ့သို့ချီမည်
သာကီနွယ်ဖွား၊ မောင်မယ်များကား
စိတ်အားထက်မြက်၊ တိုင်းပြည်တွက်ဟု
သွက်လက်ချက်ချာ၊ ဉာဏ်ပညာနှင့်
လေ့လာမှတ်သားနေကြသည်။

❖ မောင်မယ်အများ၊ ပြည်သူကြားက
နိုးကြားသက်ဝင်၊ နယ်တစ်ခွင်မှ
အားအင်ပြည့်ဝ၊ ဖွဲ့လုံ့လဖြင့်
သိပ္ပပညာ၊ အဖြာဖြာနှင့်
နောင်လာမျိုးဆက်၊ လွန်ထက်မြက်သည်
တိုးတက်စွန့်စား၊ အာဂများ။

❖ အာဂသတ္တိ၊ ကမ္ဘာသိစေ
အမိဝေဟင်၊ ထက်ကောင်းကင်သို့
အလျင်ပျံသန်း၊ ခရီးလမ်းကား
မောပန်းမရှိ၊ ဖွဲသတ္တိဖြင့်
အသိသတိ၊ ရင်ဝယ်ငြိလျက်
ဝီရိယဖွဲ့၊ ခိုင်ခိုင်မြဲ။

❖ လေကြောင်းမောင်မယ်၊ နုပျိုငယ်တို့
ရည်ရွယ်ပွင့်လန်း၊ တစ်ခေတ်ဆန်းမို့
ပြုံးပန်းတစ်ရာ၊ အဖြာဖြာတို့
ချိန်ခါမရွေး၊ အလေးပေးကာ
နှောင့်နှေးကြန့်ကြာ၊ မရှိပါမှ
နောင်ခါမျိုးဆက်၊ ရှင်သန်လျက်ဖြင့်
မပျက်ဆောင်ရွက်ရှိနေသည်။ ။

နွေငြိမ်းချမ်း(အနန်းပင်မြေ)

## MWD Variety Channel

၂၉-၄-၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၂၀ ရှာဖွေလေ့လာ ပြတိုက်မှာ
၂။ ၁၀:၃၀ မှတ်သားလေ့လာ အိမ်တွင်းမှုပညာ
၃။ ၁၄:၂၀ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၄။ ၁၇:၄၅ ရောင်စုံပျံ့သင်း စာပန်းခင်း

## သဘာဝမြေဩဇာ ကိုယ်တိုင်ထုတ်လုပ် သုံးစွဲနိုင်ရေး တောင်သူပညာပေး လုပ်ငန်းဆောင်ရွက်

ဆိပ်ဖြူ ဧပြီ ၂၈

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများ သဘာဝမြေဩဇာ ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ရေး သဘာဝမြေဩဇာထုတ်လုပ်နည်း တောင်သူပညာပေးခြင်းကို ဧပြီလ ၂၇ ရက်က အနောက်ပိုင်းရပ်ကွက်၌ ဆောင်ရွက်သည်။

ဒေသခံတောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုးရာတွင် သွင်းအားစုဓာတ်မြေဩဇာများ သုံးစွဲမှုလျှော့ချနိုင်ရေးနှင့် သီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် ကုန်ကျစရိတ်သက်သာသည့် လယ်ယာစွန့်ပစ်ပစ္စည်းများနှင့် သစ်ရွက်ဆွေးများကိုအသုံးပြု၍ သွင်းအားစုသဘာဝမြေဩဇာ ကိုယ်တိုင်ထုတ်လုပ်သုံးစွဲပြီး စိုက်ပျိုးရေးကဏ္ဍ အောင်မြင်ဖြစ်ထွန်းစေရန်ရည်ရွယ်၍ သဘာဝမြေဩဇာကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ရေး တောင်သူပညာပေးလုပ်ငန်း ဆောင်ရွက်ခြင်းဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းနိုင်က တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများအား သွင်းအားစုသဘာဝမြေဩဇာ ပြုလုပ်သုံးစွဲခြင်းမှ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ လယ်ယာစွန့်ပစ်ပစ္စည်းများ၊ သစ်ရွက်ဆွေးများ၊ နွားချေး၊ ဖွဲနု၊ နှမ်းဖတ်တို့ကို အသုံးပြု၍ EMဖျော်ရည်ရောစပ်ပြီး သဘာဝမြေဩဇာပြုလုပ်ပုံတို့ကို လက်တွေ့ပြုလုပ်ပြသကြောင်း သိရသည်။

စိုးလင်းနိုင်(IPRD)

## ကယားပြည်နယ် လွိုင်ကော်မြို့၌ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ



လွိုင်ကော် ဧပြီ ၂၈

ကယားပြည်နယ် လွိုင်ကော်မြို့၌ KG နှင့် Grade -1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ်ကို ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာပြည်နယ်အဆင့် (ဆင့်ပွား) ဆွေးနွေးပွဲ အခမ်းအနားကို ဧပြီလ ၂၇ ရက်က ပြည်နယ်ပညာရေးမှူးရုံး ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ပြည်နယ်အတွင်း၌ရှိသည့် ကလေးသူငယ်များ၏ အနာဂတ်ပညာရေးအုတ်မြစ်ခိုင်မာစေရန်အတွက် KG နှင့် Grade -1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ်ကို ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပြည်နယ်အဆင့် (ဆင့်ပွား) ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မူကြိုတွင် ကစားရင်းသင်ယူခဲ့သည့် ကလေးများအနေဖြင့် KG နှင့် Grade-1 ကို ရောက်သည့်အချိန်တွင် ပတ်ဝန်းကျင်အသစ်နှင့် သင်ယူမှုပုံစံအသစ်များကြောင့် အခက်အခဲမဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းကြီးကြပ်ဆရာမကြီးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို အခြေခံပညာနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့မှ ပို့ချဆွေးနွေးသွားမည်ဖြစ်ပြီး သင်တန်းကို ၁၀ ရက်ကြာဖွင့်လှစ်မည်ဖြစ်ရာ KG နှင့် Grade- 1 သင် ဆရာ၊ ဆရာမ ၉၀ ဦး တက်ရောက်ကြောင်း သိရသည်။

ဒေါ်ဒဲမြာ

## တိုက်ကြီးမြို့နယ်၌ တန်းမြင့်မြေတိုင်းတာခြင်းနှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်းသင်တန်းဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင် တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း၌ တန်းမြင့်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းအမှတ်စဉ်(၄၈)နှင့် လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းအမှတ်စဉ်(၇၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၈ ရက်တွင် ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း ညွှန်ကြားရေးမှူး ကျောင်းအုပ်ကြီး ဦးသိန်းစိုးမင်းက လယ်ယာကဏ္ဍဆိုင်ရာ စာရင်းအင်း၊ သတင်းအချက်အလက်များနှင့် မြေအသုံးချမှုဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန်ပြုစုထုတ်ပြန်နိုင်ရေး ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းသင်တန်းသို့ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ မြေတိုင်း- ၄၊ မြေတိုင်း- ၅ နှင့် လက်ထောက်ဦးစီးမှူး ၂၅၅ ဦး တက်ရောက်ကာ သင်တန်းကာလ ငါးလခွဲကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

## နတ်မောက်မြို့နယ်၌ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် သုတ ရသစာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးလျက်ရှိ



နတ်မောက် ဧပြီ ၂၈

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ နတ်မောက်မြို့နယ်၌ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ဧပြီလ ၂၇ ရက်က သုတ၊ ရသစာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးသည်။

အဆိုပါ ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်၌ သုတ၊ ရသစာအုပ် ၂၅၀၀ ကျော်ပါရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ်လဲလှယ်ပေးလျက်ရှိရာ စာဖတ်ဝါသနာပါသူများ၊ စာကြည့်တိုက်သို့ အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သူများကို စာပေလေ့လာဖတ်ရှုနိုင်စေရန်နှင့် အားလပ်ချိန်ကို အကျိုးရှိစွာအသုံးချနိုင်စေရန်ရည်ရွယ်၍ စာဖတ်ပရိသတ်များ၏လက်ဝယ်အရောက် ငှားရမ်းပေးခြင်းဖြစ်သည်။

ထိုသို့ငှားရမ်းပေးခဲ့သော သုတ၊ ရသစာအုပ်စာစောင်များကို ရက်သတ္တပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များ ထပ်မံငှားရမ်းပေးလျက်ရှိပြီး နတ်မောက်မြို့နယ် ပြည်သူ့စာကြည့်တိုက်၌လည်း သုတ၊ ရသစာအုပ်စာစောင်များကို မည်သူမဆို အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

အိမ့်ပြည့်ပြည့်ခိုင်(ပြန်/ဆက်)




## မြိတ်မြို့ သားဖွားသင်တန်းကျောင်း၌ ဘက်စုံသားဖွားဒီပလိုမာ အပတ်စဉ်(၁၃) သင်တန်းသူများအား ဦးဆောင်းအပ်နှင်းပွဲကျင်းပ

မြိတ် ဧပြီ ၂၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သားဖွားသင်တန်းကျောင်း၌ ဘက်စုံသားဖွားဒီပလိုမာ အပတ်စဉ်(၁၃) သင်တန်းသူများအား ဦးဆောင်းအပ်နှင်းပွဲကို ဧပြီလ ၂၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ ဦးဆောင်းအပ်နှင်းပွဲအခမ်းအနားတွင် မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက အဖွင့်အမှာစကားပြောကြားပြီး သားဖွားသင်တန်းကျောင်း ကျောင်းအုပ် ဒေါ်ယုယုမော်က ဦးဆောင်းပေးအပ်ခြင်း၏ အနက်အဓိပ္ပာယ်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘက်စုံသားဖွားဒီပလိုမာ အပတ်စဉ်(၁၃) သင်တန်းသူ ၅၇ ဦးအား ကျောင်းအုပ်၊ သူနာပြုအုပ်နှင့် တာဝန်ခံသူနာပြုဆရာမကြီးများက ဦးဆောင်းများ အသီးသီးချိတ်ပြပေးအပ်သည်။

ဆက်လက်၍ သင်တန်းသူများက လက်ဆင့်ကမ်းဆီမီးတိုင်များကို ထွန်းညှိ၍ သူနာပြုသစ္စာအဓိဋ္ဌာန် ရွတ်ဆိုခဲ့ကြကာ ပထမနှစ် ဘက်စုံသားဖွားဒီပလိုမာ သင်တန်းသူများက ကရုဏာအလင်း သီချင်းဖြင့်သီဆိုဂုဏ်ပြု၍ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဒုတိယနှစ် ဘက်စုံသားဖွားဒီပလိုမာသင်တန်းသူများက ပြည်သူချစ်တဲ့ သားဖွားဆရာမများသီချင်းဖြင့် သီဆိုဂုဏ်ပြုကြကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

# အစိုးရ၏ ရက်(၁၀၀)အတွင်း ဦးစားပေးဆောင်ရွက်မည့် စီမံကိန်းများနှင့် ချိတ်ဆက်အကောင်အထည်ဖော်နိုင်ရေးရှင်းလင်းမှာကြား



နေပြည်တော် ဧပြီ ၂၈

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့် အစိုးရ၏ ရက်(၁၀၀) အတွင်း ဦးစားပေးဆောင်ရွက်မည့် စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၃၂)၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟို၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ထင်နှင့် ဦးသန့်စင်လွင်၊ အမြဲတမ်းအတွင်းဝန်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်ဖြစ်သည့် တိုင်းပြည် တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အလေးထား၍ ဦးစားပေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် အစိုးရ၏ ရက်(၁၀၀)အတွင်း ဆောင်ရွက်မည့်စီမံကိန်းများကို ဒေသန္တရစီမံကိန်း၊ ကဏ္ဍစီမံကိန်းများဖြင့် ချိတ်ဆက်စိစစ်၍ အမျိုးသားစီမံကိန်းပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားကြရန် လိုကြောင်း။

နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများ နှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းဥပဒေနှင့်ဒေသန္တရစီမံကိန်းဥပဒေပါ လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများ၏ အကောင်အထည်ဖော်မှုအခြေအနေများအား မြေပြင်ကွင်းဆင်းစိစစ်ပြီး အစီရင်ခံပြုစုတင်ပြခြင်း၊ GDP ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးပြုနေသော ငွေလုံးငွေရင်းအသုံးစရိတ်များနှင့် စပ်လျဉ်း၍ စိစစ်ခြင်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးနှင့်ပိုမိုဝင်ရောက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သည့် ဌာန/ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များအား အသိပညာ မျှဝေပေးနိုင်ရေး၊ ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ကာလအတွင်း နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် Unique ID ထုတ်ပေးရေးလုပ်ငန်းကို လမင်းစီမံချက်ဖြင့် အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်သွားမည်





နေပြည်တော် ဧပြီ ၂၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သမ္မတ၏မိန့်ခွန်းပါ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) ကာလအတွင်းပြည်သူများအတွက်လက်ငင်းအကျိုးဖြစ်ထွန်းစေမည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် Unique ID ထုတ်ပေးရေးလုပ်ငန်းကို လမင်းစီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးလင်းဇော်ထွန်းနှင့် ဒေါက်တာခိုင်ခိုင်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာဒေသများမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါ လမ်းညွှန်ချက်များနှင့် အညီ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) ကာလအတွင်း ဝန်ကြီးဌာနအနေဖြင့် အသက် ၁၈ နှစ်ပြည့်ပြီးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့် နိုင်ငံသားများ၊ အသက်၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် Unique ID ကောက်ယူခြင်းလုပ်ငန်းကို လမင်းစီမံချက်ဖြင့် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရက်(၁၀၀) လမင်းစီမံချက်ကာလအတွင်း လုပ်ငန်းများ ထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်ဌာနများနှင့် ကြိုတင်ပြင်ဆင် ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လာရောက်ဆောင်ရွက်ကြသည့် ပြည်သူများအတွက် လိုအပ်သည့် အထောက်အထားများ ကြိုတင်စီစဉ်ဆောင်ရွက်ထားနိုင်ရေး အသိပေးနှိုးဆော်ခြင်း လုပ်ငန်းများကိုလည်း ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန် အရေးကြီးကြောင်း။

သဘာဝဘေးနှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး/ ပျက်စီးသူများ၊ အထောက်အထားမပြည့်စုံသူများကို မိမိတို့ဝန်ထမ်းများက သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ပေးပြီး သက်ဆိုင်ရာမြို့နယ်အဆင့် (၅)ဦး ကော်မတီဖြင့် စိစစ်အတည်ပြု၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ပြားထုတ်ပေးကာ UID တစ်ပါတည်း ကောက်ယူဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ယခု ရက် (၁၀၀) ကာလအတွင်း နိုင်ငံနှင့်ပြည်သူအကျိုးကို ရှေးရှုကာ ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လမင်းစီမံချက်အောင်မြင်စေရေးအတွက် ယခုအစည်းအဝေးတွင် လုပ်ငန်း လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေး တင်ပြကြရန်နှင့် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် လက်ရှိလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် အစိုးရ၏ ရက်(၁၀၀) ကာလအတွင်း လမင်းစီမံချက်ဖြင့် နိုင်ငံသားကတ်ပြားနှင့် UID ကောက်ယူဆောင်ရွက်မည့်အခြေအနေများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများ၊ ပြည်သူအတွက် လက်ငင်းဦးစားပေးလုပ်ငန်းများကို လမင်းစီမံချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြဆွေးနွေးကြပြီး ဒုတိယဝန်ကြီးများက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

မြဝတီ

## ၂၀၂၆ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် ရန်ကုန်မြို့၏ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှား များ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာအနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမစနစ်ဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ကွင်းဆင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမစနစ်ဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှုနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး၌ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဦးစီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ မြို့နယ်အသင်းအမှုဆောင်များ၊ အသင်းသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သမဝါယမစနစ်ကို အစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ အတွင်း မိမိတို့ဝန်ကြီးဌာနက ကျေးလက်ရေရှည်ရေးလုပ်ငန်း၊ဆိုလာရေတင်စနစ်ဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ် နန္ဒာ(တောင်) ကျေးရွာရှိ နွေစပါးစိုက်တောင်သူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ဈေးနှုန်းသက်သာသောသွင်းအားစုများကို တောင်သူလက်ဝယ် စိုက်ပျိုးချိန်အမီရောက်ရှိရန် ဌာနဆိုင်ရာများနှင့်ပုဂ္ဂလိကတို့ပူးပေါင်းကာ ယူရီးယားမြေဩဇာများ ရောင်းချပေးလျက်ရှိပါကြောင်း ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာတင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်စံပြကျေးရွာ ကျေးရွာဘက်စုံသုံးခန်းမ၌ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံအမှာစကားပြောကြားပြီး ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF)မှ အစုအဖွဲ့စနစ်ဖြင့် မွေးမြူထားသော နို့စားနွားနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာ ၁၇၅ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၆၀ ကို ဆက်လက်တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ) သို့လည်းကောင်း၊ ပျော်ဘွယ်မြို့နယ် ငွေးဇီးကျေးရွာရှိကျွန်းရွှေဝါ လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း၏ မိုးကြိုဝါ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ပန်ကြပ်ဆီလတ်နည်းပြသင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း တက်ရောက်



**ရန်ကုန် မေ ၂၈**

အားကစားရေးရာဝန်ကြီးဌာနအားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပန်ကြပ်ဆီလတ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ပန်ကြပ်ဆီလတ်နည်းပြသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိအားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံပန်ကြပ်ဆီလတ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ သင်တန်းနည်းပြ ဆရာ/ဆရာမများနှင့် သင်တန်းသား/သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပန်ကြပ်ဆီလတ် နည်းပြသင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ပန်ကြပ်ဆီလတ်ပြိုင်ပွဲတွင် အသုံးပြုမည့်နည်းစနစ်များ၊ အမှတ်ပေးစည်းမျဉ်းနှင့် စည်းကမ်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ နည်းပြများနှင့် အားကစားသမားများ ပိုမိုသိရှိနားလည်၍ ပြိုင်ပွဲများတွင်အောင်မြင်မှုရရှိပြီး အရည်အသွေးပြည့်ဝသည့် နည်းပြကောင်းများပေါ်ထွက်လာစေမည်ဖြစ်ပါကြောင်း၊ နည်းပြများအနေဖြင့် သင်တန်းတွင် သင်ကြားပို့ချပေးမည့် ဥပဒေနှင့် နည်းစနစ်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အကျိုးရှိစွာ ပြန်လည်အသုံးချပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် မျိုးဆက်သစ်အားကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စမ်းချောင်းမြို့နယ်ရှိပဒုမ္မာအားကစားကွင်း၌ တိုင်းဒေသကြီးနှင့် ပြည်နယ် U-18 အမျိုးသားဘောလုံးရှုံး/ထွက်ပြိုင်ပွဲ ကျင်းပနိုင်ရေး ဘောလုံးကွင်းကောင်းမွန်စေရန် ပြင်ဆင်ထားရှိမှုများ၊ ဘောလုံးကွင်းအတွင်း အလံတိုင်၊ ဂိုးတိုင်၊ ဂိုးပိုက်များနှင့် ကွင်းပတ်လည်နံရံပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်အတိုင်း ရက် ၁၀၀ အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို စနစ်တကျလုပ်ကိုင်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ သန်လျင်ခရိုင် သီဟဒီပ အားကစားကွင်းရှိဘောလုံးကွင်း၊ ပွဲကြည့်စင်၊ ရေလှောင်ကန်၊ ရေကူးကန်၊ ပြိုင်ပွဲရုံ(က) သီဟဒီပအားကစားခန်းမနှင့် ဖူဆယ် အားကစားကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အားကစားကွင်း/အားကစားရုံအတွင်း ပြိုင်ပွဲများစဉ်ဆက်မပြတ်ကျင်းပ၍ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်းရှိ ပဒေသာ အားကစားခန်းမနှင့် ဘောလုံးကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ အရာထမ်း/အမှုထမ်းများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်၊ Smart School နှင့် Football For School Program အရ ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေသကဲ့သို့ အခြားအားကစားနည်းများကို အားထည့်၍ဆောင်ရွက်သွားစေလိုကြောင်း၊ ပြည်သူလူထုအမြင်၌ အားကစားယဉ်ကျေးမှုတစ်ရပ်ဖြစ်ပေါ်လာစေရန်နှင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် တက်ညီလက်ညီဖြင့် အတူတကွ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၏ တင်ပြချက်များနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“အုပ်ချုပ်ရေးစနစ်ပြောင်းလဲခဲ့ပေမယ့် အဖျက်အမှောင့်နဲ့ အပြစ်မဲ့ပြည်သူကို ခြိမ်းခြောက်သတ်ဖြတ်ရေး အလုပ်တွေကိုသာ အရှိန်မပျက်လုပ်နေဆဲ အကြမ်းဖက်သမားများ ”** ခေါင်းစဉ်ဖြင့် ၆-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၃-၅-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“PDF အမည်ခံအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်များနဲ့ အစိုးရသစ်ကြားမှာ ငြိမ်းချမ်းခြင်းနေ့သစ်တွေ မြင်တွေ့ရတော့မှာလား”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း မနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မျိုးဆက်သစ်လူငယ်များနှင့် အနာဂတ်တာဝန်

ရွှေညာမြေမြတ်သင်းကြိုင်

**❒ လူငယ်များတွင် ရှိသင့်ရှိအပ်သည့် ကိုယ်ကျင့်တရားများ၊ မျိုးချစ်စိတ်ဓာတ်များ၊ ဆင်ခြင်တုံတရားများ၊ ဘာသာတရားကိုင်းရှိုင်း၍ အမျိုးဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများအား မြတ်နိုးစောင့်ရှောက်တတ်ရန်နှင့်အချိန်၏တန်ဖိုးကိုသိရှိပြီး မိမိကိုယ်ကို ဉာဏ်ပညာနှင့်ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ အနာဂတ်အတွက် လူကောင်းလူတော်များဖြစ်လာစေရန်ရည်ရွယ်လျက် ဖွင့်လှစ်ပို့ချပေးခြင်းဖြစ် . . .**

**❒ လူငယ်များသည် လူ့အဖွဲ့အစည်း၏အပြောင်းအလဲကို ဖန်တီးနိုင်သူများဖြစ်သည်။ အနာဂတ်ကာလ၏နိုင်ငံ့တာဝန်များကို ထမ်းဆောင်မည့်သူများပင်ဖြစ် . . .**

"အချိန်နှင့်ဒီရေသည် လူကိုမစောင့်" "အချိန်ရှိခိုက် လုံ့လစိုက်" စသည့်ဆိုရိုးစကားများရှိခဲ့သည်။ အချိန်သည် လူကိုမစောင့်သည့်အတွက် လူကသာအချိန်ကို စောင့်ရမည်ဖြစ်သည်။ လူတစ်ဦးတစ်ယောက်အနေဖြင့် မိမိဘဝတိုးတက်အောင်မြင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ အလုပ်လုပ်ကြရမည်ဖြစ်သည်။ လူတို့သည် အောင်မြင်မှုအတွက် ဦးတည်ချက်အမျိုးမျိုးဖြင့်လျှောက်လှမ်းနေကြရသူများဖြစ်သည်။ အချို့လူများသည် စစ်မှုထမ်းများ၊ အချို့သည် ပညာရေးဝန်ထမ်းများ၊ ဌာနအမျိုးမျိုးရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ အလုပ်သမားများ၊ စီးပွားရေးလုပ်ငန်းရှင်များအစရှိသဖြင့် ဘဝတိုးတက်ရေးအတွက် လျှောက်လှမ်းနေကြသူများဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအတွင်းရှိ မည်သူမဆို လူငယ်ဘဝကပင် စတင်ကြရသူများဖြစ်သည်။ သစ်ပင်တစ်ပင်အတွက် အမြစ်သည် အရေးပါလှပေသည်။ အဆောက်အအုံတစ်ခုသည်လည်း အုတ်မြစ်ခိုင်မာရမည်ဖြစ်သည်။ သို့မှသာ ရေရှည်တည်တံ့ခိုင်မြဲလျက် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်။ လူတို့၏ဘဝတွင်လည်း လူငယ်ဘဝသည် အခြေခံအုတ်မြစ်ပင်ဖြစ်သည်။ ထိုအခြေခံအုတ်မြစ်ခိုင်မာမှသာ ရှေ့ဆက်မည့်ခရီး၌ ချောမွေ့ပြီး စည်ပင်သာယာဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပေသည်။ နိုင်ငံတော်တာဝန်အရပ်ရပ်အား ပခုံးပြောင်းထမ်းဆောင်ကြမည့် လူငယ်မောင်မယ်များသည် ဘက်စုံတော်သည့်သူများဖြစ်ကြရပေမည်။ သို့မှသာ ၎င်းတို့တည်ဆောက်မည့် အမိနိုင်ငံတော်ကြီးသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရသည် ခေတ်အဆက်ဆက်ကပင် နိုင်ငံတော်ရှေ့ရေးကို မျှော်တွေးလျက် လူငယ်မောင်မယ်များကိုမွေးထုတ်ခဲ့ကြသည်။ ကျောင်းသားလူငယ်များဖြစ်သည့် အခြေခံကျောင်းသားလူငယ်မောင်မယ်များနှင့် အဆင့်မြင့်ကျောင်းသားများဖြစ်သည့်တက္ကသိုလ်/ကောလိပ်ကျောင်းသားလူငယ်မောင်မယ်များအား ကျောင်းပိတ်ရက်အားလပ်ချိန်များတွင် သင်တန်းများဖွင့်လှစ်ပို့ချခဲ့ပေသည်။ ထိုသို့ သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းသည် နိုင်ငံတော်အတွက် မျိုးဆက်သစ်များ မွေးထုတ်ပေးနေခြင်းပင်ဖြစ်သည်။ အားလပ်ချိန်အား အလဟဿမဆုံးရှုံးစေရန်ပင်ဖြစ်သည်။

နိုင်ငံတော်အတွက် ဝန်ကြီးဌာနများအလိုက် သင်တန်းများဖွင့်လှစ်ပေးသကဲ့သို့ တပ်မတော်(ကြည်း/ရေ/လေ)တို့မှလည်း မိမိတို့နှင့်သက်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချလျက် မျိုးဆက်သစ်များ မွေးထုတ်ပေးခဲ့ကြသည်။ ယခု ၂၀၂၆ ခုနှစ် နွေရာသီ ကျောင်းပိတ်ရက် အားလပ်ချိန်များတွင်လည်း အခြေခံနှင့်တန်းမြင့်လေကြောင်းလူငယ်သင်တန်းများအား ဆက်လက်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။ လေတပ်စခန်းဌာနချုပ်များနှင့် အချို့သောမြို့ကြီးများတွင် သင်တန်းပေါင်း ၂၀ ခုဖွင့်လှစ်ပို့ချပြီး လူငယ်မျိုးဆက်သစ်မောင်မယ်များ မွေးထုတ်ပေးသွားမည်ဖြစ်သည်။

လေကြောင်းလူငယ်သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၏ရည်ရွယ်ချက်မှာ ကျောင်းသားလူငယ်များအား လေကြောင်းဆိုင်ရာပညာရပ်များ၌ စိတ်ပါဝင်စားလာစေရန် လေယာဉ်/ရဟတ်ယာဉ်များ၏ အခြေခံသဘောတရားများအား ကျွမ်းကျင်တတ်မြောက်စေရန်၊ စိတ်ဓာတ်ကြံ့ခိုင်ကောင်းမွန်သူများဖြစ်လာစေရန်၊ စည်းကမ်းစနစ်ကျနသော လူငယ်မောင်မယ်များဖြစ်ပေါ်လာစေရန်၊ ကျန်းမာကြံ့ခိုင်စွာဖြင့် ပူးပေါင်းဆောင်ရွက်လိုစိတ်များရှိလာစေရန်၊ စုပေါင်းဆောင်ရွက်လိုသည့်အလေ့အကျင့်ကောင်းများကိန်းအောင်းလာစေရန်နှင့် လေကြောင်းပညာသမိုင်းကိုလေ့လာရသဖြင့် လေကြောင်းနှင့် အာကာသသိပ္ပံပညာရပ်များတွင် စိတ်ပါဝင်စားမှုများ တိုးပွားလာစေရန်ဖြစ်သည်။ ထို့ပြင် လူငယ်များတွင် ရှိသင့်ရှိအပ်သည့် ကိုယ်ကျင့်တရားများ၊ မျိုးချစ်စိတ်ဓာတ်များ၊ ဆင်ခြင်တုံတရားများ၊ ဘာသာတရားကိုင်းရှိုင်း၍ အမျိုးဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများအား မြတ်နိုးစောင့်ရှောက်တတ်ရန်နှင့်အချိန်၏တန်ဖိုးကိုသိရှိပြီး မိမိကိုယ်ကို ဉာဏ်ပညာနှင့်ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ အနာဂတ်အတွက် လူကောင်းလူတော်များ ဖြစ်လာစေရန်ရည်ရွယ်လျက် ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်သည်။

လေကြောင်းလူငယ် အခြေခံသင်တန်းတွင် သင်တန်းသားမောင်မယ်များအား အခြေခံစစ်ရေးပြ (လက်နက်မဲ့/လက်နက်ပါ)ဘာသာရပ်၊ လေကြောင်းပညာသမိုင်းဘာသာရပ်၊ လေယာဉ်ပျံသန်းမှုအခြေခံသဘောတရားများ၊ RC Simulator မောင်းနှင်ခြင်း၊ RC လေယာဉ်/ ရဟတ်ယာဉ်မောင်းနှင်ခြင်း စသည့် ဘာသာရပ်များအား သင်ကြားပို့ချသွားမည်ဖြစ်သည်။

သင်တန်းသား လူငယ်မောင်မယ်များအတွက် သင်ကြားပို့ချသည့်ဘာသာရပ်တိုင်းသည် စိတ်ဝင်စားဖွယ်ဖြစ်ပြီး အလေ့အကျင့်ကောင်းများရရှိစေမည်ဖြစ်သည်။ RC လေယာဉ်ငယ်ပျံသန်းသည့်အခါတွင်လည်း လေယာဉ်ကြီးများပျံသန်းရသကဲ့သို့ အခြေခံသဘောတရားများကို တွေ့ရှိကြရမည်ဖြစ်သည်။ ပျံသန်းမှုအတတ်ပညာ၏အနှစ်သာရများကို ပီတိဖြစ်ဖွယ်ခံစားကြရမည်ဖြစ်သည်။ သင်တန်းတွင် ထူးချွန်သည့်သူများအား တန်းမြင့်သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ရကြမည်ဖြစ်၍ အပြိုင်အဆိုင်ကြိုးစားလိုသည့် စိတ်ဓာတ်ကောင်းများလည်း တိုးပွားလာမည်ဖြစ်သည်၊ လေကြောင်းလူငယ်တန်းမြင့်သင်တန်းတွင် လေယာဉ်/ရဟတ်ယာဉ်အစစ်များအား မောင်းနှင်ပျံသန်းမှုကို လေ့လာသင်ကြားရမည်ဖြစ်ပြီး လိုက်ပါပျံသန်းနိုင်မည့် အခွင့်အရေးများကိုလည်း ရရှိမည်ဖြစ်သည်။ ထို့ကြောင့် သင်တန်းသားများအနေဖြင့် ထူးချွန်စွာအောင်မြင်ရေးအတွက် ကြိုးစားသင်ယူသွားကြရန် လိုအပ်လှပေသည်။

လူငယ်ဘဝသည် အရာရာတွင်စွန့်စားလိုစိတ်ရှိသူများဖြစ်ကြသည်။ ထိုစွန့်စားမှုကိုအခြေခံ၍ ရရှိထားသည့်အားလပ်ချိန်အား လုံ့လစိုက်ထုတ် အမြတ်ထုတ်ကြရန်ဖြစ်သည်။ နိုင်ငံတော်တည်ဆောက်ရေးသည် မိမိတို့တာဝန်ဖြစ်ကြောင်း နှလုံးသွင်းထားကြရမည်ဖြစ်သည်။ လေကြောင်းလူငယ်သင်တန်းဖြစ်သည့်အတွက် မိမိကိုယ်မိမိ အနာဂတ်၏ လေကြောင်းပညာရှင်များအဖြစ် မှတ်ယူလျက် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ သင်တန်းကာလအတွင်း သင်တန်းသားများအား သက်ဆိုင်ရာ လေတပ်စခန်းဌာနချုပ်များတွင် စခန်းသွင်းလေ့ကျင့်သွားမည်ဖြစ်သည်။ သို့အတွက် မိမိအိမ်တွင် နေထိုင်သကဲ့သို့မဟုတ်ဘဲ စစ်ဘက်ဆိုင်ရာနေထိုင်မှုပုံစံများ၊ စစ်စည်းကမ်းများအား အတွေ့အကြုံတစ်ခုအဖြစ်ရရှိမည်ဖြစ်သည်။ ဝတ်စားဆင်ယင်မှုတွင်လည်း လေကြောင်းလူငယ်ယူနီဖောင်းဝတ်ဆင်ရမည်ဖြစ်သည်။ လူငယ်တစ်ယောက်အတွက် လွန်စွာဂုဏ်ယူစရာကောင်းသည့် ဝတ်စားဆင်ယင်မှုကို ခံစားရမည်ဖြစ်သည်။ သင်တန်းတွင် မိမိတို့၏မြို့နယ်သာမဟုတ်ဘဲ အခြားသောမြို့နယ်များမှလည်း လာရောက်သင်ကြားကြမည်ဖြစ်၍ "မိတ္တဗလ" ခေါ်သည့်မိတ်ဆွေအပေါင်းအသင်း တိုးပွားလာစေမည်ဖြစ်သည်။ သင်တန်းသားများ အတူစား၊ အတူသွား၊ အတူလေ့ကျင့်ရသည့်အတွက် တစ်သက်စာမေ့မရနိုင်သည့် သံယောဇဉ်များ တိုးပွားလာမည်ဖြစ်သည်။ တစ်နိုင်ငံလုံးတွင်ရှိသည့် လေကြောင်းပညာဝါသနာတူသူငယ်ချင်းများနှင့် ချိတ်ဆက်မိသွားသည့်အတွက် တိုင်းပြည်၏ အနာဂတ်အတွက် အင်အားကြီးတစ်ခုဟုပင် ဆိုရမည်ဖြစ်သည်။ လေကြောင်းလူငယ်သင်တန်းတက်ရောက်ရခြင်းသည် "ကောင်းကင်ယံကို ချစ်မြတ်နိုးသူများ" ဆုံစည်းပေးခြင်းပင်ဖြစ်သည်။ သင်တန်းတက်ရောက်ရသည့်အတွက် လေကြောင်းပညာများသာမက မိမိကိုယ်ကိုယုံကြည်မှု၊ ဆုံးဖြတ်ချက်ပြတ်သားခြင်းနှင့် တာဝန်ယူတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေမည်ဖြစ်သည်။

တပ်မတော်(လေ)၏သမိုင်းကိုသင်ကြားရခြင်းဖြင့် (Tiger Moth) လေယာဉ်အမျိုးအစားမှအစပြုခဲ့ပြီး အသံထက်မြန်သည့် (Supersonic)ဂျက်တိုက်လေယာဉ်အဆင့်ထိ သုံးစွဲခဲ့သည့် လေယာဉ်/ရဟတ်ယာဉ်မျိုးဆက်များစွာကို သိရှိကြရပေမည်။ အတွေ့အကြုံပေါင်းများစွာကိုဖြတ်ကျော်လျက် နိုင်ငံတကာအဆင့်မီ လေကြောင်းနှင့်အာကာသစွမ်းအားပိုင်ဆိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြသည်ကို လေးစားဂုဏ်ယူဖွယ်လေ့လာသိရှိရမည်ဖြစ်သည်။ မြန်မာ့ဝေဟင်တွင် မြန်မာ့လေယာဉ်များ ပျံသန်းနိုင်ရေးကြိုးပမ်းခဲ့ကြသည့်လေသူရဲကြီးများအား အတုယူကြရမည်ဖြစ်သည်။ လက်ရှိတပ်မတော်(လေ)ရှိ အရာရှိ/စစ်သည်များသည်လည်း အဆင့်ဆင့်လက်ဆင့်ကမ်းပြီး မဆုတ်မနစ်သော ဇွဲ၊ လုံ့လတို့ဖြင့် ကြိုးပမ်းအားထုတ်လုပ်ဆောင်လျက်ရှိနေပေသည်။ တပ်မတော်(လေ)ရှိ အရာရှိ/စစ်သည်များသည် ခေတ်အဆက်ဆက်ကပင် နိုင်ငံတော်ကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်များကျရောက်ရာဒေသများသို့ ရှာဖွေကယ်ဆယ်ရေးများပြုလုပ်ပေးခြင်း၊ စားနပ်ရိက္ခာနှင့်ဆေးဝါးများပို့ဆောင်ပေးခြင်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးများတွင် ပါဝင်ဆောင်ရွက်ပေးခြင်းများလုပ်ဆောင်ခဲ့သည်ကိုလည်း ဗဟုသုတဖြစ်ဖွယ်တွေ့ရှိရပေမည်။

လေကြောင်းလူငယ်သင်တန်းသည် သင်တန်းသားများအား အနာဂတ်နိုင်ငံတော်အတွက် ရည်ရွယ်လျက် မျိုးဆက်သစ်များမွေးထုတ်ပေးနေခြင်းဖြစ်သည်။ မျိုးဆက်သစ်လူငယ်မောင်မယ်များအနေဖြင့် တိုင်းပြည်၏တာဝန်များအား ပခုံးပြောင်းထမ်းဆောင်ကြရမည်ဖြစ်သည်။ လူငယ်များ၏ပခုံးပေါ်သို့ ကျရောက်လာမည့်တာဝန်များမှာ အလွန်ကျယ်ပြန့်ပြီး အရေးကြီးလှပေသည်။ ထိုတာဝန်များအား ထမ်းဆောင်နိုင်ရန်အတွက် ကိုယ့်ကိုယ်ကိုယ်ပြင်ဆင်ထားကြရပေမည်။ မည်သို့ပြင်ဆင်ကြပါမည်နည်း။ ပထမဦးစွာ မိမိကိုယ်ကို အရည်အသွေးပြည့်ဝနေစေရေးတည်ဆောက်ကြရမည်ဖြစ်သည်။ "ငယ်ရွယ်စဉ်အခါပညာရှာ"ဆိုသည့်စကားအတိုင်း ကျောင်းနေအရွယ်တွင် ပညာသင်ကြားရမည်ဖြစ်သည်။ အခြေခံပညာရေးသာမက အဆင့်မြင့်ပညာတတ်မြောက်ပြီး ဘွဲ့၊ ဒီဂရီအသီးသီးရရှိသည်အထိ သင်ကြားကြရပေမည်။ သင်ကြားသည့်အခါတွင်လည်း ကျောင်းခန်းထဲရှိ သင်ခန်းစာများသာမက ပြောင်းလဲနေသည့် ခေတ်စနစ်နှင့်အညီ လေ့လာသွားကြရန်လည်း လိုအပ်လှသည်။ နည်းပညာကျွမ်းကျင်ရေးအတွက် ယှဉ်တွဲလေ့လာသွားကြရပေမည်။ လူမှုဆက်ဆံရေးလောကတွင် လိုက်လျောညီထွေပြေပြစ်စွာ ဆက်ဆံနိုင်ရေး၊ ဖြစ်ပေါ်လာသည့်ပြဿနာများအား ပြေလည်စွာဖြေရှင်းနိုင်ရေး လေ့လာသွားကြရမည်ဖြစ်သည်။

မိမိကိုယ်ကိုအရည်အချင်းပြည့်ဝစေရေးကြိုးပမ်းရာတွင် ကျန်းမာရေးကောင်းမွန်ရန်မှာလည်း အရေးပါလှသည်။ "ကျန်းမာခြင်းသည် လာဘ်တစ်ပါး" ဟူ၍ဆိုရိုးရှိခဲ့သည်။ တိုင်းပြည်၏အနာဂတ်ကို တည်ဆောက်မည့်သူများသည် ကျန်းမာကြံ့ခိုင်နေကြရပါမည်။ စာမျက်နှာ ၁၄ သို့ ➤

➤ **စာမျက်နှာ ၁၃ မှအဆက်**

ကျန်းမာရေးဆိုရာ၌လည်း ကိုယ်ရောစိတ်ပါကြံ့ခိုင်သန်စွမ်းနေရမည်ဖြစ်သည်။ သို့အတွက် အစားအသောက်၊ အနေအထိုင်၊ အသွားအလာမှစ၍ သတိဝီရိယနှင့်ယှဉ်လျက် နေထိုင်သွားလာစားသောက်ကြရန်လိုအပ်လှသည်။ ကျန်းမာရေးကောင်းမွန်နေမှသာ မိမိလိုချင်သည့်ပညာရပ်များအား သင်ယူနိုင်မည်ဖြစ်သည်။ “ပညာလို အိုသည်မရှိ” ဆိုသကဲ့သို့ပင် အသက်ရှင်သန်နေသရွေ့ လေ့လာသင်ကြားနေကြရမည်ဖြစ်သည်။ “ပညာပြည့်ဝနှလုံးလှ”ဟူသည့် စကားနှင့်အညီ ပညာပြည့်ဝနေစေရေး အချိန်ရှိသမျှလေ့လာသင်ကြားနေကြရမည်ဖြစ်သည်။

ကျန်းမာရေးကောင်းမွန်ပြီး ပညာများတတ်မြောက်သင့်သလောက် တတ်မြောက်ပြီဆိုလျှင် ကိုယ်ကျင့်တရားကောင်းမွန်ရေးကိုလည်း တည်ဆောက်ကြရမည်ဖြစ်သည်။ အကျင့်စာရိတ္တကောင်းမွန်ရေးအတွက် ရိုးသားမှု၊ ကိုယ်ချင်းစာတရားရှိမှု၊ ပရဟိတစိတ်ထားနိုင်မှု၊ တာဝန်ယူလိုစိတ်ရှိမှု၊ အများနှင့်ပူးပေါင်းဆောင်ရွက်နိုင်မှုစသည်တို့ကို လေ့ကျင့်မွေးမြူသွားရမည်ဖြစ်ပေသည်။ ကိုယ်ကျင့်တရားကောင်းမွန်မှသာ လူ့အဖွဲ့အစည်းများနှင့်ပူးပေါင်းလျက် နိုင်ငံတော်၏တာဝန်များ ထမ်းဆောင်နိုင်မည်ဖြစ်သည်။

လူငယ်များသည် လူ့အဖွဲ့အစည်း၏အပြောင်းအလဲကို ဖန်တီးနိုင်သူများဖြစ်သည်။ အနာဂတ်ကာလ၏နိုင်ငံ့တာဝန်များကို ထမ်းဆောင်မည့်သူများပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့ခေါင်းဆောင်ကောင်းတစ်ဦးရှိသင့်ရှိထိုက်သည့် အရည်အသွေးများပြည့်ဝနေရမည်ဖြစ်သည်။ နိုင်ငံသားတစ်ဦးအနေဖြင့် အခွင့်အရေးများရှိသကဲ့သို့ တာဝန်ဝတ္တရားများကိုလည်း ကျေပွန်စွာထမ်းဆောင်နိုင်ရပေမည်။ ယနေ့လူငယ်ဘဝ၌ပင် တရားဥပဒေအားလိုက်နာတတ်ရမည်ဖြစ်သည်။ တရားဥပဒေကို လေးစားတတ်စေရေး၊ တရားမျှတမှုကိုမြတ်နိုးတတ်စေရေး လေ့ကျင့်သွားရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတော်အတွက် အားကိုးအားထားရမည့်သူများဖြစ်လာပေမည်။

လေကြောင်းလူငယ်သင်တန်းများသည် နိုင်ငံတော်၏ လေကြောင်းကဏ္ဍတိုးတက်မြင့်မားရေးအတွက် ငယ်ရွယ်စဉ်ကပင် လေကြောင်းပညာအခြေခံများ မျိုးစေ့ချစိုက်ပျိုးနေခြင်းပင်ဖြစ်သည်။ ဤကဲ့သို့ နိုင်ငံတော်အတွက်ဟူ၍ သဘောရိုးစိတ်ထားအမှန်ဖြင့်ဖွင့်လှစ်ပို့ချနေသည့်သင်တန်းများအား နွေရာသီကျောင်းပိတ်ရက်ကာလများအတွင်း တက်ရောက်လေ့လာခြင်းဖြင့် လေကြောင်းနှင့်အာကာသသိပ္ပံဆိုင်ရာပညာရပ်များအား ထိတွေ့လေ့လာသိရှိနိုင်သည်သာမက အထွေထွေဗဟုသုတများ၊ ဒေသန္တရဗဟုသုတများရရှိသည့်အပြင် လူမှုပေါင်းသင်းဆက်ဆံရေးဆိုင်ရာများ၊ အဖွဲ့အစည်းဖြင့်လုပ်ဆောင်ရသောကိစ္စရပ်များ၊ အတွေ့အကြုံကောင်းများပိုင်ဆိုင်နိုင်မည့် အခွင့်အရေးကြီးတစ်ရပ်ပင်ဖြစ်ပေသည်။

သင်တန်းတက်ရောက်ကြမည့် လူငယ်မောင်မယ်များအတွက်ကား အဓိပ္ပာယ်ရှိလှသော၊ အဖိုးတန်လှသော နွေရာသီကျောင်းပိတ်ရက်ကာလများဖြစ်ပေလိမ့်မည်။ နောင်တစ်ချိန်အနာဂတ်နိုင်ငံတော်၏ အရေးပါသည့်အခန်းကဏ္ဍများဖြစ်သည့်လေကြောင်းနှင့်အာကာသသိပ္ပံဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် မြင့်မားမှန်ကန်သည့် ခံယူချက်၊ ရပ်တည်ချက်များဖြင့် ဦးဆောင်နိုင်ကြပေလိမ့်မည်။ အလွန်အဖိုးတန်လှသော လူသားအရင်းအမြစ်များဖြစ်ကြပေတော့မည်။ မိမိအနေဖြင့် အနာဂတ်အတွက်ကြိုတင်မျှော်တွေး၍ ရည်ရွယ်ချက်ကြီးမားစွာ လူငယ်မောင်မယ်များအား လေကြောင်းနှင့်အာကာသသိပ္ပံဆိုင်ရာပညာရပ်များအား ဆည်းပူးလေ့လာခွင့်ရရှိစေရန်အလို့ငှာ အခြေခံလေကြောင်းလူငယ်သင်တန်းများအား ဖွင့်လှစ်ပို့ချပေးလျက်ရှိသော တပ်မတော်(လေ)အား ကျေးဇူးဥပကာရတင်ရှိရပါသည်။ **“တိုင်းကားပြည်ရွာ၊ သာကြီးသာအောင်၊ ပညာသတိ၊ လက်ကိုင်ရှိတိုင်း၊ ပြည်ကြီးအကျိုး၊ ဆောင်ရွက်ကြိုး၍၊ ကျင့်ရိုးအစဉ်၊ မြဲစေယှဉ်လော့”**ဟူသည့် မဃဒေဝလင်္ကာ အတိုင်း နောင်တစ်ချိန်တွင် **“နိုင်ငံတော်အတွက် အဖိုးတန် ဝေဟင်လူငယ် တို့အားမာန်”**များဖြစ်လာမည့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသား၊ သင်တန်းသူ လူငယ်မောင်မယ်များအား ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

# နွေစပါးစိုက်တောင်သူများအား ယူရီးယားဓာတ်မြေဩဇာအိတ်များ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေး

နေပြည်တော် ဧပြီ ၂၈

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ၌ နွေစပါးစိုက်မည့် တောင်သူများအား ဧပြီလ ၂၇ ရက် နံနက်ပိုင်းတွင် ဌာနဆိုင်ရာတာဝန်ရှိသူများက ယူရီးယားဓာတ်မြေဩဇာအိတ်များကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသည်။

ထိုသို့ဓာတ်မြေဩဇာများ ဖြန့်ဖြူးရောင်းချပေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် မြို့နယ်လုပ်ငန်းကြီးကြပ်ရေးအဖွဲ့တို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ ပူးပေါင်းအဖွဲ့က ဧပြီလ ၂၇ရက် နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ ပုဂံဘုရားဝင်းအတွင်း၌ စုရပ်ပြုလုပ်၍ ဒေသခံတောင်သူ ၄၅ ဦးအား နွေစပါးသီးနှံရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေးအတွက် ယူရီးယားဓာတ်မြေဩဇာအိတ် ၈၅ အိတ်ကို သက်သာသောဈေးနှုန်းဖြင့် တောင်သူများထံ ဖြန့်ဖြူးရောင်းချပေးကြောင်း သိရသည်။

နေဘ်လူး

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌက္ကဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၁၂၄၅၊ ၀၂-၄၀၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းနှင့် ကွန်ပျူတာသင်တန်း သင်တန်းဆင်းပွဲများပြုလုပ်



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး နွေရာသီသင်တန်းဆင်းပွဲတွင် သင်တန်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဧပြီ ၂၈**

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ တပ်မတော်သားမိသားစုဝင်သားသမီးများ နွေရာသီကျောင်းပိတ်ရက်များတွင်အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ လက်တွေ့အသုံးချဘာသာရပ်များနှင့် အတူ ဗဟုသုတရစေပြီး အတတ်ပညာများ တိုးပွားစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းနှင့်ကွန်ပျူတာသင်တန်း သင်တန်းဆင်းပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မော်လမြိုင်မြို့ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ယဉ်ကျေးလိမ္မာသင်တန်းမှ ကျောင်းသား၊ ကျောင်းသူများ၏ (၃၈)ဖြာမင်္ဂလာ တရားတော်များနှင့်ကဗျာများဖြင့် သီဆိုသရုပ်ပြမှုအား ကြည့်ရှုအားပေးကြသည်။ ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများအား ဆုများအသီးသီးချီးမြှင့်ကြပြီး သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ရှမ်းစုကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၈**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ရှမ်းစုကျေးရွာရှိအောင်မြေရတနာကျောင်းတိုက်၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် ၄ ပါးနှင့် ဒေသခံပြည်သူ ၁၀၄ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ (၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

### ■ ရှေ့ဖုံးမှအဆက်

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နှမ်း ၃၃၇၃၇ ဧက စိုက်ပျိုးဖို့လျာထားဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိအချိန်ထိ ၅၇၆၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်၊ နှမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး တစ်နှစ်ထက်တစ်နှစ် စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့အညီ စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့စိုက်ပျိုးရေးအသိပညာပေးတာတွေကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးနေပါတယ်၊ စိုက်ပျိုးရေဖူလုံတဲ့အတွက် နွေနှမ်းစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသတွင်း နှမ်းစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် နှမ်းစိုက်တောင်သူများအား အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး တောင်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။ လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

### ၁ ကျောဖုံးမှအဆက်

ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးစံရွှေနှင့်တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ Counsellor Mr. Vinsky Garcia Wattimena နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးမှ Second Secretary Mr. Bounkham Manivan နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Assistant Attache Mr. Kvsum Konti Chakma နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ အုပ်ချုပ်မှုအရာရှိ Mr. Mohammad Din Islam နှင့် တာဝန်ရှိသူများ၊ ဘူရွန်ဒီနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံ သံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၀၇ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၆ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၆၁ ဦးတို့အားသက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့်လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၈**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/ဇလ)

## ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံးကိုသာ အသုံးပြုပါ။

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို ဝန်ထမ်းများအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အရာထမ်း၊ အမှုထမ်းများ တွေ့ဆုံပွဲကျင်းပ

နေပြည်တော် မေ ၂၈

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို ဝန်ထမ်းများအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အရာထမ်း၊ အမှုထမ်းများ တွေ့ဆုံပွဲကို ယနေ့ နံနက် ၉နာရီခွဲတွင် အခွန်အယူခံခုံအဖွဲ့ရုံး ရုံးအမှတ် (၅၇) စုပေါင်းခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်ကျော်သူ၊ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အခွန်အယူခံခုံအဖွဲ့ရုံးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဧပြီလ ၁၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ ကျင်းပခဲ့သော ကတိသစ္စာပြုပွဲအခမ်းအနားနှင့် နိုင်ငံတော်သမ္မတ၏ ညှိ့ဆောင်တော်၌ ကျင်းပသည့် နိုင်ငံတော်သမ္မတ၏မိန့်ခွန်း နာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား၍ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစိုးရသစ်၏ ရည်မှန်းချက်များဖြစ်သော စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့်ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာဆက်ဆံရေး၊ တရားမျှတမှုနှင့် ဥပဒေပြဋ္ဌာန်းရေးဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်တို့ကို မှာကြားခဲ့ကြောင်း။




ဆက်လက်၍ ဧပြီလ ၂၀ ရက်တွင် ကျင်းပခဲ့သည့်ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး၌ နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့အနေဖြင့် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်မည့် နိုင်ငံ့စီးပွားတိုးမြှင့်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသည့် ကဏ္ဍများဖြစ်သည့် ငြိမ်းချမ်းရေးကဏ္ဍ၊ စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး၊ MSME ကဏ္ဍ၊ အခြေခံအဆောက်အဦဖွံ့ဖြိုးရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ အားကစားကဏ္ဍ စသည်တို့တွင် တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများကို ပြောကြားခဲ့ကြောင်း။

သို့ဖြစ်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ မူဝါဒ၊ လုပ်ငန်းစဉ်များအောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ပိုင်းဝန်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း မိမိတို့အလုပ်အပေါ် ဂုဏ်ယူတတ်စေရန်နှင့် စေတနာထားကာ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ အလုပ်သမားဝန်ကြီးဌာနရှိ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းနေမှုအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကြည့်ရှုအားပေး



နေပြည်တော် မေ ၂၈

၂၀၂၄ ခုနှစ် မေလ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ အလုပ်သမားဝန်ကြီးဌာနမှဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းသည်။

စုပေါင်းသွေးလှူဒါန်းခြင်းအားဖြင့် နှစ်စဉ်နှစ်တိုင်း လူသန်းပေါင်းများစွာ၏ အသက်ကို ကယ်တင်နိုင်သည့်အပြင် သွေးတိုးရောဂါရှိသူများ၊ နာတာရှည်လူနာများ၊ ခွဲစိတ်ကုသမှုခံယူရမည့် လူနာများနှင့် ကိုယ်ဝန်ဆောင်များ မီးဖွားချိန်တွင် လိုအပ်ပါက အသုံးပြုနိုင်ရန်၊ အရေးပေါ်အခြေအနေများတွင် အဆင်သင့် အသုံးပြုနိုင်စေရန်၊ ရှားပါးသောသွေးအုပ်စုများကို သွေးလှူရှင်များကတစ်ဆင့် ရရှိနိုင်စေရန်၊ လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်စေရန် မျှော်မှန်း၍ အလုပ်သမားဝန်ကြီးဌာနရှိ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ဝန်ထမ်းများအနေဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပခြင်းဖြစ်သည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်း ၇၂ ဦးကသွေးလှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သွေးလှူရှင်ဝန်ထမ်းများအား ဆေးဝါးများနှင့် အာဟာရပစ္စည်းများပေးအပ်၍ ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀) နေပြည်တော်မှ တာဝန်ရှိသူများထံသို့ အလှူငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းရာ ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀) မှ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး ယာယီတာဝန်ခံနှင့် ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၂၈

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌဒေါက်တာခင်နိုင်ဦးသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိမြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ထိုင်းနိုင်ငံ သံရုံး ယာယီတာဝန်ခံ Mr. Yordying Supasri နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး ယာယီတာဝန်ခံက နှစ်နိုင်ငံကြား ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ပတ်သက်၍ ထိုင်းနိုင်ငံပုဂ္ဂလိကကဏ္ဍ၏ ကုန်သွယ်မှုနှင့် ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးတင်ပါကြောင်း၊ ပို့ကုန်ရငွေမှ မြန်မာကျပ်ငွေသို့ လဲလှယ်ခြင်းအား တဖြည်းဖြည်းဖြေလျှော့ပေးခဲ့သည့်မူဝါဒအား ကြိုဆိုပါကြောင်း၊ ထိုင်းနိုင်ငံစီးပွားရေးလုပ်ငန်းရှင်များမှ မြန်မာနိုင်ငံတွင် ထိုင်းဘတ်ငွေဖြင့် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်လိုပါကြောင်း၊ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ပိုမိုတိုးချဲ့ဆောင်ရွက်လိုပါကြောင်း၊ နည်းပညာဆိုင်ရာအကူအညီများ လိုအပ်ပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေကြေးတည်ငြိမ်မှုရရှိစေရန်၊ ငွေလဲလှယ်နှုန်းတည်ငြိမ်မှုရှိစေရန်၊ ငွေကြေးဖောင်းပွမှုလျော့ကျစေရန်၊ ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုစနစ်ခိုင်မာတိုးတက်စေရန်၊ ဘဏ်လုပ်ငန်းစနစ်တည်ငြိမ်စေရန်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ထိုင်းဘတ်အား ကုန်သွယ်မှုကဏ္ဍတွင်သာမက ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ဆောင်ရွက်လိုပါက ဆောင်ရွက်နိုင်ပါကြောင်း၊ ငွေရေးကြေးရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ နည်းပညာဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ထိုင်းနိုင်ငံဘဏ်များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများနှင့်ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရန်ကုန်မြို့ ရုရှားသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak အား ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး လက်ခံတွေ့ဆုံ

နေပြည်တော် ‌ မေ ၂၈

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ရန်ကုန်မြို့ ရုရှားသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak အား ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) နေပြည်တော်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အစိုးရအချင်းချင်းနှင့် ပုဂ္ဂလိကကဏ္ဍများတွင် ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုစီမံချက်များ၏ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအပါအဝင် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ



# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဝန်ထမ်းအိမ်ရာကို ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ‌ မေ ၂၈

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်သည် ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညို၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဝန်ထမ်းအိမ်ရာ တိုက်အမှတ် ၂၂၁၆ အနီရောင်အဆင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကုမ္ပဏီမှ တာဝန်ရှိသူများက ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က အဆိုပါ အဆောက်အအုံပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောလျင်စွာပြီးစီးရေး၊ ဝန်ထမ်းများ ပြန်လည်နေထိုင်နိုင်ရေးနှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရုံးမြေဧရိယာအတွင်း၌ ဆောက်လုပ်ထားသော ငလျင်ဒဏ်သင့်ဝန်ထမ်းများ ယာယီနေထိုင်ရာ Container House များတွင် ဝန်ထမ်းများ မိသားစုအလိုက်နေထိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အားပေးစကားပြောကြားကာ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းနှင့် တိုင်းရင်းသားရေးရာလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ပြည်နယ်များရှိ တိုင်းရင်းသားရေးရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု အသင်းအဖွဲ့များ၏ တိုင်းရင်းသားရေးရာ လုပ်ငန်းများဆောင်ရွက်မှုနှင့် သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ မှတ်ပုံတင်နိုင်ရေး ဆောင်ရွက်ရန် ညှိနှိုင်းနိုင်ရေးအတွက် ကျင်းပခြင်းဖြစ်ပြီး တာဝန်ရှိသူများအားလုံးအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ အမျိုးဘာသာ၊ သာသနာ၊ စာပေယဉ်ကျေးမှုများ မေးမှိန်မပျောက်ပျက်စေရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကိုရှေးရှု၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ချင်းတိုင်းရင်းသားရေးရာဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးတို့က Online မှတစ်ဆင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# နွေရာသီအခြေခံကွန်ပျူတာ အင်္ဂလိပ်စာ၊ ကိုရီးယားစကားပြော၊ ပန်းချီ စစ်တုရင်သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး ‌ မေ ၂၈

နွေရာသီကျောင်းပိတ်ရက်များတွင် လူငယ်များ အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်ခဲ့သည့် နွေရာသီအခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ကိုရီးယားစကားပြော၊ ပန်းချီ၊ စစ်တုရင်သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန (Community Centre)၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက နွေရာသီကာလအတွင်း ဖွင့်လှစ်ခဲ့သည့် သင်တန်းများသည် လူငယ်တစ်ဦးချင်းစီတိုင်းအတွက် အလွန်အကျိုးရှိသည့် သင်တန်းများဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် ဗလငါးတန်နှင့်ပြည့်စုံပြီး အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုနိုင်သည့် နိုင်ငံ့သားကောင်းရတနာများ၊ သမီးကောင်းရတနာများဖြစ်အောင်ကြိုးစားတည်ဆောက်သွားကြရန် ပြောကြားပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့နှင့်အတူ နွေရာသီအခြေခံကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ ကိုရီးယားစကားပြော၊ ပန်းချီနှင့် စစ်တုရင်သင်တန်းများအတွက် သင်တန်းဆင်းလက်မှတ်များနှင့် အဆိုပါသင်တန်းများတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လူထုအခြေပြုဗဟိုဌာန(Community Centre)ရှိသင်တန်းခန်းမ၊ အားကစားခန်းမ၊ Computer သင်တန်းခန်းများကိုလည်းကောင်း၊ စာဖတ်ဝိုင်းဆွေးနွေးပွဲ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကလေးစာဖတ်ခန်းတွင် ကလေးများရုပ်ပုံဆေးရောင်ချယ်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုနှင့် စာအုပ်လက်ဆောင်များ ပေးအပ်ကြသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ‌ မေ ၂၈

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၅)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ခခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဦးစိုးတင့်နှင့် အမြဲတမ်းအတွင်းဝန်ဦးမြင့်ဆွေ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဝန်ထမ်းတိုင်း လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး၊ လုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များကိုတိကျစွာလိုက်နာကြရန်၊ “ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်” ဆိုသည့်ဆောင်ပုဒ်အတိုင်း ဝန်ထမ်းကောင်းများဖြစ်အောင်ကြိုးပမ်းကြရန်၊ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်ကို အလေးထားပြီး နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်အပါး(၁၀)ကို လိုက်နာရန်၊ သင်တန်းမှရရှိသည့်သင်ကြားပေးသော အသိပညာ၊ အတတ်ပညာ၊ အတွေ့အကြုံများကို စိတ်ပါဝင်စားစွာသင်ယူမှတ်သားလေ့လာသွားရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။



အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၅)သို့ သင်တန်းသား ၅၂ ဦး၊ သင်တန်းသူ ၉၈ ဦး စုစုပေါင်း ၁၅၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီလ ၂၇ ရက်မှဩဂုတ်လ ၁၄ ရက်အထိ ဖြစ်သည်။

ထို့နောက် အရာထမ်းလောင်း(အထူး) သင်တန်း အမှတ်စဉ်(၁၅)မှ သဇင်ဆောင်ရှိ သင်တန်းသူများနှင့် နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## Press Release

His Excellency Mr. Taye Atske-Selassie, President of the Federal Democratic Republic of Ethiopia sent a congratulatory message to U Min Aung Hlaing, on the occasion of his election as President of the Republic of the Union of Myanmar.

**Nay Pyi Taw**

**Dated: 28 April 2026**

## White rice bean in high trading in Danubyu Township

DANUBYU April 28

Trading of white rice bean is in the domestic market in Danubyu Township of Ayeyawady Region, said Daw Yi Mon, the owner of pulses and beans trading in Danubyu Township.

In Danubyu Township, demand for white rice beans has strengthened since the fourth week of February this year and trading has become more active up to the present, according to local sources. The increased demand is attributed not only to strong buying in the local market but also to purchases from other markets, while remaining stocks of locally produced white rice beans have declined.

"Locally produced white rice beans are being purchased not only in the local market but also by buyers from other regions. Demand has noticeably increased since around the fourth week of this month. Along with stronger demand, prices have improved slightly. The Yangon market is actively buying white rice beans produced in this area. Due to lower output and strong demand, sales have become brisk. At present, no new white rice bean crops have entered the market yet," said Daw Yi Mon.

In Danubyu Township, white rice beans are currently priced at up to Ks-129,500 per 24-pyi bag. Traders in the area mainly export local agricultural products to the Yangon market. In addition to white rice beans, they also ship black gram, green gram, maize, paddy, and rice produced in the region.

**SMK**

## Summer paddy planted on more than 11,000 acres of farmlands in Homalin Township

HOMALIN April 28

Local farmers grew 11,229 acres of summer paddy in Homalin Township of Sagaing Region, according to the Township Agriculture Department.

During the 2025-2026 summer cropping season in Homalin Township, a total of 11,000 acres of summer paddy had been targeted for cultivation. Planting began in January this year, and as of today, 11,229 acres have already been completed, exceeding the original target.

"This year, Homalin Township set a target of 11,000 acres for summer paddy cultivation, and 11,229 acres have already been planted. We have been providing technical guidance to summer paddy farmers, raising awareness on pest prevention, preventing crop losses, and advising farmers to ensure that harvested paddy is transported under shelter in a timely manner," said Daw Su Su Htwe, Township Head of the Homalin Township Department of Agriculture.

In Homalin Township, to help farmers increase per-acre yields and achieve target production levels, quality seeds are being distributed, technical pamphlets are being provided, farmer training courses and educational talks are being conducted, and efforts are being made to ensure the timely availability of necessary agricultural inputs.

Farmers have also been urged to coordinate with the Department of Agriculture in advance to prepare for timely planting of summer paddy and other crops after the harvest of monsoon paddy and monsoon crops. This includes following official guidelines on pest and disease prevention, undertaking soil nutrient management activities, and making advance arrangements to secure quality seeds.

**SK**

## Mawlamyinegyun Township sends up to 550,000 bunches of banana to Yangon

MAWLAMYINEGYUN April 28

Local growers and merchants of Mawlamyinegyun Township in Ayeyawady Region dispatched 550,000 bunches of banana to Yangon market said Daw Aye Aye, the owner of banana wholesale centre in Mawlamyinegyun Township.

Banana growers in Mawlamyinegyun Township were able to export and sell up to 550,000 bunches of Pheegyan bananas to the Yangon market.

"Exports of Pheegyan bananas to Yangon were strong over the past month. Local produce was mainly sent to and sold in the Yangon market. Domestic demand for bananas is currently high. Among the varieties exported to Yangon, Pheegyan bananas accounted for the largest volume. Banana prices have also risen slightly compared to before. Buying and selling activities are running smoothly," said Daw Aye Aye.

Over the past month, Pheegyan bananas exported from Mawlamyinegyun Township to the Yangon market fetched up to Ks-145,000 per 100 bunches. Ongoing trade in locally grown



bananas has reportedly benefited workers, traders, and growers alike.

**SK**

## More than 4,000 acres of sweet corns harvest in Phaungpyin Township

PHAUNGPYIN April 28

Local farmers have harvested more than 4,000 sweet corns in Phaungpyin Township of Sagaing Region, according to the Mawlaik District Agriculture Department.

In Phaungpyin Township, during the current winter cropping season, sweet corn was cultivated on 4,611 acres. Harvesting of the cultivated sweet corn fields began in January this year, and as of today, 4,011 acres have been harvested, with a yield of more than 19,000 ears per acre.

"During the winter cropping season in Phaungpyin Township, sweet corn was planted on 4,611 acres. At present, harvesting is ongoing, and more than 4,000 acres have already been completed. To ensure successful crop production, we have provided educational support and guidance to prevent pest and disease infestations," said Daw Kywe Kywe Hlaing, District Head of the Mawlaik District Department of Agriculture.

In Phaungpyin Township, the Township Department of Agriculture has provided training programs and conducted field demonstrations for sweet corn farmers. Awareness activities were also carried out on preventive measures against fall armyworm and on the use of neem-based pesticides and ginger and chili extracts as part of an integrated pest management system.

In the township, when cultivating maize for grain, yields exceed 50 baskets per acre, with cultivation costs of about Ks-500,000 per acre. For sweet corn, yields reach around 15,000 ears per acre, with cultivation costs exceeding Ks-500,000 per acre.

**SMK**

# Local farmers complete harvest of sunflower in Ayadaw Township

AYADAW April 28

All plantations of sunflower has been harvested in Ayadaw Township of Sagaing Region, according to the Monywa District Agriculture Department.

During the winter cropping season in Ayadaw Township, a total of 2,728 acres of winter sunflower were cultivated. Harvesting of the sunflower fields began in January this year, and as of today, harvesting has been completed on 100 percent of the cultivated acreage, with an average yield of 22.01 baskets per acre.

"A total of 2,728 acres of sunflower were cultivated during the winter cropping season in Ayadaw Township. At present, harvesting has been completed on all of the cultivated acres. To reduce reliance on imported palm oil, efforts have been made to expand the cultivation of sunflower, which is an oil crop. Sunflower produces more oil per acre compared with other oil crops such as groundnut and sesame," said Daw San San Myint, District Staff Officer of the Monywa District Department of Agriculture.

In order to expand sunflower cultivation in Ayadaw Township, the Township Department of Agriculture has intensified awareness and technical training programs, as well as capacity-building training for staff and farmers who plan to cultivate sunflower.

It is also reported that arrangements have been made to supply seeds to sunflower-growing farmers, to sell urea fertilizer at affordable prices, and to distribute the produced sunflower seeds through a farmer-to-farmer seed exchange system.



**SK**

# Merchants from Ngaputaw Township ship 55,000 bags of Ayeya Min rice to Yangon within one month

NGAPUTAW April 28

Local farmers and merchants from Ngaputaw Township of Ayeyawady Region dispatched 55,000 bags of Ayeya Min rice to Yangon market within one month, said Daw Thida, the owner of rice and paddy trading depot in Ngaputaw Township.

Rice from Ngaputaw Township was exported to the Yangon market about 55,000 bags of 24-pyi Ayeya Min rice within one month.

"From Hinthada, rice and other agricultural products are being transported and sold to the Yangon rice market. During the past month alone, about 55,000 bags of 24-pyi Ayeya Min rice were exported. At present, the domestic rice market in Yangon is actively purchasing rice from this region.

Most business operators export paddy directly, while others buy paddy, mill it into rice, and then export it to the market. As rice sales have improved, farmers, traders, cargo handlers, and truck operators transporting the goods are also gaining more employment opportunities," said Daw Thida.

Ayeya Min rice exported from Ngaputaw Township to the Yangon market is currently priced at Ks-75,000 to Ks-80,000 per bag. Rice and paddy traders in the township are purchasing locally produced paddy, milling it into rice, and exporting it to the Yangon market.

**SMK**

# Kyonpyaw Township supplies 50,000 bags of black gram to Yangon

KYONPYAW April 28

Local merchants from Kyonpyaw Township Agriculture Department sold 50,000 bags of black gram to Yangon market said Daw Thin Thin, the owner of pulses and beans trader in Kyonpyaw Township.

About 50,000 bags of 16-pyi black gram were exported and sold from Kyonpyaw Township to the Yangon market.

"About 50,000 bags of 16-pyi black gram were exported from Kyonpyaw Township to the Yangon market. At present, buyers from Yangon are still actively purchasing pulses produced in the region. Demand from the Yangon side has improved because purchases from the overseas market have picked up again. For black gram and green gram, most exports to foreign markets go to China. Currently, demand from foreign markets has become quite strong. The pulses being traded at the moment are mainly leftover stocks from the previous summer season," said Daw Thin Thin.

The 16-pyi bag of black gram exported from Kyonpyaw Township to the Yangon market is currently priced at around Ks-119,000 per bag. Due to the strong sales of these black grams, farmers, traders, cargo handlers, and truck drivers involved in transportation are also benefiting from improved business conditions.



**SMK**

# YeU Township completes harvest of more than 3,000 acres of lablab bean

YEU April 28

YeU District Agriculture Department stated that local farmers harvested more than 3,000 acres of lablab bean in YeU Township of Sagaing Region.

In YeU Township, during the current winter cropping season, lablab beans were cultivated on 6,550 acres. Harvesting of the cultivated lablab fields began in January this year, and as of today, 3,560 acres have been harvested, with an average yield of 22.06 baskets per acre.

"During the winter cropping season in YeU Township, lablab beans were cultivated on 6,550 acres. At present, harvesting is ongoing, and more than 3,000 acres have already been completed. To ensure good yield and quality, we have been cooperating with farmers to provide quality seeds, necessary agricultural inputs, and post-harvest technologies," said U Zaw Myint Tun, District Head of the YeU District Department of Agriculture.

In YeU Township, the Township Department of Agriculture has carried out awareness and extension activities to help farmers expand lablab cultivation areas, improve yields, adopt Good Agricultural Practices (GAP), use quality seeds, and cultivate high-yielding varieties.

Crops grown under GAP systems are reported to have better quality than those cultivated under other methods, fetch higher prices, and meet standards not only for the domestic market but also for export markets. As a result, farmers who adopt these practices can achieve greater economic benefits. **SK**

# Russia's African corps foils militant coup attempt in Mali - MoD

MOSCOW April 28

Illegal armed groups in Mali attempted an armed coup on April 25, the Russian Defence Ministry said on Tuesday.

"On April 25, 2026 ... illegal armed groups of the Jamaat Nusrat al-Islam Wal Muslimin [affiliated with Al-Qaeda, designated as a terrorist group in Russia] and the Azawad Liberation Front, under the joint leadership and coordination of actions, attempted an armed a coup d'etat," the ministry said in a statement.

The number of militants in Mali was about 12,000 people, with Ukrainian and European mercenary instructors involved in training, the statement read, adding that the militants simultaneously attacked the capital Bamako and the major cities of Sevare, Gao and Kidal.

"During the fighting, enemy losses amounted to: more than 2,500 personnel; 102 vehicles; 2 shahed mobiles; 152 motorcycles; 7 mortars," the ministry said.

The militants tried to seize key facilities in Mali, including the presidential palace in the capital, the statement read, adding that Malian Defence Minister Sadio Camara was killed during the attempted coup.

"During fierce battles with superior enemy forces, units of the African Corps inflicted irreparable losses in personnel and equipment, forcing them to abandon their plans and prevent a coup d'etat, preserving the power of the legitimate government and preventing the mass death of civilians," the ministry said.

The military personnel of Mali and the African Corps left the stronghold in Kidal by decision of the leadership of the republic, the ministry said, noting that units of the Africa Corps continue to carry out tasks in Mali and are ready to repel militant attacks.

The African Corps units carried out four strikes with drones on militant reserves in Mali, killing up to 60 terrorists, the ministry said, adding that the units' aircraft and helicopters eliminated over 245 militants.

**Sputnik**

# Bangladesh's Russian-backed nuclear power project enters final stage



DHAKA April 28

Bangladesh's Russian-backed nuclear power project has entered its final stage, with fuel loading into the first unit of the facility in Rooppur beginning on Tuesday.

Dhaka's Ministry of Science and Technology said the next step will be for commercial electricity generation to begin gradually on a trial basis at the plant.

Located around 160 km from the capital, Dhaka, the Rooppur facility is Bangladesh's first nuclear power plant and the most expensive infrastructure project in the South Asian country's history.

It is heavily backed by Russia, with Moscow financing US$-11.9 billion in state loans for the project, estimated to cost up to US$-12.80 billion.

The project is being implemented by the Bangladesh Atomic Energy Commission, and involves the construction of two units, each with a capacity of 1,200 megawatts.

The project, for which Russia is providing equipment, nuclear fuel, and engineering assistance, is expected to meet up to 12 percent of Bangladesh's electricity demand.

The Russian ambassador to Dhaka, Aleksandr Khozin, told local media this reflects his country's continued commitment to the project.

Moscow has also agreed to the long-term supply of nuclear fuel, technical maintenance, and the management of spent nuclear fuel.

Full-scale electricity generation and integration to the national power grid is expected to take approximately ten months.

Bangladesh relies on imports for roughly 95 percent of its energy needs. Commissioning a single unit of the Rooppur plant is estimated to save approximately US$-1 billion annually in fuel imports, according to experts.

Dhaka expects to slash the country's dependence on coal and gas generation and optimize the national energy balance with the launch of the Rooppur facility.

Coal and oil-fired power plants function for 25 to 30 years, while nuclear power plants operate for up to 60 years. The lifespan can be extended for another 30 years with proper maintenance and refurbishment.

**RT**

# Death toll rises to 15 in Indonesia train accident

JAKARTA April 28

The death toll from Monday night's collision between two trains in Bekasi, West Java, Indonesia, has risen to 15, with dozens of others injured, police said Tuesday.

Greater Jakarta police spokesman Budi Hermanto said seven families had reported missing relatives at a Jakarta police hospital, urging others to come forward to speed up identification.

Indonesian President Prabowo Subianto visited the victims at a hospital in Bekasi on Tuesday morning, saying that he extended condolences on behalf of the government and himself, and promising a quick investigation into the tragic event.




A commuter train on the Jakarta-Bekasi route collided with a long-distance train operating on the Jakarta-Surabaya route at around 8:50 p.m. local time on Monday.

An investigation into the cause of the incident is being conducted by the rail operator and the National Transportation Safety Committee.

**Xinhua**

# Deforestation in Brazil's Amazon down 17 pct in the first quarter

RIO DE JANEIRO April 28

Deforestation in the Brazilian Amazon fell 17 percent in the first quarter from a year earlier, according to data released by Amazon Institute of People and the Environment.

From January to March, deforested area declined from 419 to 348 square km -- roughly 7,000 soccer fields.

The drop is even more pronounced under the region's "deforestation calendar," which runs from August to July to account for seasonal rainfall. Between August 2025 and March 2026, deforestation decreased 36 percent, from 2,296 to 1,460 square km -- the lowest level for this period since 2017.

Despite the overall decline, March saw a 17 percent year-on-year increase, with deforestation rising from 167 to 196 square km. Researchers flagged this spike as a warning sign, urging stronger enforcement against illegal logging, tighter monitoring, tougher penalties, and expanded bioeconomy initiatives to support sustainable forest use.

The report underscores that deforestation accelerates climate change by increasing greenhouse gas emissions and reducing biodiversity, highlighting the global importance of protecting the Amazon.

Forest degradation -- partial damage from fires or logging -- also showed improvement. In March 2026, degraded area totaled 11 square km, down 95 percent from a year earlier and the lowest March level since 2014.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Balancing Academics and Extracurricular Activities: A Guide




**Understanding the Importance of Balance**

Extracurricular activities are fantastic! They help you develop social skills, teamwork, and time management, all while having fun. Plus, they can boost your academic performance. Research shows that students involved in extracurriculars often have higher grades and better attendance. According to the National Center for Education Statistics, students who participate in extracurricular activities have an average GPA of 3.0, compared to a GPA of 2.7 for those who do not participate. These activities also look great on college applications and help you grow into a well-rounded individual.

**Prioritizing and Time Management**

First things first: set your priorities. Decide what matters most to you—



whether it's schoolwork, a sport, or a club. Once you know your priorities, create a balanced schedule. Use tools like time blocking and to-do lists to organize your day. Effective time management is linked to lower stress levels and higher academic performance, according to the American Psychological Association. Make sure to allocate time for studying, practicing, and relaxing.

**Pro Tip:** Try color-coding your calendar to visually separate academic tasks from extracurricular activities. It helps in quickly assessing your daily and weekly plans.

**Effective Study Habits**

Great study habits are key. Set up a regular study routine with specific times for studying and breaks. Find a quiet, distraction-free place to study. Techniques like the Pomodoro method (25 minutes of work, 5 minutes of break) can help you stay focused. The Pomodoro method, developed by Francesco Cirillo in the late 1980s, has been shown to improve concentration and productivity. Use resources like tutors and study groups to boost your learning.

**Student Insight:** "Using the Pomodoro method helped me break down my study sessions and stay focused. The short breaks kept me refreshed and ready to tackle more work." – Emma, high school junior.

**Choosing the Right Extracurricular Activities**

With so many options, it's important to choose activities that you're passionate about. Think about what you love and how much time each activity requires. Balance is crucial—participating in different activities is enriching, but don't spread yourself too thin. Focus on quality over quantity and pick activities that align with your interests and goals. Research by the National Federation of State High School Associations found that students involved in multiple extracurricular activities tend to have better academic outcomes, but those who overcommit may experience burnout.

**Communication and Support**

Communication is key! Talk to your teachers, coaches, and family about your schedule. They can offer guidance and support. Teachers can help you manage coursework, while coaches can assist with balancing training and academics. Building a support network of friends and family will provide encouragement and help when needed. Strong social support is linked to better academic performance and lower levels of stress, according to the Journal of Adolescence.

**Pro Tip:** Schedule regular check-ins with your support network to discuss your progress and any challenges you're facing.

**Recognizing and Managing Stress**

Balancing multiple commitments can be stressful. Recognize signs of stress, like fatigue or irritability, and take action. Manage stress through mindfulness, exercise, and getting enough sleep. The American Psychological Association recommends regular physical activity and mindfulness practices to reduce stress and improve mental health. Make time for self-care and relaxation to recharge. Mindfulness meditation can improve attention, reduce anxiety, and enhance emotional well-being, according to Harvard Medical School.

**Flexibility and Adaptability**

Be flexible and adaptable. Sometimes schedules and workloads change, and that's okay. If you're feeling overwhelmed, reassess your commitments and adjust as needed. Learning to say no is important—don't overcommit yourself. Prioritize your well-being and know your limits.

**Quote:** "It's not about being perfect. It's about being adaptable and finding what works best for you." – Sarah, high school senior.

**Real-Life Examples and Success Stories**

Need some inspiration? Meet Sarah, a high school student who excelled in both academics and soccer. By managing her time effectively and seeking support from teachers and family, she maintained high grades and was a star player. Another example is John, who balanced his passion for music with his studies by sticking to a disciplined schedule. Students involved in music education programs are more likely to score higher on standardized tests and demonstrate better cognitive skills, according to the National Association for Music Education.

**Resources and Tools**

There are plenty of tools to help you stay organized. Planners and scheduling apps can keep track of assignments, practices, and deadlines. Academic resources like tutoring centers and online study guides support your learning. Extracurricular support from team managers or club advisors can be valuable too. Students who use organizational tools and resources are more likely to achieve academic success, according to the University of Minnesota.

**Interactive Element:** Check out apps like Todoist, Trello, and Google Calendar to help manage your tasks and schedule.

**Conclusion**

Balancing academics and extracurricular activities is all about finding what works best for you. Set your priorities, manage your time, develop good study habits, choose the right activities, and seek support. Stay flexible, manage stress, and take care of yourself. You've got this! With determination and the right approach, you can shine in both your studies and your passions. Keep striving for balance and success will follow.

**YT meg;**

# လူရည်ချွန်မောင်မယ်များအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ တွေ့ဆုံအမှာစကားပြောကြား



**နေပြည်တော် ဧပြီ ၂၈**

နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ(၁)၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများကိုပေးအပ်ရာ လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသား၊ ကျောင်းသူနှစ်ဦးက လက်ခံရယူကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တက်ရောက်လာကြသည့် လူရည်ချွန်မောင်/မယ်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တက်ရောက် အမှာစကားပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ်အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် ဇနီး၊ နေပြည်တော်ကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှတာဝန်ရှိသူများ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီအသင်းတို့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယနေ့အခမ်းအနားသည် "ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်" "World Immunization Week 2026" အနေဖြင့် ဆောင်ရွက်သည့်အခမ်းအနားဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ် ဧပြီလ နောက်ဆုံးရက်သတ္တပတ်ကို ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အဖြစ်သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း ကာကွယ်ဆေးထိုးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘာ့နိုင်ငံများနည်းတူကျင်းပခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက "မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကား" Documentary Story နှင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် "မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏ စွမ်းပကား" တေးသီချင်းဗီဒီယိုကို ကြည့်ရှုအားပေးပြီး ကာကွယ်ဆေးထိုးနှံခြင်း နံရံကပ်ဘုတ်များနှင့် ကာကွယ်ဆေးထိုးနှံပေးနေမှုများအား လှည့်လည်ကြည့်ရှုကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ကလေးငယ်များအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်းသိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# ရန်ကုန်မြို့၌ လေထုအရည်အသွေးတိုင်းတာရေးစက်နှစ်လုံး လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၂၈**

"ရေရှည်တည်တံ့သော အာဆီယံဖြစ်စေရေး သန့်ရှင်းသောလေထုဆိုင်ရာစီမံကိန်း"၏ (Clean Air For Sustainable ASEAN (CASA) Project) မှ ပေးအပ်သည့် Air Quality Monitoring Station (AQMS) လေထုအရည်အသွေး တိုင်းတာရေးစက်နှစ်လုံး လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ CASA Project မှ တာဝန်ရှိသူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှတာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး Clean Air For Sustainable ASEAN (CASA) Project စီမံကိန်းဆိုင်ရာ Video Clip ကို ပြသသည်။

ထို့နောက် တာဝန်ရှိသူများက စီမံကိန်းမှပေးအပ်သည့် Air Quality Monitoring Station (AQMS) လေထုအရည်အသွေးတိုင်းတာရေးစက်နှစ်လုံးအား လွှဲပြောင်းလက်ခံခြင်းမှတ်တမ်းတွင် လက်မှတ်ရေးထိုးကြပြီး Clean Air For Sustainable ASEAN (CASA) Project စီမံကိန်း၏ တာဝန်ရှိသူ Seoul National University မှ Professor Mr. Ki Young Lee က ကျေးဇူးတင်စကားပြောကြားသည်။



မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ ဩဝါဒခံယူပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဩဝါဒစကားပြောကြားပြီး တက္ကသိုလ်ဒီဂရီကောလိပ်များနှင့် အခြေခံပညာကျောင်းများမှ လူရည်ချွန်မောင်မယ်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ လူရည်ချွန်ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ပြည်မြို့နယ်အတွင်း စိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရေးကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်

**ပြည် ဧပြီ ၂၈**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ပြည်မြို့နယ်အတွင်း စိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေရေး ကွင်းဆင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်မြို့ နဝဒေးရပ်ကွက်ရှိရွှေဝါထွန်း စိုက်ပျိုးရေးစက်ကိရိယာမျိုးစုံထုတ်လုပ်ရေး အလုပ်ရုံသို့သွားရောက်၍ မြေယာထွန်ယက်စက် ဆန်းသစ်တီထွင်နေမှု၊ ကြံလမိုင်းဖြတ်စက်ထုတ်လုပ်နေမှု၊ လက်ဆွဲမျိုးစေ့ချကိရိယာ Drum Seeder များ ထုတ်လုပ်နေမှုတို့အားကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး စက်ရုံအလုပ်ရုံများအားလုံး Solar စနစ်ကိုသုံးစွဲနိုင်ရေး၊ ပြည်ပသွင်းကုန်အစားထိုး ဒေသတွင်းစွန့်ဦးတီထွင်၍ လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်နေသူများအား အားပေးမြှင့်တင်ပေးရန်နှင့် လိုအပ်သည့်နည်းပညာရရှိရေး အားလုံးပူးပေါင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက်ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် နဝဒေးရပ်ကွက်ရှိ ဦးသိန်းနိုင်၏ "သာလီစွ" အမှတ်တံဆိပ်ဖြင့် သံပရာ၊ ကွမ်း၊ စပါးနှင့် ကြံသီးနှံများအတွက် သဘာဝမြေဩဇာနှင့် အပင်ရွက်ဖျန်းမြေဩဇာရည် ထုတ်လုပ်နေမှုတို့အား ကွင်းဆင်းကြည့်ရှုခဲ့ပြီး ကုန်ကြမ်းပစ္စည်းများ လွယ်ကူစွာရရှိနိုင်ရေး၊ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ရောင်းချနိုင်ရေးနှင့် တောင်သူများ ဈေးနှုန်းသက်သာဝယ်ယူအသုံးပြုနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပြည်မြို့နယ် မော်ဇာကျေးရွာအုပ်စု သရေခေတ္တရာမြို့ဟောင်းရှိ မန္တလေးလျှောင်ကြီးကြောင့် ထိခိုက်ခဲ့သည့် ဘောဘောကြီးစေတီ ပြန်လည်ပြုပြင်မွမ်းမံနေမှုတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။


ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြည်မြို့နယ် မုဋ္ဌောကျေးရွာအုပ်စုရှိ ရေကြီးရေနက်ကွင်းအား ရေတော်မိုးတော်လယ်ကေအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေး အရှည်ပေ ၈၉၀၀ တူးဖော်ပေးခဲ့သဖြင့် အကျိုးပြုလယ်မြေဧက ၁၅၀၀ ရာသီမရွေးစိုက်ပျိုးနိုင်တော့မည့် အခြေအနေအား ကွင်းဆင်းကြည့်ရှုဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ရေပေးမြောင်းများ ရေရှည်တည်တံ့စေရေးနှင့် ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေး အားလုံးဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(၄၁၀)**



## နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့်အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကိုလျော့ကျစေခြင်း။
- အိုမင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကို လျှော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

# ထိပ်တိုက်တွေ့ဆုံမှုတွေပိုမိုပြင်းထန်လာစေတဲ့ သံတမန်ရေးကိုအလေးမထားသောအားပြိုင်မှုများ



အခုတလော အင်ဒို-ပစိဖိတ်ဒေသမှာဖြစ်ပေါ်နေတဲ့ စစ်ရေးလှုပ်ရှားမှုတွေကိုသေချာကြည့်ရင် ငြိမ်းချမ်းရေးအတွက် အားထုတ်တာထက် အင်အားပြပြီး တစ်ဖက်နဲ့ တစ်ဖက်ဟန့်တားဖို့ ကြိုးစားနေတာတွေကိုပဲ အထင်အရှားမြင်တွေ့နေရပါတယ်။ အထူးသဖြင့် ဖိလစ်ပိုင်နိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပနေတဲ့ Balikatan 2026 စစ်ရေးလေ့ကျင့်မှုကြီးဟာ မဟာမိတ်တွေကြားမှာယုံကြည်မှုတိုးစေတယ်လို့ ဆိုနိုင်ပေမယ့်လည်း တကယ့်လက်တွေ့မှာတော့ ဒီဒေသကိုပိုပြီးအန္တရာယ်များတဲ့ လုံခြုံရေးထောင်ချောက်ထဲ ဆွဲသွင်းနေသလိုဖြစ်နေပါတယ်။ ဒီနှစ်စစ်ရေးလေ့ကျင့်မှုဟာ အရင်နှစ်တွေထက် သိသိသာသာပိုကြီးမားလာပြီး အမေရိကန်၊ ဖိလစ်ပိုင်၊ ဩစတြေးလျ၊ ဂျပန်၊ ကနေဒါ၊ ပြင်သစ်နဲ့ နယူးဇီလန် စတဲ့ခုနစ်နိုင်ငံမှ စစ်သည်အင်အား ၁၇၀၀၀ ကျော် ပါဝင်နေတာပါ။ အဆန်းသစ်ဆုံးကတော့ ဂျပန်နိုင်ငံဟာ ဒီလေ့ကျင့်မှုမှာ အကာအကွယ်ပေးအဆင့်တင်မဟုတ်ဘဲ တိုက်ခိုက်ရေးမိတ်ဖက်နိုင်ငံအဖြစ် ပထမဆုံးပါဝင်လာတာပဲဖြစ်ပါတယ်။ ဂျပန်ရဲ့ Type 88 သင်္ဘောဖျက်ဒုံးကျည်တွေကိုပါထုတ်သုံးပြီး ပစ်ခတ်လေ့ကျင့်ခဲ့ကြတာဟာ ဒေသတွင်းစစ်ရေးချိန်ခွင်လျှာကို သိသိသာသာပြောင်းလဲစေပါတယ်။

ဒါ့အပြင် လေ့ကျင့်မှုလုပ်တဲ့နေရာကလည်း တော်တော်လေး ထိရှလွယ်တဲ့အနေအထားမှာရှိပါတယ်။ ထိုင်ဝမ်ကျွန်းနဲ့ အလွန်နီးကပ်တဲ့ ဖိလစ်ပိုင်မြောက်ဖျားက အစ်ဘာယတ်ကျွန်းမှာ ရေပြင်တိုက်ခိုက်ရေးလေ့ကျင့်ခန်းတွေလုပ်တာဟာ တရုတ်နိုင်ငံအတွက်တော့ တိုက်ရိုက်စိန်ခေါ်မှုတစ်ခုလို ဖြစ်နေပါတယ်။ ဖိလစ်ပိုင်ဘက်က ဒါဟာကိုယ့်အချုပ်အခြာအာဏာကို ကာကွယ်ဖို့နဲ့ ခေတ်မီတဲ့ တပ်မတော်ဖြစ်အောင်လုပ်တာလို့ဆိုပေမယ့် တရုတ်ဘက်က ဒါကိုသူတို့အိမ်တံခါးဝမှာလာပြီးရန်စနေသလိုမျိုး မြင်နေတာအသေအချာပါပဲ။ ဒီဒေသမှာ ဂျပန်နိုင်ငံရဲ့ အခန်းကဏ္ဍပြောင်းလဲလာတာကလည်း တင်းမာမှုကိုပိုမြင့်လာစေပါတယ်။ အရင်က ဂျပန်ဟာစစ်ရေးလှုပ်ရှားမှုတွေကို ထိန်းထိန်းသိမ်းသိမ်းလုပ်ခဲ့ပေမယ့်အခုတော့ အဲဒီလိုထိန်းချုပ်ထားမှုတွေကိုလျစ်လျူရှုလာပါပြီ။ ဥပမာအားဖြင့် မကြာသေးခင်က ဂျပန်ဖျက်သင်္ဘောတစ်စင်းဖြစ်တဲ့ JS Ikazuchi ဟာ ထိုင်ဝမ်ရေလက်ကြားကို ဖြတ်သန်းခဲ့ပါတယ်။ အဲဒီနေ့ဟာ ၁၈၉၅ ခုနှစ်က တရုတ်အနေနဲ့ ထိုင်ဝမ်ကျွန်းကို ဂျပန်လက်ထဲထိုးအပ်ခဲ့ရတဲ့ ရှီမိုနိုဆေးကီးသဘောတူညီချက်ရဲ့ နှစ်ပတ်လည်နေ့ဖြစ်နေတာက တရုတ်လူမျိုးတွေရဲ့ သမိုင်းဝင်စိတ်ဒဏ်ရာကို သွားဆွပေးသလိုဖြစ်ပြီး ဒါဟာလက်သစ်စစ်ဝါဒီရဲ့ လက္ခဏာလို့ဆိုကြတဲ့အထိ ပြင်းပြင်းထန်ထန်ဝေဖန်ခံခဲ့ရပါတယ်။

တရုတ်ဘက်ကလည်း ဂျပန်ရဲ့စစ်ရေးအင်အားတိုးချဲ့လာမှုနဲ့ မဟာမိတ်တွေရဲ့ လှုပ်ရှားမှုတွေကို ငြိမ်ကြည့်မနေဘဲ ချက်ချင်းဆိုသလို တုံ့ပြန်မှုတွေလုပ်လာပါတယ်။ တရုတ်ရေတပ်ဟာ ဂျပန်နိုင်ငံတောင်ပိုင်းကျွန်းစုတွေကြားက ကျဉ်းမြောင်းတဲ့ ရေလမ်းကြောင်းတွေကနေ ဖြတ်သန်းပြပြီး သူတို့ကို ဘယ်ကျွန်းစုတန်းကမှ ပိတ်ဆို့ထားလို့မရကြောင်း သက်သေပြခဲ့ပါတယ်။ ဧပြီလ ၁၉ ရက်ကနေ ၂၂ ရက်အတွင်း တရုတ်ဖျက်သင်္ဘော Baotou ဦးဆောင်တဲ့ စစ်သင်္ဘောအုပ်စုဟာ အနောက်ပစိဖိတ်သမုဒ္ဒရာထဲအထိ ဝင်ရောက်လှုပ်ရှားသလို တရုတ်လေယာဉ်တင်သင်္ဘော Liaoning ဟာလည်း ထိုင်ဝမ်ရေလက်ကြားကိုဖြတ်သန်းပြခဲ့ပါတယ်။ ဒါ့အပြင် အဆင့်မြင့်ကုန်းရေနှစ်သွယ်သွား တိုက်ခိုက်ရေးသင်္ဘော Sichuan ကိုပါ တောင်တရုတ်ပင်လယ်ထဲမှာ စမ်းသပ်မောင်းနှင်ပြခဲ့တာဟာ မဟာမိတ်တွေစစ်ရေးလေ့ကျင့်နေတဲ့ ရေပြင်ထဲမှာတင် သူတို့ရဲ့စစ်ရေးစွမ်းရည်ကိုထုတ်ဖော်လိုက်တာပါပဲ။ ဒီလိုမျိုး တစ်ဖက်နဲ့တစ်ဖက်အင်အားပြနေတာဟာ အပြန်အလှန်စောင့်ကြည့်လေ့လာဖို့ အခွင့်အရေးပေးသလိုဖြစ်နေပြီး တစ်ဖက်ရဲ့ စစ်ရေးလေ့ကျင့်မှုကိုကြည့်ကာ သူတို့ရဲ့နည်းဗျူဟာတွေနဲ့ ဆက်သွယ်ရေးစနစ်တွေကို လေ့လာခွင့်ရသွားတာမျိုးတွေရှိလာနိုင်ပါတယ်။

အခုနောက်ပိုင်း စစ်ရေးလေ့ကျင့်မှုတွေမှာ သမားရိုးကျ လေယာဉ်၊ သင်္ဘောတွေတင်မကဘဲ အလိုအလျောက်မောင်းနှင်နိုင်တဲ့ ဒရုန်းတွေ၊ လူမဲ့ယာဉ်တွေနဲ့ အီလက်ထရွန်နစ်စစ်ဆင်ရေးတွေကိုပါ ထည့်သွင်းလာတာက ပိုပြီးစိုးရိမ်စရာကောင်းပါတယ်၊ တရုတ်နိုင်ငံက သူတို့ရဲ့ Sichuan လိုမျိုး ကုန်းရေနှစ်သွယ်သွား တိုက်ခိုက်ရေးသင်္ဘောတွေမှာ ဒရုန်းလွှတ်တင်နိုင်တဲ့ စွမ်းရည်ကိုထုတ်ပြလာသလို အမေရိကန်နဲ့မဟာမိတ်တွေကလည်း သမုဒ္ဒရာကြမ်းပြင်ကနေ ကောင်းကင်ယံအထိ နည်းပညာမြင့်လက်နက်တွေနဲ့ဟန့်တားဖို့ ကြိုးစားနေကြပါတယ်၊ ဒါဟာ အရင်ကထက်စာရင် မှားယွင်းတွက်ချက်မှုတစ်ခုဖြစ်လိုက်တာနဲ့ စစ်ပွဲရဲ့ အရှိန်အဟုန်ဟာ ထိန်းမနိုင်သိမ်းမရဖြစ်သွားနိုင်တဲ့ အန္တရာယ်ကိုဖော်ပြနေတာပါ။ ဒီလိုအင်အားကြီးနိုင်ငံတွေရဲ့ စစ်ရေးပြိုင်ဆိုင်မှုကြားမှာ အရှေ့တောင်အာရှနိုင်ငံတွေအပါအဝင် ဒေသတွင်းနိုင်ငံငယ်လေးတွေဟာ ကျောက်စာတိုင်ကြားကမြက်ပင်တွေလို ဖြစ်နေရပါတယ်။ တစ်ဖက်က စီးပွားရေးအရ အပြန်အလှန်မှီခိုနေရသလို နောက်တစ်ဖက်ကလည်း လုံခြုံရေးအရ စိုးရိမ်မှုတွေရှိနေပါတယ်။ အာဆီယံလို အဖွဲ့အစည်းမျိုးက ဒေသတွင်းတည်ငြိမ်ရေးအတွက် ကြိုးစားနေပေမယ့် အင်အားကြီးနိုင်ငံတွေရဲ့ စစ်ရေးအရအချက်ပြမှုတွေက ပိုပြီးကျယ်လောင်လွှမ်းနေတဲ့အတွက် သံတမန်ရေးရာအသံတွေဟာ တဖြည်းဖြည်းတိုးညင်းလာနေရပါတယ်။

အကယ်၍ ဒီဒေသမှာ သံတမန်ရေးလမ်းကြောင်းပျောက်ဆုံးပြီး စစ်ရေးပဋိပက္ခသာ တကယ်ဖြစ်ပွားလာမယ်ဆိုရင် ဒါဟာဒေသတွင်းပြဿနာတင်မဟုတ်တော့ပါဘူး။ ကမ္ဘာ့ကုန်သွယ်မှုရဲ့ ပင်မရေလမ်းကြောင်းတွေဖြစ်တဲ့ တောင်တရုတ်ပင်လယ်နဲ့ ထိုင်ဝမ်ရေလက်ကြားတို့ပိတ်ဆို့သွားနိုင်တဲ့အတွက် တစ်ကမ္ဘာလုံးရဲ့ စီးပွားရေး၊ ကုန်စည်စီးဆင်းမှုနဲ့ စွမ်းအင်ဖူလုံရေးတို့ဟာအကြီးအကျယ် ထိခိုက်သွားမှာပါ။ အခုလက်ရှိ အမေရိကန်နဲ့ အီရန်ကြားတင်းမာမှုကြောင့် ရေနံဈေးနှုန်းတွေတက်နေတာကိုကြည့်ရင် အင်ဒို-ပစိဖိတ်လိုနေရာမျိုးမှာသာ ထိခိုက်မှုဖြစ်လာရင် ဘယ်လောက်အထိဆိုးရွားသွားမလဲဆိုတာ မှန်းဆလို့ရနိုင်မှာပါ။ လက်ရှိဖြစ်ပေါ်နေတဲ့ ဟန့်တားမှုထောင်ချောက်ထဲမှာ တစ်ဖက်နဲ့တစ်ဖက် တင်းမာနေကြတာဟာ အတော်လေးစိုးရိမ်စရာကောင်းပါတယ်။ မဟာမိတ်တွေက စစ်ရေးလေ့ကျင့်မှုတွေကိုပိုကြီးအောင်လုပ်လေလေ၊ တရုတ်က ပိုပြီးပြင်းထန်တဲ့ စစ်ရေးတုံ့ပြန်မှုတွေကို ပြလေလေဖြစ်နေပြီး ဒါဟာနှစ်ဖက်စလုံးအတွက် အပြန်အလှန်ကြောက်စိတ်ကိုပိုတိုးစေကာ မှားယွင်းတွက်ချက်မှုတွေဖြစ်လာဖို့ပဲ လမ်းခင်းပေးသလိုဖြစ်နေပါတယ်။ အမေရိကန်က ဖိလစ်ပိုင်မှာရေရှည်အတွက် လောင်စာဆီသိုလှောင်ရုံတွေဆောက်ဖို့ ကြိုးစားနေတာကလည်း ဒီဒေသမှာရေရှည်စစ်ပြင်နေပြီလားဆိုတဲ့ သံသယကိုပိုကြီးထွားစေပါတယ်။

အနှစ်ချုပ်ရရင်တော့ အင်ဒို-ပစိဖိတ်ဒေသမှာ ဟန့်တားမှုဗျူဟာရှိသင့်တာမှန်ပေမယ့် အဲဒီဗျူဟာက သံတမန်ရေးရာနဲ့ အလှမ်းဝေးနေမယ်ဆိုရင်တော့ ဘယ်တော့မှမတည်ငြိမ်နိုင်ပါဘူး။ အခုလို အချင်းချင်း အင်အားပြနေတာတွေထက် ပိုပြီးအရေးကြီးလိုအပ်နေတာကတော့ အကျပ်အတည်းဖြစ်လာရင် တိုက်ရိုက်ဆက်သွယ်နိုင်မယ့် Hotline တွေ၊ စစ်ရေးအရထိတွေ့မှုတွေမှာလိုက်နာရမယ့် စည်းကမ်းတွေနဲ့ အဆင့်မြင့်သံတမန်ရေးရာ ဆွေးနွေးမှုတွေပဲ ဖြစ်ပါတယ်။ အာရှတိုက်အနာဂတ်ဟာ စစ်သည်အင်အားဘယ်လောက်ရှိသလဲ၊ ဒုံးကျည်ကိုဘယ်လောက်ဝေးဝေးပစ်နိုင်သလဲဆိုတဲ့အပေါ်မှာပဲ မူတည်နေတာမဟုတ်ဘဲ နိုင်ငံ့ခေါင်းဆောင်တွေအနေနဲ့ တစ်ဖက်နဲ့တစ်ဖက်ဘယ်လောက်အထိ ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်သလဲဆိုတာပေါ်မှာ ပိုပြီးမူတည်နေပါတယ်။ နိုင်ငံတိုင်းက ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့အတွက် လုပ်ဆောင်နေပါတယ်လို့ အကြောင်းပြချက်ပေးနေကြပေမယ့် စစ်မှန်တဲ့ဆွေးနွေးပွဲတွေနဲ့ ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်တွေမရှိဘူးဆိုရင်တော့ ဒီလိုအင်အားပြမှုတွေဟာ နောက်ဆုံးမှာရှောင်လွှဲလို့မရတဲ့ ထိပ်တိုက်တွေ့ဆုံမှုဆီကိုသာ ဦးတည်သွားမှာဖြစ်ပါတယ်၊ ဒါကြောင့် အခုအချိန်ဟာ လက်နက်သံတွေထက် ဆွေးနွေးပွဲအသံတွေကို ပိုပြီးကျယ်လောင်အောင် လုပ်ဆောင်ရမယ့်အချိန်ပဲဖြစ်ပါတယ်၊ သံတမန်ရေးကို အလေးမထားတဲ့ ဘယ်လိုဟန့်တားမှုမျိုးမဆိုဟာ ရေရှည်မှာတော့မလိုလားအပ်တဲ့ စစ်မီးများကိုသာ တောက်လောင်စေမှာဖြစ်ပါတယ်။ ။

Ref: SCMP

**ထက်မြတ်**

## အင်ဒိုနီးရှားတွင် ရထားနှစ်စင်း တိုက်မိမှုကြောင့် သေဆုံးသူ ၁၅ ဦးအထိ မြင့်တက်လာ

**ဂျကာတာ၊ မတော်တဆမှု**

အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာအနီး၌ဖြစ်ပွားသော ရထားနှစ်စင်းတိုက်မိမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၁၅ ဦးအထိ မြင့်တက်လာပြီး ထိခိုက်ဒဏ်ရာရရှိသူ ၈၄ ဦးရှိကြောင်း မီးရထားအာဏာပိုင်အဖွဲ့က ဧပြီလ ၂၈ ရက်တွင်ထုတ်ပြန်သည်။ ကယ်ဆယ်ရေးအဖွဲ့များသည် ရထားတွဲပျက်များအတွင်း ပိတ်မိနေသူများကို ထုတ်ယူနိုင်ရန် အချိန်ယူဆောင်ရွက်ခဲ့ရပြီးနောက် ယခုအခါ ကယ်ဆယ်ရေးလုပ်ငန်းများကို အပြီးသတ်နိုင်ပြီဖြစ်သည်။

ဂျကာတာမြို့အနီး ဘီကာစီဒေသတွင် ဧပြီလ ၂၇ ရက်နှောင်းပိုင်းက မြို့ပတ်ရထားတစ်စင်းနှင့် ခရီးဝေးပြေးဆွဲသည့် ရထားတစ်စင်းတို့ တိုက်မိခြင်းဖြစ်သည်။ ပျက်စီးသွားသော ရထားတွဲများမှ ခရီးသည်များကို ကယ်ထုတ်မှုသည် ခက်ခဲသောလုပ်ငန်းစဉ်ဖြစ်သောကြောင့် ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျဆောင်ရွက်ခဲ့ရကြောင်း အင်ဒိုနီးရှားရှာဖွေကယ်ဆယ်ရေးအေဂျင်စီအကြီးအကဲ မိုဟာမက်ရှာဖီကပြောသည်။

အဆိုပါမတော်တဆမှုတွင် အမျိုးသမီးသီးသန့်ရထားတွဲမှာ အဆိုးရွားဆုံးထိခိုက်ပျက်စီးခဲ့ရပြီး သေဆုံးသူအားလုံးမှာလည်း အမျိုးသမီးများဖြစ်သည်။ ကယ်ဆယ်ရေးသမားများသည် သံတိုသံစများကြားတွင် ညပ်နေသော အသက်ရှင်ကျန်ရစ်သူများကို ကယ်ထုတ်နိုင်ရန် သံဖြတ်စက်များကို အသုံးပြု၍ နာရီပေါင်းများစွာ ကြိုးပမ်းခဲ့ရကြောင်း သိရသည်။

Ref: ST

# ဘရူနိုင်းတွင် ကမ္ဘောဒီးယားနှင့်ထိုင်း နိုင်ငံခြားရေးဝန်ကြီးများ နယ်စပ်ကိစ္စဆွေးနွေး

**ဘန်ဒါဆီရီဘီဂါဝန်၊ နိုင်ငံရေး**


ဘရူနိုင်းနိုင်ငံတွင်ကျင်းပလျက်ရှိသည့် ၂၅ ကြိမ်မြောက် အာဆီယံ-EU နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ ဘေးပန်းဆွေးနွေးပွဲအဖြစ် ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ပရတ်ဆိုခွန်းနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး စီဟာဆက် ဖူအန်ကတ်ကောတို့က နှစ်နိုင်ငံနယ်စပ်ပြဿနာနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးကြောင်း ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီလ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဧပြီလ ၂၇ ရက်တွင်ပြုလုပ်သော အဆိုပါတွေ့ဆုံမှုတွင် နှစ်နိုင်ငံကြား၌ ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ နယ်စပ်ဒေသအခြေအနေများနှင့် သံတမန်ဆက်ဆံရေး ပိုမိုကျယ်ပြန့်လာစေရေးအခြေအနေများကို ပွင့်ပွင့်လင်းလင်းဆွေးနွေးသည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

"ကျွန်တော်တို့နှစ်နိုင်ငံကြားမှာ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရရှိဖို့နဲ့ အာဆီယံအတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ စည်းလုံးညီညွတ်ရေးကို အထောက်အကူပြုနိုင်ဖို့ဆိုရင် နိုင်ငံတကာဥပဒေတွေ၊ အာဆီယံပဋိညာဉ်တွေ၊ နှစ်နိုင်ငံချုပ်ဆိုထားတဲ့ စာချုပ်စာတမ်းတွေအပေါ် အလေးထားလိုက်နာပြီး အစစ်အမှန် ကတိကဝတ်ပြုမှုတွေလိုအပ်ပါတယ်"ဟု ပရတ်ဆိုခွန်းက ပြောသည်။

**Ref: Xinhua**

# အနောက်အုပ်စု၏ ဦးဆောင်မှုကဏ္ဍ ပြိုလဲနေပြီး နိုင်ငံတကာအခင်းအကျင်းအသစ် ပေါ်ထွက်လာနေဟု ပူတင်ပြော




**မော်စကို၊ နိုင်ငံရေး**

ကမ္ဘာ့ဇာတ်ခုံပေါ်တွင် အနောက်နိုင်ငံများ၏ဦးဆောင်နိုင်စွမ်းမှာ တဖြည်းဖြည်းလျော့ပါးပြိုလဲကာ အခင်းအကျင်းအသစ်ပေါ်ထွက်လာနေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများပါဝင်သော Global South အုပ်စုက အနောက်အုပ်စု၏ဦးဆောင်မှုကို အစားထိုးနေရာယူနေပြီဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်ကပြောသည်။

"နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနဲ့ လူမှုရေးကဏ္ဍတွေမှာ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့အရေးပါမှုကို တကယ်နားလည်တန်ဖိုးထားတဲ့ နိုင်ငံတွေဟာ အခုအခါမှာပိုပြီးအရေးပါတဲ့ အခန်းကဏ္ဍကနေပါဝင်လာနေပါပြီ။ အဲဒီနိုင်ငံတွေဟာ သူတို့ရဲ့ ကိုယ်ပိုင်တန်ဖိုး၊ အရင်းအမြစ်နဲ့ ဦးစားပေးချက်တွေအပေါ် မူတည်ပြီး ကိုယ်ပိုင်လမ်းကြောင်းကို ကိုယ်တိုင်သတ်မှတ်လာနိုင်ကြပြီဖြစ်ပါတယ်" ဟု ဗလာဒီမာပူတင်က Open Dialogue Forum သို့ပေးပို့သည့် ဗီဒီယိုမိန့်ခွန်းတွင်ပြောသည်။

အနောက်နိုင်ငံများ၏ လုပ်ဆောင်ချက်များကြောင့် ယခင်ကကျင့်သုံးသည့် နိုင်ငံတကာဆက်ဆံရေးစံနှုန်းများနှင့် လုပ်ထုံးလုပ်နည်းများသည် ထိရောက်မှုမရှိတော့ဘဲ ၎င်းတို့၏ဦးဆောင်မှုကဏ္ဍကို အင်အားစုအသစ်များနှင့် Global South နိုင်ငံများထံ လွှဲပြောင်းပေးနေရပြီဖြစ်ကြောင်း ပူတင်က ထောက်ပြသည်။

ထို့ပြင် ပြီးခဲ့သည့်နှစ်များအတွင်း ဖြစ်ရပ်များကိုကြည့်လျှင် စီးပွားရေး၊ ဘဏ္ဍာရေး၊ နည်းပညာနှင့် လူဦးရေဆိုင်ရာ ပြောင်းလဲမှုများမှာ ပြန်ပြင်၍မရအောင် ပြောင်းလဲနေပြီဖြစ်ကြောင်း ပူတင်ကပြောထားသည်ဟုသိရသည်။

**Ref: Sputnik**

# အီရန်ကြောင့် အမေရိကန် အရှက်ရနေရဟု ဂျာမနီဝန်ကြီးချုပ်ပြော

**ဘာလင်၊ နိုင်ငံရေး**

အမေရိကန်နိုင်ငံအနေဖြင့် ခိုင်မာသော စေ့စပ်ညှိနှိုင်းမှုဗျူဟာကင်းမဲ့နေပြီး အီရန်နိုင်ငံကြောင့် အရှက်ရနေရပြီဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် ဖရိုင်းဒရစ်မာ့ဇ်က ဧပြီလ ၂၇ ရက်တွင်ပြောသည်။ ကမ္ဘာ့စွမ်းအင်ဈေးနှုန်းများမြင့်တက်စေသည့် ဟော်မုရေလက်ကြားပိတ်ဆို့မှုများ ဆက်လက်ဖြစ်ပွားနေစဉ် ၎င်းက ယခုကဲ့သို့မှတ်ချက်ပြုခြင်းဖြစ်သည်။

"အီရန်နိုင်ငံဟာ ခန့်မှန်းထားတာထက် သိသိသာသာ ပိုမိုအင်အားတောင့်တင်းနေပြီး အမေရိကန်တွေဘက်မှာတော့ စေ့စပ်ညှိနှိုင်းမှုတွေအတွက် လက်တွေ့ဆွဲဆောင်မှုရှိတဲ့ ဗျူဟာမျိုးမရှိတာကတော့ ရှင်းနေပါတယ်" ဟု ဂျာမနီဝန်ကြီးချုပ်ကပြောသည်။

ထို့ပြင် စစ်ပွဲတစ်ခုအတွင်းသို့ပါဝင်ရန် လွယ်ကူသော်လည်း ပြန်လည်ထွက်ခွာရန် ခက်ခဲတတ်သည့်အခြေအနေကို အာဖဂန်နစ္စတန်နှင့် အီရတ်စစ်ပွဲများကို ဥပမာပေးကာ ဝန်ကြီးချုပ်ကသတိပေးထားသည်ဟု သိရသည်။

**Ref: RT**

# အေသင်မြို့၌ ပစ်ခတ်မှုဖြစ်ပွား ငါးဦးဒဏ်ရာရ တရားခံလွတ်မြောက်နေ

**အေသင်၊ ရာဇဝတ်မှု**

ဂရိနိုင်ငံ အေသင်မြို့ရှိ နေရာနှစ်ခု၌ ဧပြီလ၂၈ ရက်တွင် သေနတ်ပစ်ခတ်မှုများဖြစ်ပွားရာ အနည်းဆုံးလူငါးဦးဒဏ်ရာရရှိသွားကြောင်းနှင့် ပစ်ခတ်မှုကျူးလွန်သည့် တရားခံမှာ လွတ်မြောက်နေဆဲဖြစ်ကြောင်း သိရသည်။ ပစ်ခတ်မှုများသည် EFKA လူမှုဖူလုံရေးရုံးခွဲတစ်ခုနှင့် တရားရုံးတစ်ခုတို့၌ ဖြစ်ပွားခြင်းဖြစ်ပြီး ပစ်ခတ်မှုကျူးလွန်သူမှာ အသက် ၈၉ နှစ်ရှိအမျိုးသားတစ်ဦးဖြစ်သည်။

သေနတ်သမားသည် ၎င်းအသုံးပြုသည့် အမဲလိုက်သေနတ်နှင့်အတူ သတင်းစာတိုက်များသို့လိပ်မူထားသော ပေးစာများကို အခင်းဖြစ်ပွားရာနေရာများ၌ ထားရစ်ပြီး ခြေကျင်ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ရဲတပ်ဖွဲ့ကတရားခံကို ဖမ်းဆီးရမိရေးအတွက် အပူတပြင်း ရှာဖွေလျက်ရှိကြောင်းသိရသည်။

**Ref: AGC**

# အီရန်၏ ဟော်မုရေလက်ကြား ပြန်ဖွင့်ရေး အဆိုပြုချက်ကို ထရမ့်ကျေနပ်မှုမရှိဟုဆို



**ဝါရှင်တန်၊ ပဋိပက္ခ**

ဟော်မုရေလက်ကြား ပြန်လည်ဖွင့်လှစ်ရန်နှင့် စစ်ပွဲအဆုံးသတ်ရန် အီရန်ဘက်မှ ပေးပို့လာသည့် နောက်ဆုံးအဆိုပြုချက်ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကျေနပ်မှုမရှိကြောင်း အိမ်ဖြူတော်အကြံပေးများကို ပြောသည်ဟု သိရသည်။ ဧပြီလ ၂၇ ရက်တွင် အိမ်ဖြူတော်၌ ပြုလုပ်သည့် ဆွေးနွေးမှုအတွင်း ထရမ့်က၎င်း၏သဘောကို ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။

အီရန်၏အဆိုပြုချက်၌ အမေရိကန်၏ ရေကြောင်းပိတ်ဆို့မှုကို ရုပ်သိမ်းပေးရန် တောင်းဆိုထားသော်လည်း အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်နှင့်ပတ်သက်သည့် မေးခွန်းများကိုမူ ဘေးဖယ်ထားခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက ဆိုသည်။

အီရန်သည် ၎င်းတို့၏ နျူကလီးယား အစီအစဉ်ကို ရပ်ဆိုင်းရန်နှင့် သန့်စင်ပြီး ယူရေနီယံများကို လွှဲပြောင်းပေးရန် အမေရိကန်၏ တောင်းဆိုချက်များကို အကြိမ်ကြိမ်ငြင်းဆိုထားခြင်းဖြစ်သည်။

ထရမ့်က ထိုအဆိုပြုချက်ကို မည်သည့်အတွက်ကြောင့် ငြင်းပယ်သည်ဆိုသည့် အသေးစိတ်အချက်အလက်များကို ရှင်းလင်းစွာမသိရသေးသော်လည်း အီရန်နိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ပိုင်ဆိုင်ခွင့်မရှိစေရဟူသော အမေရိကန်၏မူဝါဒရှိသည့်အပြင် ထိုအဆိုပြုချက်ကို လက်ခံလိုက်ခြင်းသည် ထရမ့်အတွက် အောင်ပွဲမဟုတ်သကဲ့သို့ ဖြစ်သွားနိုင်ကြောင်း အမေရိကန်အရာရှိတစ်ဦးက သုံးသပ်ထားသည်။

**Ref: ST**

# အိန္ဒိယနိုင်ငံတစ်ဝန်း၌ မြင့်မားသည့်အပူချိန်ကို ဆက်လက်ကြုံတွေ့ရမည်

**နယူးဒေလီ၊ ရာသီဥတု**

အိန္ဒိယနိုင်ငံတစ်ဝန်း၌ မြင့်မားသည့် အပူချိန်ကို လာမည့်ရက်ပိုင်းအတွင်းဆက်လက်ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ကလေးငယ်များအပူလျှပ်ခြင်းမဖြစ်စေရေးအတွက် အချို့ဒေသရှိအခြေခံပညာကျောင်းများကိုပိတ်ထားပြီး အချိန်ဇယားများကိုပြောင်းလဲရေးဆွဲထားကြောင်းသိရသည်။

မိုးလေဝသဌာန၏ ဧပြီလ ၂၇ ရက်တွင် တိုင်းတာချက်များအရ နိုင်ငံအနောက်ပိုင်းပြည်နယ်ဖြစ်သည့် ရာဂျက်စသန်ပြည်နယ်ရှိ ဂျေဆယ်မားနှင့်ဘားမားခရိုင်တို့တွင် အပူချိန်မှာ ၄၆ ဒသမ ၄ ဒီဂရီစင်တီဂရိတ်အထိရှိသောကြောင့် တစ်နိုင်ငံလုံးအနက် အပူဆုံးဒေသများဖြစ်ကြောင်း မိုးလေဝသဌာနကထုတ်ပြန်ထားသည်။

အလားတူ နိုင်ငံအရှေ့ပိုင်းရှိ အိုဒစ်ရှာပြည်နယ်၌အပူချိန်သည် ပုံမှန်ထက် ၄ ဒသမ ၂ ဒီဂရီစင်တီဂရိတ်ပိုပူသောကြောင့် ၄၄ ဒသမ ၈ ဒီဂရီစင်တီဂရိတ်အထိရှိလာကြောင်း၊ ယင်းပြည်နယ်ရှိ ဆိုနီပူရခရိုင်တွင်လည်း အပူချိန် ၄၃ ဒသမ ၇ ဒီဂရီစင်တီဂရိတ်ဖြင့် စံချိန်တင်ကြောင်း မိုးလေဝသဌာန၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ယခုကဲ့သို့အပူချိန်မြင့်မားနေခြင်းသည် ပြင်းထန်သောအပူလှိုင်းဖြတ်မှုအခြေအနေများကြောင့်ဖြစ်ပြီး ပြည်သူများအနေဖြင့် အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက်များကို လိုက်နာရန်တာဝန်ရှိသူများက သတိပေးထားသည်။

**Ref: Xinhua**



# မော်လမြိုင်မြို့၌ ၂၀၂၆ ခုနှစ် "ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ်" အခမ်းအနားကျင်းပ

**မော်လမြိုင် ဧပြီ ၂၈**

၂၀၂၆ ခုနှစ် "ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးရက်သတ္တပတ်" အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မွန်ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်အတူ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး မျိုးဆက်တိုင်းအတွက် တန်ဖိုးကြီးသည့် ကာကွယ်ဆေးထိုးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်ပေးလျက်ရှိသည့် ဆက်စပ်ဝန်ကြီးဌာနများနှင့် မိတ်ဖက်အဖွဲ့အစည်းများကို ကျေးဇူးတင်ရှိကြောင်း၊ အနာဂတ်၏မျိုးဆက်တိုင်းကို အကာအကွယ်ပေးနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် "မျိုးဆက်တိုင်းကို ကာကွယ်ထား၊ ကာကွယ်ဆေး၏စွမ်းပကား" Documentary Story နှင့် တေးသီချင်း ဗီဒီယိုကိုပြသပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများသည် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ကလေးငယ်များအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြကြောင်း သိရသည်။

ဥဿာတိုင်းသား

# (၂၈-၄-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၉၆၄.၅ ~ ၃၉၆၅.၇ | ၅၅၇.၇ ~ ၅၅၈.၃ | ၁၂၅.၆ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၃၀,၆၇၈,၁၈၇.၃၈ | ၁၅,၂၃၆,၃၆၃.၇၆ | ၄၂,၃၄၇,၉၆၈.၉၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ဂျုံ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၄.၇၈ သန်းကိုလည်းကောင်း ၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၅ သန်းကိုလည်းကောင်း ၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၁၇ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်



# China Merchants Foundation မှ မြန်မာနိုင်ငံရှိ ငလျင်ဘေးသင့်ဒေသစာသင်ကျောင်းများသို့ လူမှုကူညီရေးပစ္စည်းများလွှဲပြောင်းပေးအပ်

**နေပြည်တော် ဧပြီ ၂၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း (CFRD)နှင့် China Merchants Foundation တို့ပူးပေါင်း၍ မြန်မာနိုင်ငံငလျင်ဘေးသင့်ဒေသများသို့ ကူညီထောက်ပံ့သည့် လူမှုကူညီရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးခရိုင် ယက္ကန်းစင်တောင် အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်အေးအေးစမ်း၊ Sinotrans (Myanmar) Logistics Co., Ltd. မှဒုတိယအထွေထွေမန်နေဂျာ Mr. Zhang Weikang၊ တရုတ်နိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း(မြန်မာနိုင်ငံရုံး)မှ ဒါရိုက်တာ Ms. Lin Yuan တို့က အမှာစကားများပြောကြားကြသည်။

ထို့နောက် စာသင်ကျောင်းငါးကျောင်းအတွက် နေပြည်တော် ပျဉ်းမနားမြို့နယ် အခြေခံပညာမူလတန်းကျောင်း–ယောက်သွားအင်း၊ တပ်ကုန်းမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း–မြောက်မြိုက်၊ လယ်ဝေးမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း–ယက္ကန်းစင်တောင်၊ ဥတ္တရသီရိမြို့နယ် အခြေခံပညာမူလတန်းကျောင်း – ဆားကျင်း၊ ပုဗ္ဗသီရိမြို့နယ် အခြေခံပညာမူလတန်းကျောင်း–ဇီးကုန်းကျောင်းတို့တွင် Tent Classroom များ၊ စာရေးစားပွဲ၊ ထိုင်ခုံများနှင့် ရေသန့်စက်တစ်လုံးစီလှူဒါန်းခဲ့ပြီး လယ်ဝေးခရိုင် ယက္ကန်းစင်တောင် အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ကြီး ဒေါ်လှစိုးနွယ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ဝန်းရံခ

# မြန်မာအမျိုးသမီးဘောလုံးအကယ်ဒမီအတွက် အပြီးသတ်လူရွေးချယ်ပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၂၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် မန္တလေးမြို့တွင် ပထမဆုံးအကြိမ်ဖွင့်လှစ်မည့်အမျိုးသမီးဘောလုံးအကယ်ဒမီ (Women's Academy)အတွက် ပဏာမရွေးချယ်ခံရသူများအနက်မှ အပြီးသတ်လူရွေးချယ်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသမီးဘောလုံးအကယ်ဒမီအတွက် အသက် ၁၃ နှစ်အောက်နှင့် အသက် ၁၅ နှစ်အောက်အမျိုးသမီးများအား အောက်မြန်မာပြည်နှင့် အထက်မြန်မာပြည်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပဏာမအဖြစ်ရွေးချယ်ခဲ့ပြီး ယင်းတို့တွင် ယူ –၁၂ အတွက်အမျိုးသမီး ၁၇ ဦး၊ ယူ –၁၃ အတွက် အမျိုးသမီး ၂၃ ဦး၊ ယူ –၁၄ နှင့် ယူ – ၁၅ အတွက် အမျိုးသမီး ၆၃ ဦး ရှိသည်။

အပြီးသတ်လူရွေးချယ်မှုကို အောက်မြန်မာပြည် ပဏာမရွေးချယ်ခံရသူများအတွက် ရန်ကုန်ဇုန်တွင် မေလ ၉ ရက်မှ ၁၁ ရက်ထိလည်းကောင်း၊ အထက်မြန်မာပြည် ပဏာမရွေးချယ်ခံရသူများအတွက် မန္တလေးဇုန်တွင် မေလ ၁၇ ရက်မှ ၁၉ ရက်ထိလည်းကောင်း စာရွက်စာတမ်းစိစစ်ခြင်း၊ ဆေးစစ်ခြင်းနှင့်လက်တွေ့ရွေးချယ်မှုများပြုလုပ်သွားမည်ဖြစ်ပြီး အပြီးသတ်ရွေးချယ်ခံရသူများအား မေလ ၂၂ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)သည် မျိုးဆက်သစ်ကစားသမားကောင်းများပေါ်ထွက်လာစေရန် ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ အမျိုးသားဘောလုံးအကယ်ဒမီများအတွက် ပဏာမရွေးချယ်ခံရသူများအား အပြီးသတ်လူရွေးချယ်ပွဲကိုလည်း အောက်မြန်မာပြည်အတွက် ရန်ကုန်ဇုန်တွင် မေလ ၁၁ ရက်မှ ၁၃ ရက်ထိလည်းကောင်း၊ အထက်မြန်မာပြည်အတွက် မန္တလေးဇုန်တွင် မေလ ၁၅ ရက်မှ ၁၆ ရက်ထိလည်းကောင်း ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ဝန်းရံခ

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၄-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၆၆၈ | ၄၈၅၅ | ၄၇၉၅ | ၄၆၈၅ | ၄၈၆၀ | ၄၈၇၀ | ၄၉၂၀ | ၄၇၆၅ | ၄၉၂၀ | ၅၂၄၀ | ၄၇၉၀ | ၄၉၀၅ | ၄၈၉၅ | ၄၈၄၅ | ၄၈၄၅ | ၅၀၆၀ |
| 95 Ron | ၄၉၀၉ | ၅၀၉၀ | ၅၀၃၀ | ၄၉၂၀ | ၅၀၉၅ | ၅၁၀၅ | ၅၁၅၅ | ၅၀၀၀ | ၅၁၅၅ | ၅၄၇၅ | ၅၀၂၅ | ၅၁၁၀ | ၅၁၃၀ | ၅၀၈၀ | ၅၀၈၅ | ၅၂၉၅ |
| HSD (500 ppm) | ၅၇၅၂ | ၅၉၃၀ | ၅၈၇၀ | ၅၇၆၅ | ၅၉၃၀ | ၅၉၄၀ | ၅၉၉၀ | ၅၈၄၅ | - | ၆၂၉၅ | ၅၈၆၅ | ၆၂၇၀ | ၅၉၆၅ | ၅၉၂၀ | ၅၉၂၀ | ၆၁၂၀ |
| HSD (50 ppm) | ၇၀၁၂ | ၇၂၀၅ | ၇၁၄၅ | ၇၀၃၅ | ၇၂၁၀ | ၇၂၂၀ | ၇၂၇၀ | ၇၁၁၅ | ၇၂၇၀ | ၇၅၉၀ | ၇၁၄၀ | ၇၂၇၅ | ၇၂၄၅ | ၇၁၉၅ | ၇၂၀၀ | ၇၄၁၀ |
| HSD (10 ppm) | ၇၀၁၂ | ၇၂၀၅ | ၇၁၄၅ | ၇၀၃၅ | ၇၂၁၀ | ၇၂၂၀ | ၇၂၇၀ | ၇၁၁၅ | | ၇၅၉၀ | ၇၁၄၀ | ၇၂၇၅ | ၇၂၄၅ | ၇၁၉၅ | ၇၂၀၀ | ၇၄၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၄၂၉ | ၄၅၅၂ |
| 95 Ron | ၄၆၆၀ | ၄၇၈၇ |
| HSD (500 ppm) | ၅၄၉၅ | ၅၆၃၅ |
| HSD (50 ppm) | ၆၇၀၂ | ၆၈၆၆ |
| HSD (10 ppm) | ၆၇၀၂ | ၆၈၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇–၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇–၄၁၁၂၈၂၊ ၀၉–၆၈၀၁၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ၂၀၂၆ ခုနှစ် မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်နှင့် မိုးဦးကာလအတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဧပြီ ၂၈

**အနောက်တောင်မုတ်သုံလေဝင်ရောက်ခြင်း၊ ဆုတ်ခွာခြင်းအခြေအနေ**

အနောက်တောင်မုတ်သုံလေသည် ၂၀၂၆ ခုနှစ်မေလ ၃၁ ရက်မှ ဇွန်လ ၅ ရက် (မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် နယုန်လပြည့်ကျော် ၁ ရက်မှ ၆ ရက်)အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဝင်ရောက်ဖွယ်ရာရှိပြီး ၂၀၂၆ ခုနှစ် အောက်တိုဘာလ ဒုတိယရက်သတ္တပတ် (မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ် သီတင်းကျွတ်လဆန်းခန့်) တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားဖွယ်ရာရှိသည်။

**မိုးဦးကာလခန့်မှန်းချက်**

မိုးဦးကာလသည် ၂၀၂၆ ခုနှစ် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ဇွန်လကုန်အထိဖြစ်သည်။ မိုးဦးကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင်လေဖိအားနည်းရပ်ဝန်းလေးကြိမ် ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးဦးကာလ မေလနှင့်ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်သာမြစ်၊ ဒုဋ္ဌဝတီမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ သောင်ရင်းမြစ်၊ ငဝန်မြစ်၊ တိုးမြစ်နှင့် ဘီးလင်းမြစ်တို့ တစ်လျှောက်ရှိမြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

**မိုးလယ်ကာလခန့်မှန်းချက်**

မိုးလယ်ကာလသည် ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ဩဂုတ်လကုန်အထိဖြစ်သည်။ မိုးလယ်ကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းလေးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားကောင်းနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးလယ်ကာလ ဇူလိုင်လနှင့်ဩဂုတ်လတို့တွင် ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ကြိမ်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ကြိမ်ခန့်နှင့် မဒေါက်မြို့တွင် နှစ်ကြိမ်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့်ပုသိမ်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**မိုးနှောင်းကာလခန့်မှန်းချက်**

မိုးနှောင်းကာလသည် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁ ရက်မှ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြန်လည်ဆုတ်ခွာသွားသည့်နေ့အထိဖြစ်သည်။ မိုးနှောင်းကာလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းလေးကြိမ်ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာမုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင် မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်သည်။ မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

မိုးနှောင်းကာလ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ကြိမ်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ကြိမ်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင်တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် တစ်ကြိမ်ခန့်စီနှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

**၂၀၂၆ ခုနှစ် မိုးဦးကာလသတ်မှတ်ခြင်း**

၂၀၂၆ ခုနှစ် မိုးဦးကာလသည် မြန်မာနိုင်ငံအတွင်းသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်သည့်နေ့မှ ၂၀၂၆ ခုနှစ် ဇွန်လကုန်အထိဖြစ်သည်။

**၂၀၂၆ ခုနှစ် မုတ်သုံလေဝင်ရောက်နိုင်မှုအခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအရပ်ရပ်သို့ အောက်ပါအတိုင်း ဝင်ရောက်ဖွယ်ရာရှိပါသည်-

(က) မေလ ၁၃ ရက်မှ ၁၈ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊

(ခ) မေလ ၁၉ ရက်မှ ၂၄ ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများ၊

(ဂ) မေလ ၂၅ ရက်မှ ၃၀ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၊

(ဃ) မေလ ၃၁ ရက်မှ ဇွန်လ ၅ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၊

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းလေးကြိမ် ဖြစ်ပေါ်နိုင်ပြီး နှစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

မိုးဦးကာလ မေလနှင့်ဇွန်လတို့တွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ မြစ်သာမြစ်၊ ဒုဋ္ဌဝတီမြစ်၊ စစ်တောင်းမြစ်၊ ရွှေကျင်မြစ်၊ ပဲခူးမြစ်၊ သံလွင်မြစ်၊ သောင်ရင်းမြစ်၊ ငဝန်မြစ်၊ တိုးမြစ်နှင့်ဘီးလင်းမြစ်တို့တစ်လျှောက်ရှိမြို့များတွင် မြစ်ရေများသည် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သော်လည်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်နိုင်ဖွယ်မရှိပါ။

**(မိုး/ဇလ)**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာချက်

နေပြည်တော် ဧပြီ ၂၈

၂၀၁၄ ခုနှစ်၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၅ အုပ် သို့မဟုတ် ၅ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့် စာအုပ်စာရင်း ၂ အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ ၂ အုပ်နှင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနသို့ ၁ အုပ်ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၅ အုပ်သို့မဟုတ် ၅ စောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ(၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်၊ စာစောင်များအား ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ပေးအပ်နိုင်ပါရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ၂၈-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပေါက်ခေါင်းမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ မြေပဲစံကွက်ရိတ်သိမ်းမှုအား ကွင်းဆင်းစစ်ဆေး

ပေါက်ခေါင်း ဧပြီ ၂၈

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် ဓမ္မသော်ကျေးရွာ၌ ဗီယက်နမ်မျိုး မြေပဲစံကွက်ရိတ်သိမ်းနေမှုကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများက ဧပြီလ ၂၇ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးမင်းလွင်၊ လက်ထောက်ဦးစီးမှူးများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက စိုက်ပျိုးရေးဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ စိုက်ပျိုးထားရှိသော ဓမ္မသော်ကျေးရွာရှိ တောင်သူဦးခင်ဇော်ဦး၏ ဗီယက်နမ်မျိုး မြေပဲစံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးရာတွင် တစ်ဧကလျှင် ပျမ်းမျှ ၇၂ ဒသမ ၄၄ တင်း ထွက်ရှိပြီး အထွက်နှုန်းပိုမိုကောင်းမွန်ကြောင်း သိရသည်။

ပေါက်ခေါင်းမြို့နယ်၌ ဗီယက်နမ်၊ တွန်တာနီ၊ ဆင်းပဒေသာ(၁၁) အစရှိသည့် မြေပဲမျိုးများကို အများဆုံးစိုက်ပျိုးထားပြီး အထွက်နှုန်းကောင်းမွန်စေရေးနှင့် စိုက်ပျိုးရာတွင် လွယ်ကူအဆင်ပြေစေရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖုန်းကျော်ဇင် (ပြန်/ဆက်)

**လျှပ်စစ်မီတာခသက်သာဖို့ LED ပစ္စည်းသုံးကြစို့။**

## တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပါဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော ဝိဇ္ဇာအောင်အမှတ်တံဆိပ် လေးဖက်နာနှင့် အကိုက်အခဲပျောက်ဆေး(ဆေးမှုန့်/ဆေးထုပ်)သည် အခြားဆေး၏ တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်- TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိသော တိုင်းရင်းဆေးဝါးဖြစ်သဖြင့် ဆေးဝါးစစ်မှန်အစွမ်းထက်မှုကို အာမခံချက် မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုပ်ပိုးခွံပေါ်တွင် ဖော်ပြသော အမှတ် | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|---|
| ၁။ | ဝိဇ္ဇာအောင် | လေးဖက်နာနှင့် အကိုက်အခဲပျောက်ဆေး | ဆေးမှုန့် | TMR-011461 (0615) | မဟာမြိုင်အိမ်ရာ၊ ၄၁ တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံ၊ရန်ကုန်မြို့။ |





တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးနမူနာ

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## အနောက်တိုင်းဆေးရောနှောထားပြီး စံမညီတိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပါဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ကာယသုခဆရာကြီးဖိုးဘစံ အမှတ်တံဆိပ် အဆစ်အမျက်နာကျင်ကိုက်ခဲ၊ ဒူးနာ၊ ခါးနာရောဂါပျောက်ဆေး(ဆေးမှုန့်/ဆေးထုပ်)၊ ငွေနတ်သားအမှတ်တံဆိပ် လေးဖက်နာနှင့် ထိပ်ကပ်နာကုဆေး(ဆေးမှုန့်/ဆေးထုပ်)၊ သစ္စာရှင်အမှတ်တံဆိပ် အဆစ်အမျက်နာနှင့်အကိုက်အခဲပျောက်ဆေး(ဆေးမှုန့်/ဆေးထုပ်)၊ မေတ္တာရှင်အမှတ်တံဆိပ် လေးဖက်နာ၊ အဆစ်အမျက်နာ၊ ဂေါက်ရောဂါနှင့် အကိုက်အခဲပျောက်ဆေး(ဆေးမှုန့်/ဆေးထုပ်)နှင့် ရွှေဆေးအမှတ်တံဆိပ် အဆစ်အမျက်အကိုက်အခဲသောက်ဆေး (ဆေးမှုန့်/ဆေးထုပ်)တို့သည် အခြားဆေး၏ တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်- TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၃။ ရွှေဟင်္သာအမှတ်တံဆိပ် အဆစ်အမျက် အကိုက်အခဲသောက်ဆေး (ဆေးမှုန့်/ဆေးထုပ်)သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ရရှိထားသော်လည်း ဈေးကွက်တွင် တိုင်းရင်းဆေးဝါးမှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဖုံ၊ ဖော်စပ်နည်းနှင့်အညီ မဟုတ်ဘဲ ဖော်စပ်ထားသော တိုင်းရင်းဆေးဝါး (စံမညီတိုင်းရင်းဆေးဝါး) ဖြစ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေး ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည်/ဆေးဝါးပုံစံ | တိုင်းရင်းဆေးဝါးမှတ်ပုံတင် | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | ကာယသုခဆရာကြီးဖိုးဘစံ | အဆစ်အမျက်နာကျင်ကိုက်ခဲ၊ ဒူးနာ၊ခါးနာရောဂါပျောက်ဆေး/ ဆေးမှုန့် | ဖော်ပြထားခြင်းမရှိပါ | ဖော်ပြထားခြင်းမရှိပါ | Paracetamol & Diclofenac |
| ၂။ | ငွေနတ်သား | လေးဖက်နာနှင့် ထိပ်ကပ်နာကုဆေး/ ဆေးမှုန့် | ဝ၆၁၇ (YR) ဝ၇၁၆၅၁ | ငွေနတ်သားဆေးတိုက် စက်မှုလမ်းမကြီး၊ ရွှေပြည်သာစက်မှုဇုန်၊ ရန်ကုန်မြို့။ ၀၉-၇၉၄၂၂၂၄၁၊ ၀၉-၄၂၃၆၉၅၇၁၇ | Paracetamol |
| ၃။ | သစ္စာရှင် | အဆစ်အမျက်နာနှင့် အကိုက်အခဲပျောက်ဆေး/ ဆေးမှုန့် | TMR-007520 (0617) | သစ္စာရှင်ဆေးတိုက် ရွှေပြည်သာစက်မှုဇုန်၊ ရန်ကုန်မြို့။ ၀၉-၄၅၄၅၄၁၇၇၅ ၀၉-၇၈၀၀၀၀၄၉၃ | Diclofenac |
| ၄။ | မေတ္တာရှင် | လေးဖက်နာ၊ အဆစ်အမျက်နာ၊ ဂေါက်ရောဂါနှင့် အကိုက်အခဲပျောက်ဆေး/ ဆေးမှုန့် | TMR-007487 (0425) | မေတ္တာရှင်ဆေးတိုက် အမှတ် ၁၀၀၊ပ-ထပ်၊ ၁၆ လမ်း၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၁၃၇၉၆၂၊ ၀၉-၂၅၂၅၄၅၂၀-၂၁ | Paracetamol & Diclofenac |
| ၅။ | ရွှေဆေး | အဆစ်အမျက် အကိုက်အခဲ သောက်ဆေး/ ဆေးမှုန့် | TMR-023675 (1120) | ရွှေတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး လှိုင်သာယာစက်မှုဇုန်၊ ရန်ကုန်မြို့။ ၀၉-၄၄၄၄၉၉၉၃၇၊ ၀၉-၆၉၄၄၉၉၉၃၇ | Diclofenac |
| ၆။ | ရွှေဟင်္သာ | အဆစ်အမျက် အကိုက်အခဲ သောက်ဆေး/ ဆေးမှုန့် | TMR-014624 (0425) | ရွှေပါရမီ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး အမှတ် ၃၂/က၊ ၅ လမ်း၊ မြေညီထပ်၊လမ်းမတော် မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၅၀၀၀၀၄၉၂၊ ၀၉-၇၈၀၀၀၀၄၉၂ | Diclofenac |














Paracetamol & Diclofenac ရောနှောသည့် ဆေးထုပ်နမူနာများ

၅။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဘာစီလိုနာအသင်းဝါရင့်တိုက်စစ်ကစားသမား လီဝန်ဒေါစကီး ယခုဘောလုံးရာသီ အကုန်တွင် ဘာစီလိုနာအသင်းမှထွက်ခွာဖွယ်ရှိ



**ဘာစီလိုနာ ဧပြီ ၂၈**

ဘာစီလိုနာအသင်း ဝါရင့်တိုက်စစ်ကစားသမား လီဝန်ဒေါစကီးသည် ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးပြီး အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာဖွယ်ရှိကြောင်း သိရသည်။

အသက် ၃၇ နှစ်အရွယ် လီဝန်ဒေါစကီးသည် ၂၀၂၂ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ကာ အသင်းနှင့်အတူ အစောပိုင်းဘောလုံးရာသီများတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် အသက်အရွယ်အပိုင်းအခြားအရ ရုန်းကန်နေရပြီး ဂိုးသွင်းအားလည်း ကျဆင်းလာသည်။

လီဝန်ဒေါစကီးသည် ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၂ ဂိုးအထိသွင်းယူနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ၁၇ ဂိုးသာသွင်းယူထားပြီး ဂိုးသွင်းအားကျဆင်းလာခြင်းဖြစ်သည်။

အစောပိုင်းက လီဝန်ဒေါစကီးနှင့် ဘာစီလိုနာအသင်းတို့ ဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် တစ်နှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် နီးစပ်ခဲ့သော်လည်း နောက်ပိုင်း ဘာစီလိုနာအသင်းက လီဝန်ဒေါစကီးကို မြင့်မားသည့်လုပ်ခလစာပေးချေနေရသည့်အတွက် ဆုံးဖြတ်ချက်ပြန်လည်ပြင်ဆင်လာပြီး သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည့်အစီအစဉ်ကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

လီဝန်ဒေါစကီးကိုယ်တိုင်ကလည်း ဘာစီလိုနာအသင်းဘက်မှ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကြန့်ကြာနေသည့်အတွက် ရာသီအကုန်တွင် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်ဆုံးဖြတ်ခဲ့သည်။ လီဝန်ဒေါစကီးသည် အသင်းနှင့်အတူ လေးရာသီအတွင်း ပြိုင်ပွဲစုံ ၁၈၈ ပွဲပါဝင်ကစားထားကာ ၁၁၈ ဂိုးအထိသွင်းယူထားသည်။

ဘာစီလိုနာအသင်းက လီဝန်ဒေါစကီး၏နေရာ၌ အစားထိုးရန်အတွက် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အက်သလက်တီကိုအသင်းမှ အယ်ဗာရက်ကိုခေါ်ယူရန် ကြိုးပမ်းနေသည့်အပြင် ဂျူဗင်တပ်စ်အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ထွက်ခွာမည့် ဗလာဟိုဗစ်ချ်ကိုလည်း ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# နယ်သာလန်အသင်း တိုက်စစ်ကစားသမားဆိုင်မွန် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့်လွဲချော်မည်

**အမ်စတာဒမ် ဧပြီ ၂၈**

စပါးအသင်းနှင့် နယ်သာလန်အသင်းတိုက်စစ်ကစားသမား ဆိုင်မွန်သည် စပါးအသင်းနှင့် ဝုဗ်အသင်းတို့ကစားသည့်ပွဲစဉ်တွင် ရရှိသည့် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် နယ်သာလန်အသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

စပါးအသင်းက ဝုဗ်အသင်းကို ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်၌ ဆိုင်မွန်သည် ပွဲချိန် ၆၃ မိနစ်တွင် ပြင်းထန်သောဒူးအရွတ်စုတ်ပြဲဒဏ်ရာရရှိခြင်းဖြစ်ပြီး ဒဏ်ရာခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သည့်အတွက် မည်သည့်အချိန်တွင် ပြန်လည်ကစားနိုင်မည်ကို မသိရှိရသေးဘဲ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ပြီး ယခုဘောလုံးရာသီ တန်းမဆင်းရရေး ရုန်းကန်နေရသည့်စပါးအသင်းတိုက်စစ်ပိုင်းအတွက် ထိုးနှက်ချက်များဖြစ်လာသည်။

ဆိုင်မွန်အနေဖြင့် ဒဏ်ရာခွဲစိတ်ကုသမှုလုပ်ဆောင်ပြီးလျှင်လည်း လအတန်ကြာအနားယူရမည်ဖြစ်သည့်အတွက် နယ်သာလန်အသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို လွဲချော်မည်ဖြစ်သည့်အပြင် စပါးအသင်းနှင့်လည်း လာမည့်ဘောလုံးရာသီတွင် ရာသီအစပိုင်းပွဲစဉ်များပါ လွဲချော်ဖွယ်ရှိကြောင်း သိရသည်။

*Ref;Goal.com*

# လူကာမိုဒရစ် ဒဏ်ရာကြောင့် ရာသီကုန်အထိအနားယူရမည်ဖြစ်သော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင်ပါဝင်ကစားနိုင်မည်

**မီလန် ဧပြီ ၂၈**

အေစီမီလန်အသင်းဝါရင့်ကွင်းလယ်ကစားသမား လူကာမိုဒရစ်သည် အေစီမီလန်အသင်းနှင့် ဂျူဗင်တပ်စ်အသင်းတို့ ဂိုးမရှိသရေရလဒ်ထွက်ပေါ်သည့်ပွဲစဉ်တွင်ရရှိသော ပါးရိုးကျိုးဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရမည်ဖြစ်သော်လည်း ခရိုအေးရှားအသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်၌ ပွဲချိန် မိနစ် ၈၀ တွင် ပြိုင်ဘက်ကစားသမား လိုကာတယ်လီနှင့် ထိခိုက်မိပြီးနောက် ပါးရိုးကျိုးဒဏ်ရာရရှိပြီး ဆက်လက်ကစားနိုင်ခြင်းမရှိသည့်အတွက် လူစားလဲထွက်ခွာခဲ့ရသည်။

လူကာမိုဒရစ်၏ ပါးရိုးကျိုးဒဏ်ရာနှင့်ပတ်သက်ပြီး အေစီမီလန်အသင်းဆေးအဖွဲ့က ဆေးစစ်မှုများလုပ်ဆောင်ပြီးနောက် ဒဏ်ရာမှာ ပြင်းထန်သည့်အတွက် ယခုဘောလုံးရာသီကုန်အထိအနားယူရမည်ဖြစ်သော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ကြံ့ခိုင်မှုပြန်လည်ပြည့်ဝမည်ဖြစ်သည့်အတွက် မျက်နှာအကာအကွယ်တပ်ဆင်၍ ပါဝင်ကစားနိုင်မည်ဟု ထုတ်ပြန်ခဲ့သည်။

လူကာမိုဒရစ်သည် ခရိုအေးရှားအသင်းနှင့်အတူ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကို ၎င်း၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝ နောက်ဆုံးပြိုင်ပွဲအဖြစ် ပါဝင်ကစားဖွယ်ရှိသည်။

လူကာမိုဒရစ်သည် ခရိုအေးရှားအသင်းနှင့်အတူ ၂၀၀၆ ခုနှစ်က စတင်ပါဝင်ကစားခဲ့ပြီး ပြိုင်ပွဲစုံ ၁၉၆ ပွဲပါဝင်ကစားခဲ့ကာ ၂၉ ဂိုးသွင်းယူထားပြီး အသင်း၌ ပွဲအများဆုံးပါဝင်ကစားထားသည့် ကစားသမားတစ်ဦးအဖြစ် ရပ်တည်နေသူဖြစ်ကြောင်း သိရသည်။

*Ref;Fabrizio Romano*



# ချယ်လ်ဆီးအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် ဘုန်းမောက်အသင်းနည်းပြ အီရာလိုအား ခန့်အပ်ရန် ဆွေးနွေးမှုများလုပ်ဆောင်နေ

**လန်ဒန် ဧပြီ ၂၈**

ချယ်လ်ဆီးအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် ယခုဘောလုံးရာသီအကုန်တွင်ဘုန်းမောက်အသင်းနည်းပြ အီရာလိုအား ခန့်အပ်ရန် ၎င်း၏အေးဂျင့်ဖြစ်သူနှင့်ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် နည်းပြမာရက်ကာကိုရာထူးမှ ထုတ်ပယ်ပြီးနောက် ပြီးခဲ့သည့် ဇန်နဝါရီလက နည်းပြ ရိုစင်နီယာကို ကာလရှည်စာချုပ်ဖြင့် ခန့်အပ်ခဲ့သော်လည်း အသင်းမှာ နည်းပြရိုစင်နီယာလက်အောက်၌ စံချိန်တင်ရလဒ်များဆိုးရွားခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်အတွက်လည်း မရေမရာဖြစ်လာပြီးနောက် ဘရိုက်တန်အသင်းကို ဂိုးပြတ်ရှုံးနိမ့်သည့်ပွဲစဉ်အပြီးတွင် နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် နည်းပြရိုစင်နီယာကို ရာထူးမှ ထုတ်ပယ်ပြီးနောက် ယခုဘောလုံးရာသီကုန်အထိ ယာယီနည်းပြအဖြစ် အသင်းလက်ထောက်နည်းပြ မက်ဖာလန်းကို တာဝန်ပေးအပ်ထားပြီး ရာသီအကုန်တွင် နည်းပြသစ်ခန့်အပ်ရန်စီစဉ်ထားခြင်းဖြစ်သည်။

နည်းပြ အီရာလိုသည် ဘုန်းမောက်အသင်းကို ၂၀၂၃ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ယခုဘောလုံးရာသီတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၃၄ ပွဲကစားပြီးချိန် ရမှတ် ၄၉ မှတ်ဖြင့် ဥရောပဝင်ခွင့်တစ်နေရာအတွက် မျှော်လင့်ချက်ရရှိအောင် စွမ်းဆောင်ပေးထားနိုင်ခဲ့သည်။

နည်းပြ အီရာလိုသည် ယခုဘောလုံးရာသီအကုန်တွင် ဘုန်းမောက်အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲမည်ဖြစ်သည့်အတွက် ချယ်လ်ဆီးအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် နည်းပြ အီရာလိုအားခန့်အပ်ရန် အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်း သိရသည်။

*Ref;Transfer News*

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ



နေပြည်တော် ဧပြီ ၂၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧပြီလ ၂၀ ရက်မှ ၂၆ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း (၃၉ ဒသမ ၇၉၄၂) တန်၊ သစ်မာ (၂၇ ဒသမ ၀၃၇၈)တန်၊ အခြား (၂၉၄ ဒသမ ၅၀၅၂ )တန်၊ စုစုပေါင်း (၃၆၁ ဒသမ ၃၃၇၂)တန်၊ ယာဉ်/ယန္တရား (၅)စီး၊ တရားခံ (၁၁)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

မြဝတီ

# အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် အဓမ္မလက်ထပ်ပေါင်းသင်းစေပြီး ရရှိသောငွေကြေးအကျိုးအမြတ်အား ခေါင်းပုံဖြတ်ရယူဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဧပြီ ၂၈

အမျိုးသမီးကို တရုတ်ဇနီးမယားအဖြစ် အဓမ္မလက်ထပ်ပေါင်းသင်းစေပြီး ရရှိသောငွေကြေးအကျိုးအမြတ်အား ခေါင်းပုံဖြတ်ရယူဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၉)ရပ်ကွက်နေ အမျိုးသမီးတစ်ဦးသည် အလုပ်လုပ်ကိုင်ရန်အတွက် တစ်မြို့နယ်တည်းနေ သူငယ်ချင်းဖြစ်သူ မယုယုခိုင်အားတိုင်ပင်ခဲ့ရာ မယုယုခိုင်ကတရုတ်ယောက်ျားယူပါက ငွေကျပ်သိန်း ၁၈၀/၂၀၀ ရရှိမည်ဟု စည်းရုံးပြောဆို၍ ရွှေပြည်သာမြို့နယ်၊ ထန်းခြောက်ပင် (ပတ္တမြားဈေးအနီးရှိ)လက်ဖက်ရည်ဆိုင်တွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်နေ ကိုဇာနည်မင်းနှင့်တွေ့ဆုံပေးခဲ့ရာ ကိုဇာနည်မင်းက အမျိုးသမီးကို တရုတ် အမျိုးသား Mr.WU JIN MIN (ဝူကျင်းမင်)နှင့် ဆက်လက်တွေ့ဆုံပေးခဲ့ကြောင်း။

တရုတ်အမျိုးသား Mr.WU JIN MIN (ဝူကျင်းမင်)က သဘောကျသဖြင့် တင်တောင်းငွေကျပ်သိန်း ၁၈၀ ပေးမည်ဟု ပြောဆိုပြီး ကိုဇာနည်မင်းကို အကျိုးဆောင်ခငွေကျပ် ၅ သိန်းနှင့် မင်္ဂလာဆွမ်းကျွေးရန် ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်ခဲ့ကြောင်း၊ မင်္ဂလာဆွမ်းကျွေးသည့်နေ့တွင်တင်တောင်းငွေကျပ်သိန်း ၈၀ နှင့် ကျောက်တံတားခရိုင်တရားရုံးတွင် လက်ထပ်ထိမ်းမြားလက်မှတ်ရေးထိုးစဉ် ငွေကျပ်သိန်း ၅၀ ကို အမျိုးသမီးထံသို့ပေးအပ်ခဲ့ကြောင်း၊ ကျန်ငွေကျပ်သိန်း ၅၀ ကို လေယာဉ်တက်ချိန်ပေးမည်ဟု ပြောဆိုခဲ့ပြီး တရုတ်နိုင်ငံသို့သွားရောက်ရန် စာရွက်စာတမ်းများပြုလုပ်ပြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ရွှေပဒုမ္မာဟိုတယ်တွင် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် တရုတ်နိုင်ငံသားနှင့်လက်ထပ်ပေါင်းသင်းစေရန် တင်တောင်းငွေများဖြင့် မက်လုံးပေးစည်းရုံးကာ အဓမ္မလက်ထပ်ထိမ်းမြားစေပြီး တရုတ်နိုင်ငံသို့ခေါ်ဆောင်ရန်စီစဉ်ဆောင်ရွက်ခဲ့ကြသူ တရုတ်အမျိုးသား Mr.WU JIN MIN (ဝူကျင်းမင်)၊ ကိုဇာနည်မင်းနှင့် မယုယုခိုင်တို့ ၃ ဦးကို အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ရွှေပြည်သာမြို့မရဲစခန်း (ပ)၂၀၃/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၄ ရက်တွင် မင်္ဂလာဒုံခရိုင်တရားရုံးမှ တရုတ်အမျိုးသား Mr.WU JIN MIN (ဝူကျင်းမင်)ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းနှင့်တိမ်းရှောင်တရားခံ မယုယုခိုင်အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ အရ ကျင့် ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ မြဝတီ

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၆°C / ၃၈°C |
| ရန်ကုန် | ၂၅°C / ၃၇°C |
| မန္တလေး | ၂၄°C / ၃၄°C |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ၂၀၂၆-၂၀၂၇ နှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်အတွင်း 5000 BHP ASD Tug တွန်း/ဆွဲရေယာဉ် အသစ်(၁)စင်း တည်ဆောက်ခြင်းလုပ်ငန်းကို နိုင်ငံခြားသုံးငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်ပါသဖြင့် အရည်အချင်းပြည့်မီပြီး စိတ်ပါဝင်စားသော ကုမ္ပဏီများအနေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာပုံစံရောင်းချမည့်နေ့ရက်နှင့်အချိန် - ၂၈-၄-၂၀၂၆ ရက်နေ့မှ ၁၉-၅-၂၀၂၆ ရက်နေ့အထိ (ရုံးဖွင့်ရက် ၀၉:၃၀ – ၁၆:၀၀ နာရီအတွင်း)

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - စီမံရေးနှင့်လုပ်ငန်းဌာနခွဲ၊ သိမ်ဖြူသင်္ဘောကျင်း၊ စက်မှုအင်ဂျင်နီယာဌာန၊ အမှတ် ၅၅၇/၅၅၉၊ ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၄။ တင်ဒါဖွင့်မည့်နေ့ရက်၊ အချိန်နှင့် နေရာ - ၂၁-၅-၂၀၂၆ (ကြာသပတေးနေ့)၊ (၁၃:၀၀) နာရီ အမှတ်(၁၀)၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ရုံးချုပ်)၊ ပထမထပ်၊ ရန်ကုန်မြို့။

၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက Email: cmeoffice.mpa@gmail.com နှင့် ဖုန်း +၉၅-၉၅၁၅၈၄၀၄ / +၉၅-၉၄၀၁၀၁၀၂၉၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**ပျောက်ဆုံးကြောင်း**
သိန်းဝင်း(ဘ)ဦးတင်လှ ၁၂/ဒပန(နိုင်)၀၄၀၅၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
စုလှိုင်ဦး(ဘ)ဦးတင်နိုင် ၁၂/လကန(နိုင်)၂၆၃၈၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ရွှေရည်မိုးမြင့်(ဘ)ဦးကျော်ထွန်းဇော် ၅/မရန(နိုင်)၃၇၈၁၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 635374)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၃၈၆၈၁၂၂

**ပျောက်ဆုံးကြောင်း**
ခင်စိန်(ဘ)ဦးအောင်သန်း ၈/စတရ(နိုင်)၀၃၄၆၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၅၅၅၂၄၃

**တစ်ဦးတည်းဖြစ်ပါကြောင်း**
တောင်တွင်းကြီးမြို့နယ်၊ ကင်ပွန်းတောင်အုပ်စုနေ အဘ ဦးသင်းဇော်ထက်၏သား Grade-8 ကျောင်းသား မောင်သော်တာဖြိုးနှင့် မောင်ဟိန်းမြတ်နောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မောင်သော်တာဖြိုး(ခ)မောင်ဟိန်းမြတ်နောင်

**ပျောက်ဆုံးကြောင်း**
တင်စန်း(ဘ)ဦးကရင် ၁၂/ဒဂတ(နိုင်)၀၄၆၅၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ချစ်ကိုကို(ဘ)ဦးဝင်းနိုင် ၇/ညလပ(နိုင်)၂၂၀၇၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ယုသန္တာ(ဘ)ဦးကျော်မင်းဦး ၁၂/လကန(နိုင်)၂၆၀၄၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 804104)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၄၀၀၁၅၉၅၄

**ပျောက်ဆုံးကြောင်း**
ခိုင်သဇင်(ဘ)ဦးစောသန်း ၈/မတန(နိုင်)၀၆၅၉၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၉၈၄၇၄၃၉

**ပျောက်ဆုံးကြောင်း**
စိုးစန္ဒာငြိမ်း(ဘ)ဦးကျော်စိုး ၁၂/ကမရ(နိုင်)၀၄၇၀၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၅၃၀၁၅၇၅

**ပျောက်ဆုံးကြောင်း**
အိအိမိုး(ဘ)ဦးခင်မောင် ၆/ပလန(နိုင်)၁၀၇၀၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၆၉၉၈၇၈၀

**ပျောက်ဆုံးကြောင်း**
ဖြိုးမွန်အေး(ဘ)ဦးဟာမြစ်(ခ)ဦးခင်မောင်အေး ၉/ခအဇ(နိုင်)၀၃၅၈၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မင်းရွှေလှိုင်(ဘ)ဦးတင်လှိုင် ၇/ဖမန(နိုင်)၂၆၄၅၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အေးအေးအောင်(ဘ)ဦးအောင်မင်း ၅/မရန(နိုင်)၂၁၅၃၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 404164)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၈၂၃၂၈၆၆

**ပျောက်ဆုံးကြောင်း**
အေးအေးအောင်(ဘ)ဦးထွန်းရွှေ ၈/မတန(နိုင်)၀၆၅၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 938477)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၉၈၄၇၄၃၉

**ပျောက်ဆုံးကြောင်း**
သင်းသိမ့်သိမ့်စံ(ဘ)ဦးမျိုးမင်းထက် ၁၄/ပသန(နိုင်)၃၅၂၆၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မြသန္တာ(ဘ)ဦးညွန့်ဝင်း ၅/တဆန(နိုင်)၁၂၆၂၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၆၅၆၂၈၀၃

**ပျောက်ဆုံးကြောင်း**
ရဲဝင်းစိုး(ဘ)ဦးတင်ထွန်း ၁၃/ရစန(နိုင်)၁၂၄၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 882469)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
မိုင်းရှူးမြို့၊ ရပ်ကွက်(၂)နေ မနှင်းနွယ်ထွန်း ၉/လဝန(နိုင်)၁၆၉၁၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MH 761091)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၆၇၄၂၀၇၇

**ပျောက်ဆုံးကြောင်း**
ဝါးခယ်မမြို့နယ်၊ ငှက်ကျကျေးရွာအုပ်စုနေ အောင်ထက်ထက်(ဘ)ဦးတင်ဝင်း ၁၄/ဝခမ(နိုင်)၁၅၃၆၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ယမင်းသူ(ဘ)ဦးမောင်လင်း ၉/မဟခ(နိုင်)၀၀၂၆၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**
ကျော်ဝင်း(ဘ)မောင်အေးတင် ၁၁/စတန(နိုင်)၀၉၃၄၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၂၉၁၂၅၆

**ပျောက်ဆုံးကြောင်း**
စိုင်းကိုကို(ဘ)ဦးစိုင်းလုံ ၁၃/ဟပန(နိုင်)၀၉၁၆၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၀၇၁၁၅၂၈

## Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | အရေအတွက် | Lot အမှတ် |
|---|---|---|---|
| (က) | ဆူးလေဆိပ်ကမ်းတံတားဝင်းအတွင်းရှိ ဆိပ်ခံတံတားအမှတ်(၂၃)၏ ဘေးကာခံတုံး(Concrete Coping) များ ပြုပြင်ခြင်းနှင့် ဆိပ်ခံတံတား၏ Apron များအား ကတ္တရာကွန်ကရစ်(AC)ဖြင့် ပြုပြင်ခြင်းလုပ်ငန်း၊ | ၁ | Lot (1) |
| (ခ) | ဆိပ်ကြီးမြစ်ကြောင်းထိန်းတံတိုင်း၏ ပျက်စီးနေသောသံကူကွန်ကရစ် မြစ်ကြောင်းထိန်း နံရံအလျား ၂၀၀' အား ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း | ၁ | Lot (2) |
| (ဂ) | ရန်ကုန်ဆိပ်ကမ်းနယ်မြေရှိ ၁၂၀'x ၂၀'x ၆'.၆" အရွယ် ဆိပ်ခံဖောင်(၁)လုံးအား အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း။ | ၁ | Lot (3) |
| (ဃ) | ပန်းဆိုးတန်းဆိပ်ကမ်းနယ်မြေနှင့် ဗိုလ်တထောင်ဆိပ်ကမ်းနယ်မြေတို့ရှိ သံစည်ဖွဲ့ဆိပ်ခံဖောတံတားများတွင် တပ်ဆင်အသုံးပြုလျက်ရှိသည့် ၄၀'x ၁၀'x ၅' အရွယ်သံစည်ဖောများအနက် သံစည်ဖော(၅)လုံးအား အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း။ | ၁ | Lot (4) |
| (င) | မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရုံးချုပ်၊ ဒုတိယထပ်ရှိ အခန်းအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သမိုင်းမှတ်တမ်း၊ ပြခန်းအဖြစ်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း။ | ၁ | Lot (5) |
| (စ) | နန်းသီတာဆိပ်ခံတံတားနှင့် ကျန်းမာရေးအမှတ်(၂)၊ ဆိပ်ခံတံတားအကြား ကမ်းပါးထိန်းနံရံ အလျား ၂၀၀' တည်ဆောက်ခြင်းလုပ်ငန်း။ | ၁ | Lot (6) |
| (ဆ) | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းဆိပ်ကမ်းတော်ဝင်သံကူကွန်ကရစ်ဆိပ်ခံတံတား၏ တောင်ဘက်ကပ်လျက်မြေနေရာတွင် အပြည်ပြည်ဆိုင်ရာကမ်းရိုးတန်းဆိပ်ကမ်းသစ်တစ်ခုတည်ဆောက်ခြင်းလုပ်ငန်း။<br>(က) သံကူကွန်ကရစ်ဆိပ်ခံတံတားတစ်စင်းတည်ဆောက်ခြင်း။ | ၁ | Lot (7) |

၃။ အမှတ်စဉ်-၂(က)မှ (စ)အထိတင်ဒါပုံစံ ဝယ်ယူနိုင်သည့်နေ့ရက်နှင့်အချိန် - ၄-၅-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့အထိ(ရုံးချိန်အတွင်း)
အမှတ်စဉ်-၂(ဆ)တင်ဒါပုံစံ ဝယ်ယူနိုင်သည့်နေ့ရက်နှင့်အချိန် - ၄-၅-၂၀၂၆ ရက်နေ့မှ ၂၉-၅-၂၀၂၆ ရက်နေ့အထိ(ရုံးချိန်အတွင်း)

၄။ အမှတ်စဉ်-၂(က)မှ (စ)အထိ တင်ဒါဖွင့်မည့်နေ့ရက်နှင့်အချိန် - ၂၁-၅-၂၀၂၆ (ကြာသပတေးနေ့)၊ ၁၃:၀၀ နာရီ
အမှတ်စဉ်-၂(ဆ)တင်ဒါဖွင့်မည့် နေ့ရက်နှင့်အချိန် - ၄-၆-၂၀၂၆ (ကြာသပတေးနေ့)၊ ၁၃:၀၀ နာရီ

၅။ တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်-၁၀၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးချုပ်၊ တတိယထပ်၊ မြို့ပြအင်ဂျင်နီယာဌာန

၆။ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း၊ ၀၉-၄၃၁၂၇၄၆၈၊ ၀၉-၅၁၈၃၀၈၅၊ ၀၉-၄၃၀၄၉၃၁၇၊ ၀၉-၂၅၇၄၀၆၀၇၁ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

**ပျောက်ဆုံးကြောင်း**

အေးငြိမ်းစု(ဘ)ဦးဝင်းမြင့် ၉/ခမစ(နိုင်)၀၇၄၃၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 688240)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

---

**ပျောက်ဆုံးကြောင်း**

အိမွန်စိုး(ဘ)ဦးစိုးသိန်း ၇/ဒဥန(နိုင်)၂၁၀၈၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 367770)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

---

**ပျောက်ဆုံးကြောင်း**

နှင်းသဉ္ဇာလှိုင်(ဘ)ဦးကျော်နိုင်ဦး ၁၄/အမန(နိုင်)၂၃၀၁၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

---

**ပျောက်ဆုံးကြောင်း**

နှင်းယုခိုင်(ဘ)ဦးဝင်းဗိုလ် ၁၂/ခရန(နိုင်)၁၅၈၁၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

---

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာနအတွက် ၂၀၂၆-၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၂)ခု၊ အဆောက်အဦပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း(၂)ခု၊ QA/QC၊ ပရိဘောဂ(၃)မျိုး၊ ရုံးသုံးပစ္စည်း(၃)မျိုးနှင့် လုပ်ငန်းသုံးစက်ပစ္စည်း(၂၁)မျိုးတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) လျှောက်လွှာပုံစံများရောင်းချမည့်ရက် - ၂၇-၄-၂၀၂၆ မှ ၈-၅-၂၀၂၆ ထိ
(ခ) လျှောက်လွှာပုံစံများတင်သွင်းရမည့်ရက် - ၁-၅-၂၀၂၆ မှ ၁၁-၅-၂၀၂၆ ထိ
(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ - သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန၊ အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်း၊ ရန်ကုန်မြို့

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ဖုန်း(၀၉-၈၈၄၂၃၅၉၃၁၊ ၀၉-၅၁၉၁၄၈၉)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန**

---

**မတည်ရင်းနှီးငွေလျှော့ချခြင်း**

ATAS Company Limited မှ မတည်ရင်းနှီးငွေ ကျပ်(၂၀၀,၀၀၀,၀၀၀)မှ အစုရှယ်ယာ တစ်စုလျှင် နှစ်သောင်းကျပ်ဖြင့် စုစုပေါင်းအစုရှယ်ယာ(၁၀၀၀)ဖြင့် မတည်ရင်းနှီးငွေ ကျပ်သိန်း(၂၀,၀၀၀,၀၀၀)သို့ လျှော့ချမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ATAS Company Limited**

---

## Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | အရေအတွက် | Lot အမှတ် |
|---|---|---|---|
| (က) | ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ဆိပ်ကမ်း၊ ပိုလန်ဖောတံတားရှိ ၁၂၀'x ၂၀' အရွယ် ဆိပ်ခံဖောအားပြုပြင်ခြင်းလုပ်ငန်း | ၁ | Lot (8) |
| (ခ) | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ဆိပ်ကမ်း၊ ဆိပ်ငယ်(အောက်)ဆိပ်ခံဖောတံတားတွင် လက်ရှိတပ်ဆင်ထားသော ၁၂၀'x ၂၀' အရွယ် သံမဏိဆိပ်ခံဖောအမှတ်(၄)အား အကြီးစားပြုပြင်ခြင်းလုပ်ငန်း။ | ၁ | Lot (9) |

၃။ တင်ဒါပုံစံဝယ်ယူနိုင်သည့် နေ့ရက်နှင့်အချိန် - ၄-၅-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့အထိ (ရုံးချိန်အတွင်း)

၄။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၂၁-၅-၂၀၂၆ (ကြာသပတေးနေ့)၊ ၁၃:၀၀ နာရီ

၅။ အမှတ်စဉ်-၂(က)တင်ဒါပုံစံ ရောင်းချမည့်နေရာ - ပုသိမ်ဆိပ်ကမ်းရုံး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပုသိမ်မြို့
အမှတ်စဉ်-၂(ခ)တင်ဒါပုံစံ ရောင်းချမည့်နေရာ - မြိတ်ဆိပ်ကမ်းရုံး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြိတ်မြို့

၆။ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက ပုသိမ်ဆိပ်ကမ်းရုံးအတွက် ဖုန်း၊ ၀၉-၂၅၄၄၃၄၂၀၀၊ ၀၉-၂၅၂၀၄၅၅၂၅ သို့လည်းကောင်း၊ မြိတ်ဆိပ်ကမ်းရုံးအတွက် ဖုန်း၊ ၀၉-၂၅၄၀၁၇၄၂၁၊ ၀၉-၄၂၁၉၆၅၈၄၇ သို့လည်းကောင်း ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

**မြဝတီ ထရားဗဲ(လ်စ်)အင်(န်)တိုး(စ်)ကုမ္ပဏီလီမိတက်**
**(စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**
**[လူမွဲခံယူခြင်းဆိုင်ရာဥပဒေ၏ပုဒ်မ ၂၀၁ နှင့် လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၈၇ အရ]**
**မြီရှင်များအား ကြွေးမြီများ သို့မဟုတ် တောင်းဆိုချက်များနှင့်စပ်လျဉ်း၍ သက်သေခံအထောက်အထားတင်ပြရန် အကြောင်းကြားခြင်း**

မြဝတီထရားဗဲ(လ်စ်)အင်(န်)တိုး(စ်)ကုမ္ပဏီလီမိတက် (စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)(ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၁၀၆၇၉၁၀၆)၏မြီရှင်များသည် ကြွေးမြီများ သို့မဟုတ် တောင်းဆိုချက်များနှင့်စပ်လျဉ်း၍ ခိုင်လုံသော သက်သေခံအထောက်အထားများနှင့်အတူ သတ်မှတ်ပုံစံဖြင့် အခန်းအမှတ်-၂(ဒီ)၊ နှင်းဆီကွန်ဒို၊ အမှတ်-၁၈၂/၁၉၄၊ ပထမထပ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(သို့မဟုတ်) အီးမေးလ်လိပ်စာ-**sawmoekyaw@winthinassociates.com** သို့ **၂၀၂၆ ခုနှစ်၊ မေလ(၁၂)ရက်နေ့** နောက်ဆုံးထား၍ သက်သေခံအထောက်အထားများတင်ပြရန် အကြောင်းကြားပါသည်။ အဆိုပါသတ်မှတ်ထားသော ရက်အတွင်း တင်ပြခြင်းမပြုပါက ကြွေးမြီ သို့မဟုတ် တောင်းဆိုချက်ကိုတင်သွင်းခြင်းမပြုမီကပြုလုပ်ထားသည့် ဝေစုခွဲဝေမှုတို့မှ အကျိုးအမြတ်ကို ခံစားပိုင်ခွင့်နှင့် ထိုခွဲဝေမှုကို ကန့်ကွက်ပိုင်ခွင့်အခွင့်အရေးများကို ရယူခံစားပိုင်ခွင့်ရှိမည်မဟုတ်ကြောင်း အကြောင်းကြားပါသည်။

**ဦးမိုးကျော်(ဘီကွမ်း၊ စီပီအေ၊ အေစီပီအေ၊ အေစီစီအေ၊ ဒီဘီအယ်လ်၊**
**လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ-၁၀၀၂၃၅)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**မြဝတီထရားဗဲ(လ်စ်)အင်(န်)တိုး(စ်)ကုမ္ပဏီလီမိတက်(စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**

---

**ယာဉ်ပျံဘူတာနယ်မြေတွင် Urban Development စီမံကိန်းဆောင်ရွက်ရန်အတွက် ရင်းနှီးတည်ဆောက်လုပ်ကိုင်လိုသူများသို့ စိတ်ပါဝင်စားမှုဖော်ပြချက် (Expression of Interest-EOI)အဆိုပြုလွှာများတင်ပြရန် ဖိတ်ခေါ်ခြင်း**

၁။ မြန်မာ့မီးရထားသည် ရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများနှင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ပေါ်ထွန်းလာစေရန်ရည်ရွယ်ချက်ဖြင့် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ ယာဉ်ပျံဘူတာယာဒ်ဝင်းအတွင်းရှိ မြေဧရိယာ ၇.၅၁၄၃ ဧကပေါ်တွင် မြို့ပြဖွံ့ဖြိုးတိုးတက်မှု(Urban Development)စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဒီဇိုင်းရေးဆွဲခြင်း၊ တည်ဆောက်ခြင်း၊ ငွေကြေးရင်းနှီးမြှုပ်နှံခြင်း၊ လုပ်ငန်းလည်ပတ်လုပ်ကိုင်ဆောင်ရွက်ခြင်းတို့အတွက် ပြည်တွင်း/ပြည်ပကုမ္ပဏီအဖွဲ့အစည်းများသို့ BOT စနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ရင်းနှီးတည်ဆောက်လုပ်ကိုင်လိုသည့် ပြည်တွင်း/ပြည်ပကုမ္ပဏီအဖွဲ့အစည်းများအနေဖြင့် စိတ်ပါဝင်စားမှုဖော်ပြချက်(EOI)အဆိုပြုလွှာများ ပေးပို့တင်ပြရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ EOI အဆိုပြုလွှာပုံစံကို မြန်မာ့မီးရထား၊ အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်)ရုံး၊ မန္တလေးဘူတာ၊ (တတိယ)ထပ်တွင် ၂၉-၄-၂၀၂၆ မှ ၁၅-၅-၂၀၂၆ ရက်ထိ ရုံးချိန်အတွင်း အခမဲ့ထုတ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက စီးပွားရေးဌာန၊ မြန်မာ့မီးရထား(ရုံးချုပ်)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၊ ၀၉-၈၉၁၇၅၀၁၃၄ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

---

**ပျောက်ဆုံးကြောင်း**

နန်းဆိုင်ဟန်(ဘ)ဦးဆန်ထွမ်း ၁၃/တယန(နိုင်)၀၃၉၉၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

---

**ပျောက်ဆုံးကြောင်း**

ဇော်မင်းထွန်း(ဘ)ဦးပေါ်ဆန်းဌေး ၉/ကပတ(နိုင်)၂၇၃၄၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၉၁၈၇၀၆၀

---

**ပျောက်ဆုံးကြောင်း**

ဇင်မာထွန်း(ဘ)ဦးထွန်းထွန်းဦး ၁၂/လမန(နိုင်)၁၄၅၉၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 074177)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၀၄၁၀၀၀


ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်
INNWA BANK LIMITED
လူကြီးမင်း၏ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲများတွင်
လွယ်ကူလျင်မြန်စွာဖြင့်
ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း
သတင်းကောင်းပါးအပ်ပါသည်။
INNWA BANK
ATM
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း - ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း - ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း - ၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် ခွင့်ဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ ထုတ်ပြန်ခြင်း

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၈ ရက်

၁။ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် ခွင့်ဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ရောက်ပြီး သက်ဆိုင်ရာနိုင်ငံများရှိ လုပ်ငန်းခွင်များသို့ ပြန်လည်ထွက်ခွာခွင့်ပြုပါရန် တရားဝင်ရုံးပိတ်ရက်မပါ ၅ ရက်ကြိုတင်၍ သတ်မှတ်ပုံစံ၊ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လျှောက်ထားလာမှုများအား စိစစ်ပြီး ပြည်ပထွက်ခွာခွင့်များအား Safe Migration Telegram Channel တွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် အချို့အလုပ်သမားအသစ်များသည် ဝန်ကြီးဌာနမှ သတ်မှတ်ထားသော စနစ်တကျ စုဆောင်းခြင်း၊ ပြည်ပသို့မထွက်ခွာမီ သင်တန်းတက်ရောက်ခြင်းနှင့် ဆေးစစ်ခံခြင်းလုပ်ငန်းစဉ်များကို ကျော်လွှားနိုင်ရန်အတွက် “ခွင့်ပြန်အလုပ်သမား” အဖြစ်အသွင်ဆောင်ကာ ခွင့်စာအတုများပြုလုပ်၍ ခွင့်ပြန်အလုပ်သမားများအတွက် သတ်မှတ်ထားသောလမ်းကြောင်းကို အလွဲသုံးစားပြု၍ တရားမဝင်ထွက်ခွာရန် ကြိုးစားခြင်းများ တွေ့ရှိရသဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် လုံခြုံစိတ်ချရသောရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေးနှင့် လူကုန်ကူးခံရမှုအပါအဝင် မလိုလားအပ်သည့် အန္တရာယ်များမဖြစ်ပွားစေရေး စနစ်တကျစိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ထိုသို့စိစစ်ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများမရှိစေရေးအတွက် **၂၀၂၆ ခုနှစ်၊ မေလ ၁ ရက်နေ့မှစတင်၍** ပြည်ပနိုင်ငံများမှ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ဝင်ရောက်မည့် အလုပ်သမားများအနေဖြင့် မြန်မာနိုင်ငံသို့ မလာရောက်မီ အလုပ်ရှင်၏ ခွင့်စာ (Letter of Permission for Leave)အောက်ပါအတိုင်း ဆောင်ရွက်သွားရန် အသိပေးကြေညာအပ်ပါသည် -

(က) သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်၍ ခွင့်စာပြသပြီး ထောက်ခံစာယူဆောင်ရန်၊

(ခ) မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ထားခြင်းမရှိသည့် နိုင်ငံများအနေဖြင့် အနီးဆုံးနိုင်ငံ သို့မဟုတ် အနီးဆုံးမြို့ရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်၍ ခွင့်စာပြသပြီး ထောက်ခံစာယူဆောင်ရန်။

၄။ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ထွက်ခွာမည့် အလုပ်သမားများအနေဖြင့် Work Permit ၊ ဗီဇာနှင့် ခွင့်စာပါလုပ်ငန်းခွင်နှင့် OWIC ကတ်တွင်ပါရှိသည့်လုပ်ငန်းခွင် မတူညီပါက မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် OWIC ကတ်အား အသစ်ပြန်လည်လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်ပနိုင်ငံများမှ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ထွက်ခွာမည့် အလုပ်သမားများအနေဖြင့် သက်ဆိုင်ရာအလုပ်ရှင်များထံမှ ခွင့်စာရယူပြီး အပိုဒ် ၃ ပါအတိုင်းဆောင်ရွက်၍ သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၏ ထောက်ခံစာနှင့်အတူ ပြည်ပထွက်ခွာခွင့် တင်ပြနိုင်ရေးနှင့်ခွင့်စာအား လိမ်လည်တင်ပြလာပါက ကာလသတ်မှတ်ချက်တစ်ခုဖြင့် ပြည်ပထွက်ခွာခွင့်ပိတ်ပင်ခြင်းနှင့် အမည်မည်းစာရင်း ရေးသွင်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၄ ဦး မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် ဧပြီ ၂၈

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား လေးဦး၊ အင်ဒိုနီးရှားနိုင်ငံသား လေးဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား သုံးဦး၊ ဘူရွန်ဒီနိုင်ငံသား တစ်ဦး၊ ရဝမ်ဒါနိုင်ငံသား တစ်ဦးနှင့် လာအိုနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၄ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း

**စာမျက်နှာ ၁၅ ကော်လံ ၃ ➲**



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

**မြန်မာအမျိုးသမီး ဘောလုံးအကယ်ဒမီအတွက် အပြီးသတ်လူရွေးချယ်ပွဲ ကျင်းပမည်** စာ - ၂၅ သို့

**၂၀၂၆ ခုနှစ် မိုးရာသီကာလအတွက် ယေဘုယျခန့်မှန်းချက်နှင့် မိုးဦးကာလအတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်** စာ - ၂၆ သို့

**တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်** စာ - ၂၇ သို့

